မာကု ၁၆း၁၅

“ သင်တို့သည် လောကီနိုင်ငံအရပ်ရပ် ရှိသမျှသို့သွား၍
ဝေနေယျသတ္တဝါအပေါင်းတို့အား
ဧဝံဂေလိတရားကို ဟောကြလော့။ ”

{0a*vowi;aumi;Eipyqion
tqtrersm;Eijzp&yrersm;

(၁) ဟင်နရီ(အမ်) စတန်လေဆိုသူသည် လစ်ဗင်းစတုန်းနှင့်အတူတကွ အာဖရိက တိုက်တွင် အချိန်အတော်ကြာ နေထိုင်ခဲ့ပါသည်။ သူ၏သက်သေခံချက်မှာ အောက် ပါအတိုင်းဖြစ်ပါသည်။

ကျွန်ုပ်ဟာ အာဖရိကတိုက်သို့ လန်ဒန်မှအင်မတန်အစွဲအလမ်းကြီးတဲ့ဘုရား မဲ့ဝါဒီတဦးအနေနဲ့ ရောက်ရှိလာခဲ့ပါတယ်။ နှစ်ပေါင်းများစွာကတည်းက ကျွန်ုပ်ဟာ ဘုရားမဲ့ဝါဒီတစ်ဦး အနေဖြင့်သာ တွေးခေါ်စဉ်းစားသူတစ်ဦးဖြစ်ပါတယ်။ အာဖရိက တိုက်မှာတစ်ဦး တည်းနေထိုင်နေသော အဖိုးကြီးတစ်ဦး (လစ်ဗင်းစတုန်း)နဲ့တွေ့တဲ့ အခါ ကိုယ့်ကို ကိုယ်ပြန်မေးခွန်းထုတ်မိတယ်။ “ ကျယ်ပြောလှတဲ့ဒီကမ္ဘာ ကြီးပေါ် မှာ ဒီလိုနေရာမျိုးမှာမှ လာနေတဲ့ဒီအဖိုးကြီးဟာ စိတ်မှန့်သေးရဲ့လား။ ”

သူ့ကိုဘယ်အရာက လွှမ်းမိုးချုပ်ကိုင်ထားတာလဲ? လအနည်းငယ်ကြာလာတဲ့ အခါ သူဟာ သမ္မာကျမ်းစာကပြောထားတဲ့ အရာခပ်သိမ်းကိုစွန့်လွှတ်၍ ငါ့နောက် သို့လိုက် ဆိုတဲ့စကားအတိုင်း လိုက်လျှောက်နေထိုင်သူတစ်ဦး ဖြစ်ကြောင်းသိရှိလာ ရပြီး အတော်အံ့ဩမိပါတယ်။ တဖြည်းဖြည်းနဲ့သူ့ရဲ့ သူတပါးအပေါ် စာနာသနား တတ်မှုဟာ ကျွန်ုပ်ကိုကူးစက်လာပြီး ကျွန်ုပ်စိတ်ထဲမှာလည်း သူတပါးအပေါ် စာနာ သနား တတ်လာပါတယ်။ သူ့ရဲ့ဘာသာတရားကိုင်းရှိုင်းမှု၊ နူးညံ့သိမ်မွေ့မှု၊ စိတ်အား ထက်သန်မှု၊ လုပ်ငန်းဆောင်ရွက်မှုတွေကိုကြည့်ပြီး ကျွန်ုပ်လည်းစိတ်လှုပ်ရှားထကြွ လာပါတယ်။ သူဟာကျွန်ုပ်ရဲ့အသက်တာ ပြောင်းလဲဖို့ မကြိုးစားခဲ့ပေမဲ့ သူ့အား ဖြင့် ကျွန်ုပ်အသက်တာပြောင်းလဲသွားပြီး ယေရှုခရစ်တော်ကို ယုံကြည်သူတစ်ဦးဖြစ် လာခဲ့ပါတယ်။

(၂) ဧဝံဂေလိလုပ်ငန်းဆိုသည်မှာ အထူးအချိန်အခါ၌ အထူးပုဂ္ဂိုလ်များ၏ အထူး သီးသန့် လုပ်ဆောင်နေရမည့် ပုံမှန်လုပ်ဆောင်မှုတစ်ရပ် မဟုတ်ပါ။ အချိန်တိုင်း၌ ခရစ်ယာန် အားလုံး အထူးသီးသန့်လုပ်ဆောင်နေရမည့် ပုံမှန်လုပ်ဆောင်မှုတစ်ရပ် သာဖြစ်ရမည်။

(၃) ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဆိုသည်မှာ ဘုရားရှစ်ခိုးကျောင်း၌ ကျွန်ုပ် တို့ သွား၍ နားထောင်ရမည့်အရာမဟုတ်ပါ။ ဘုရားရှစ်ခိုးကျောင်းထဲမှ ကျွန်ုပ်တို့ ထွက်လာ ပြီးဝေငှပြောကြားရမည့်အရာဖြစ်ပါသည်။

(၄) လူတစ်ဦးအား ယေရှုခရစ်သည် အရှင်သခင်ဖြစ်ကြောင်း မိတ်ဆက်ပေးခြင်း မရှိဘဲလုပ်ဆောင်သည့် ကောင်းသောအရာမှန်သမျှကိုကောင်းသည်ဟု ပြော၍မရပါ။

(၅) ယေရှုခရစ်နှင့်အတူတကွ ရေ့တန်းစစ်မြေပြင်မှာ ရှိနေခြင်းသည် ယေရှုခရစ်မပါဘဲ ဧည့်ခန်းထဲမှာ ထိုင်နေခြင်းထက် သာ၍လုံခြုံမှုရှိသည်။

(၆) သင့်အား သခင်ယေရှုအကြောင်းစဉ်းစားလာအောင် လုပ်ဆောင်သောသူသည် စစ်မှန်သောခရစ်ယာန်တစ်ဦးဖြစ်သည်။

(၇) ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း (Gospel) ဟူသောစကားစု၌ အင်အားအကြီးဆုံးစကားလုံးမှာ "သွားပါ" (Go) ဟူသောစကားလုံးဖြစ်သည်။

(၈) ဂျော့(ချ်)စမစ်ဆိုသူ မိုရေဗီးယန်းသာသနာပြုတဦးသည် အာဖရိကသို့ လာရောက်သာသနာပြုခဲ့ပါသည်။ သူသည် ထိုနေရာ၌ခဏသာနေထိုင်ခဲ့ရပြီး သူ့အားဖြင့် ဆင်းရဲသားအမျိုးသမီး တစ်ဦးသာ ပြောင်းလဲခဲ့ပါသည်။ ထို့နောက် ထိုတိုင်းပြည်မှ သူနှင်ထုတ်ခံရပါသည်။ သူသည် ထိုနေရာ၌ပင် အာဖရိကအတွက် ဒူးထောက်ဆုတောင်းယင်း အသက်ဆုံးသွားခဲ့ပါသည်။ သို့သော်လူတစ်စုသည် မမျှော်လင့်ဘဲ သူဆုတောင်းလျက် သေဆုံးသွားသောနေရာ၌ သူ၏ကျမ်းစာအုပ်ကိုတွေ့ရှိခဲ့ရပြီး သူ့အားဖြင့်ပြောင်းလဲခဲ့သော အမျိုးသမီးကိုပါ တွေ့ဆုံခဲ့ကြသည်။ နှစ်ပေါင်းတစ်ရာကြာသောအခါ သူ၏သာသနာပြုလုပ်ငန်းမှ စီးထွက်လာသော သာသနာပြုခြင်းမှလူပေါင်း ၁၃၀၀၀ ကျော်အသက်တာပြောင်းလဲခဲ့ကြပါသည်။

(၉) ဂျပန်အမျိုးသမီးတဦးသည် သာသနာပြုကျောင်းမှ ကျောင်းအုပ်ဆရာမကြီးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ " ဒီကျောင်းမှာ လှပချောမောတဲ့ အမျိုးသမီးလေးများ ကိုသာလက်ခံပါသလား?" မဟုတ်ပါဘူး။"ကျွန်မတို့ကျောင်းက အမျိုးသမီးလေးများ အားလုံးကိုလက်ခံပါတယ်။ ချောမှရယ်လို့မဟုတ်ပါဘူး။ ဘာကြောင့်လဲရှင့်?" ကျောင်းအုပ်ဆရာမကြီးမှ ပြန်လည်မေးခဲ့ရာ ကျွန်မသတိထားမိတာက ဒီကျောင်းမှာရှိတဲ့ ကျောင်းသူလေးတွေ အားလုံးချောမောလှပကြလို့ပါ။ ကျောင်းအုပ် ဆရာမကြီးမှပြန်လည်ဖြေကြားခဲ့သည်မှာ "ဟုတ်ပါတယ်။ ကျွန်မတို့ကသူတို့ကို ကယ်တင်ရှင်ယေရှု

ခရစ်တော်ကို ချစ်ဖို့သွန်သင်ပေးပါတယ်။ ယေရှုကိုသူတို့ချစ်ကြပြီး ယေရှုကလည်း သူတို့ကို သန့်ရှင်းတဲ့လုပမှုကို ပြန်ပေးခဲ့လို့ သူတို့ကြည့်လို့ ကောင်းနေကြတာပါ။ ” ဂျပန်အမျိုးသမီးက ပြန်ပြောသည်မှာ – “ ကျွန်မဟာဘာသာခြား တစ်ဦးဖြစ်ပြီး ကျွန်မသမီးကို ခရစ်ယာန်တစ်ဦး မဖြစ်စေချင်ပါဘူး အခုတော့သူ့ရဲ့မျက်နှာလေးမှာ ဒီလိုလုပမှုမျိုးကို မြင်ချင်လို့ ရှင်တို့ကျောင်းမှာ ကျွန်မသမီးလေးကို တက်ခွင့်ပြုဖို့ ကျွန်မတောင်းဆိုချင်ပါတယ် ”

(၁၀) မက်သယူးကာဆန်ဆိုသူ အမေရိကန်တပ်မတော်အရာရှိကြီး တစ်ဦးသည် သူ၏ရာထူးမှ နှုတ်ထွက်ကာ သာသနာပြုဆရာတစ်ဦး ဖြစ်လာခဲ့ပါသည်။ ရှန်ဟိုင်းမြို့တွင်ဖြစ်ပွားခဲ့သော ထိုင်ဝမ်အဓိကရုဏ်း၌ ရဲဝံ့စွာအမှုထမ်းခဲ့သူတစ်ဦးလည်း ဖြစ်ပါသည်။ အခြားသာသနာပြုတစ်ဦးက သူ့အားပြောလာသည်မှာ “ ကာဆန် ခင်ဗျားသာ အခုအမေရိကန်တပ်ထဲမှာ ဆက်ရှိနေမယ်ဆိုရင် ဗိုလ်မှူးချုပ်တစ်ဦး ဖြစ်နေလောက်ပြီ။ ” ကာဆန်ပြန်ပြောသည်မှာ – “ဟုတ်တာပေါ့။ ဝက်(စ်)ပွိုင့်မှာ ငါသင်ကြား ပေးခဲ့တဲ့ငါ့တပည့်တွေတောင် အခုဗိုလ်မှူးချုပ်တွေဖြစ်နေပြီ ” ထပ်မံ၍သူက လေးနက်စွာပြောသည်မှာ “ ဒါပေမဲ့သူတို့နဲ့ငါ နေရာချင်းမလဲနိုင်ဘူး ” ဧဝံဂေလိသတင်း စကားဟောကြားဖို့ ခန့်ထားခြင်းခံရသူတစ်ဦးရဲ့ ရာထူးနဲ့တူညီတဲ့ရာထူး ဒီရာထူးကို လွှမ်းမိုးနိုင်တဲ့အရာမျိုး ဒီကမ္ဘာလောကကြီးမှာ ရှိမှာမဟုတ်ဘူး ” လောကီနှင့်ဆိုင်သော ဂုဏ်ထူးများကို မတပ်မက်သော မက်သယူးကာဆန်သည် အကောင်းဆုံးနေရာကို ရွေးချယ်နိုင်ခဲ့ပါသည်။

(၁၁) လောက်ဖုဆိုသူသည် တရုတ်ခရစ်ယာန်တဦးဖြစ်ပြီး တောင်အာဖရိကတိုက်ရှိ ဒီမီရာရာ သတ္တုတွင်း၌ ပင်ပန်းစွာ အလုပ်လုပ်ကိုင်နေကြသည့် သူ၏လူမျိုးများအား ကြင်နာသနားစိတ်ဖြင့် ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဖြစ်သော ခရစ်တော်၏ အကြောင်းကို ဝေငှဟောကြားရန် သူ့ကိုယ်သူကုန်ထမ်းကူလီ(အစေခံကျွန်)တစ်ဦး အဖြစ် (၅)နှစ်သဘောတူစာချုပ်ဖြင့် ထိုသတ္တုတွင်းသို့ရောက်ရှိလာခဲ့ပါသည်။ သူသည် အလွန်ပင်ပန်းစွာ အလုပ်လုပ်ရသည့် ကြားကပင်ဘဝတူအလုပ်သမားများအားသခင်ယေရှုအကြောင်းကို သက်သေခံခဲ့သည်မှာ အကွေးဆပ်နေသကဲ့သို့ဖြစ် ပြီး ရှင်ပေါလုက သြနေသိမ်အတွက် “သူသည် သင်၌ပြစ်မှားခြင်း၊ ကြွေးတင်ခြင်း၊ တစ်စုံတစ်ခုရှိလျှင် ငါ့အတွက်သာမှတ်လော့” ဟူ၍ပြောခဲ့သည့်အတိုင်းပင် ဖြစ်နေပါသည်။

သူအားဖြင့်အလုပ်သမား ၂၀၀ နီးပါးခန့်ပြောင်းလဲပြီး၊ ခရစ်တော်၏ တပည့်တော်များအဖြစ် အသင်းတော်နှင့် ဆက်သွယ်ခဲ့ကြပါသည်။ ထို့နောက်သူသေဆုံးသွားခဲ့ပါသည်။ လွန်ခဲ့သည့် ရာစုနှစ်များစွာက မိမိ၏ဂုဏ်သိက္ခာကိုစွန့်ကာ အစေခံကျွန်တစ်ဦး၏ သဏ္ဍာန်ကိုဆောင်ခဲ့သည့်ဝမ်းနည်းဖွယ်ရာ လူသားတစ်ဦးနှင့်တူညီသည့် လူများထွက်ပေါ်လာခဲ့ခြင်းများလား။

(၁၂) တစ်ချိန်က ချား(လ်)စပါဂျင်သည် လန်ဒန်မြို့ရှိ စိုက်ပျိုးရေးဆိုင်ရာခန်းမတစ်ခု၌ မိမိအသံကို စမ်းသပ်ခဲ့သည်။ သူသည် မည်သူမျှမရှိသော ခန်းမထဲတွင် “ ကြည့်ပါ။ ဤလောက၏အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏ သိုးသူငယ်ကိုကြည့်လော့ ”ဟုကြီးစွာသောအသံနှင့်ကြွေးကြော်ခဲ့သည်။ ထိုအသံကို ခန်းမကြီး၏အထပ်ခိုးပေါ်၌ အလုပ်လုပ်လျက်ရှိသော အလုပ်သမားတစ်ဦး ကြားသွားပြီး မိမိ၏အပြစ်မှလွတ်သွားပြီဟူသောစီရင်ချက်ကို ကြားရသကဲ့သို့ဖြစ်ကာ မိမိအိမ်သို့ပြန်ရောက်သောအခါ သခင်ဘုရားရှေ့၌ ဒူးထောက်ဆုတောင်း၍ကယ်တင်ခြင်းသို့ ရောက်သွားလေသည်။

(၁၃) ချား(လ်)စပါဂျင်မသေဆုံးမီ နှစ်အနည်းငယ်ခန့်က အမေရိကန်သင်ခန်းစာပို့ချရေးဗျူရိုက အမေရိကန်ရှိမြို့ကြီးများတွင် သင်ခန်းစာ(၅၀)ကို လာရောက်ပို့ချရန် ငှါးရမ်းခဲ့သည်။ ထိုဗျူရိုက ချား(လ်)စပါဂျင်၏ ကုန်ကျစရိတ်များ၊ သူ၏ဇနီး၊ သူ့အတွင်းရေးမှူး၏စရိတ်စက၊ ထို့ပြင် သင်ခန်းစာတစ်ခုအတွက် တစ်ညလျှင်ဒေါ်လာတစ်ထောင် ရက်ငါး ဆယ်အတွက် ဒေါ်လာငါးသောင်းကို ပေးမည်ဟု ကမ်းလှမ်းခဲ့သည်။ သို့သော် စပါဂျင် သည် ဒေါ်လာငါးသောင်းကို ချက်ခြင်းငြင်းပယ်ခဲ့ပြီးပြောခဲ့သည်မှ “လန်ဒန်မှာနေပြီးဝိညာဉ် (၅၀)ကို ကယ်တင်ခြင်းရဘို့ကြိုးစားတာက ဒီထက်ပိုပြီးတန်ဘိုးရှိပါတယ်။”

(၁၄) အယ်(လ်)ဂျီးရီးယားနိုင်ငံရှိ အသင်းတော်တပါးတွင် (ဒီဗါးရပ်စပရက် ၁၆၄၁) ဟုစာတန်းရေးထိုးထားသည့် ကျောက်ပြားတစ်ချပ်ရှိပါသည်။ ထိုနေရာသို့ရောက်ရှိလာသည့် ခရီးသွားအချို့က ထိုစာတန်းအကြောင်းကို မေးမြန်းစုံစမ်းရာမှ သိရှိရသည်မှာ ဒီဗါးရပ်စပရက်ဆိုသူအင်္ဂလိပ်လူမျိုးတဦးသည် အခြားသောသူတစ်ရာ့နှစ်ဆယ်နှင့်အတူ ၁၆၄၁ခုနှစ်၌ အယ်(လ်)ဂျီးရီးယားပင်လယ်ဓါးပြများ၏ဖမ်းဆီးချုပ်

နှောင်ခြင်းခံခဲ့ရပါသည်။ သူသည်အခြားကျွန်များနှင့် အတူတကွ အယ်(လ်)ဂျီးရီးယား ဓါးပြများ၏ စောင့်ကြပ်မှုအောက်တွင် အလုပ်လုပ်ရပါသည်။ သူ၏မိတ်ဆွေအပေါင်း အသင်းများနှင့်လည်း ဆက်သွယ်၍မရတော့ပါ။ သူသည် ဘုရားသခင်ထံမှမေတ္တာ အကြင်နာတရားနှင့် ခွန်အားပေးမှုကိုသာ မျှော်ကြည့်ရပြီး ဘုရားသခင်၏ကျေးဇူး တော်သည် အစဉ်အမြဲလုံလောက်မှု ရှိကြောင်း သက်သေထူခဲ့ပါသည်။

သူနှင့်အတူတကွ ချုပ်နှောင်ဖမ်းဆီးခံရသူများ၏ မျှော်လင့်ခြင်းကင်းမဲ့နေမှု ကိုတွေ့ ရှိလာသောအခါ သူသည် ယုံကြည်ချက်၊ မြော်လင့်ချက်များဖြင့် ပြည့်ဝနေ သောသမ္မာတရားကို မေတ္တာဖြင့် စတင်ဝေငှအားပေးပါသည်။ မကြာမီမှာပင် သူ၏ သစ္စာနှင့် ပြည့်ဝသော သက်သေခံချက်များအားဖြင့် ဆုတောင်းဝတ်ပြုကိုးကွယ် သော ခရစ်ယာန်အစုအဖွဲ့ကလေး ဖြစ်လာပါသည်။ နှစ်များစွာကြာလာခဲ့ပြီး နောက် အင်္ဂလန်မှသူ၏ ညီအစ်ကိုများကသူ့အား ပင်လယ်ဓါးပြများထံမှငွေကြေး ပေးကာ ပြန်လည်ရွေးနုတ်ကယ်တင်ပါသည်။ ဤသို့ဖြင့် သူ့အား စောင့်ကြပ်နေသူ များထံသို့ သူ့အားလွှတ်ပေးလိုက်ရန် အမိန့်စာရောက်ရှိလာပါသည်။ သူနှင့်အတူ တကွ ရှိနေသူများသည် သူ့အတွက် မျက်ရည်ကျသည်အထိ ဝမ်းမြောက်ရသလို သူတို့ခေါင်းဆောင်၊ သူတို့အား ခွဲခွါသွားတော့မည့်အတွက် ဝမ်းနည်းကြပါသည်။ သို့သော် ဒီဗါးရပ်စပရက်သည် ထိုရွေးနုတ်ကယ်တင် ခြင်းကိုလက်မခံခဲ့ပါ။ သူ သည် ထိုကျွန်များနှင့်အတူတ ကွသေသည့်တိုင် နေထိုင်သွားခဲ့ပြီး သူ့အားဖြင့် ခရစ်တော် ယေရှုအား ရရှိသွားသောသူများအားဆက်လက်၍ ပြုစုသွားခဲ့ပါသည်။

(၁၅) ဥပုတ်စာဖြေကျောင်းဆရာမစ္စတာကင်းဘဲ(လ်)သည် ၁၈၅၈ခုနှစ်၌ ဖိနပ်ချုပ် အလုပ်သမား ဒီအယ်(လ်)မူးဒီဆိုသူအား ယေရှုခရစ်တော်ကို မိမိအရှင်သခင်အဖြစ် အသက်တာ ဆက်ကပ်အပ်နှံ စေခဲ့ပါသည်။ ဒီအယ်(လ်)မူးဒီသည် ဧဝံဂေလိဆရာ တစ်ဦးဖြစ်လာခဲ့ပြီး ၁၈၇၉ ခုနှစ်၌ အင်္ဂလန်ပြည်တွင် နိုးထမှုဖြစ်စေခဲ့ပါသည်။ ဒီ အယ်(လ်)မူးဒီ၏ ဧဝံဂေလိတရားဝေငှရာ၌ ဖွဲ့၊ လုံ့လ၊ ဝီရိယ ကြီးမှုသည် အသင်း တော်ငယ်တစ်ပါး၏ သင်းအုပ်ဆရာဖရစ်ဒရစ်မေယာ ဆိုသူ၏နှလုံးသားကိုထိတွေ့ခဲ့ပါ သည်။ တဖန်အမေရိကန်ကောလိပ်ကျောင်းသင်တန်းတစ်ခု၌ ဖရက်ဒရစ်မေယာ၏ ဟောပြောမှုကြောင့် ဂျေဝ(လ်)ကာချက်မင်း ဆိုသော ကျောင်းသားတစ်ဦး ခရစ် တော်ကို လက်ခံခဲ့ပါသည်။ ချက်မင်း၏ ဝိုင်အမ်စီအေလုပ်ငန်းဆောင်ရွက်မှုများက ဘီလီဆန်းဒေးဆိုသောဘော့(စ်)ဘောကစားသမားဟောင်း တစ်ဦးအား ဧဝံဂေလိလုပ်

ငန်းဆောင်ရွက်သူ တစ်ဦး ဖြစ်စေခဲ့ပါသည်။ ထိုဘီလီဆန်းဒေးသည် ကယ်ရိုလိုင်းနားမြောက်ပိုင်းရှိ ချာ(လ်)လော့တီမြို့၌ နိုးထမှု စည်းဝေးတစ်ရပ်ကျင်းပခဲ့ပါသည်။ ထိုစည်းဝေးကြီးကထိုဒေသ၌ လူငယ်တစုအား အလွန်တရာ စိတ်အားထက်သန်တက်ကြွစေပြီး အခြားဟောပြောပွဲကြီးတစ်ခု စီစဉ်ကာမော်ဒီကိုင်းဟမ်းဆိုသူအား သူတို့မြို့၌ လာရောက်ဟောပြောခဲ့ပါသည်။ ထိုဟောပြောပွဲ၌ ဘီလီဂရေဟမ် ဆိုသောလူငယ်တစ်ဦးသည် ဧဝံဂေလိသတင်းစကားကို ကြားပြီးနောက် သူ၏အသက်တာအား ယေရှုခရစ်တော်ထံဆက်ကပ်အပ်နှံခဲ့ပါသည်။ တဖန်ဘီလီဂရေဟမ်မှတဆင့်-------ဤသို့ဖြင့် ဤဖြစ်စဉ်သည်တစ်ဦးမှ တစ်ဦးထံသို့အစဉ်အတိုင်း ဆက်လက်ရွေ့လျားနေပါတော့သည်။

(၁၆) တိုင်တန်းနစ် သင်္ဘောကြီးနစ်မြုပ်ခဲ့ပြီး နောက်နှစ်အနည်းငယ်ခန့် အကြာတွင် ကနေဒါနိုင်ငံ ဟမ်မီတန်မြို့အစည်းဝေးတစ်ခု၌ စကော့တလန်လူငယ်တစ်ဦး သက်သေခံသည်မှာ "ကျွန်တော်ဟာ တိုင်တန်းနစ်သင်္ဘောကြီးနစ်မြုပ်စဉ်တုံးက မသေဘဲကယ်တင် ခံခဲ့ရသူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်ဟာ ခြောက်ခြားဖွယ်ရာညရဲ့ ရေပြင်ပေါ်မှာ အသက်ကယ်အင်္ကျီမပါဘဲ မျောနေပါတယ်။ အဲဒီအချိန်မှာ လှိုင်းလုံးတစ်လုံးက ကျွန်တော့်လိုဘဲ သင်္ဘောပျက်လို့ ဒုက္ခရောက်နေသူ ဂလပ်စကိုမြို့သား ဂျွန်ဟာပါဆိုသူကို ကျွန်တော့်ဘေးနားသို့ ပို့ဆောင်လာပါတယ်။ သူက မေးပါတယ်။ "ဟေ့လူ၊ ခင်ဗျားကယ်တင်ခြင်းရပြီလား။ ကျွန်တော်ကယ်တင်ခြင်း မရသေးပါဘူး။ " သူကဆက်ပြောပါတယ်။ " ယေရှုခရစ်တော်ကို ယုံကြည်ပါ။ ဒါဆိုရင် ကယ်တင်ခြင်းရလိမ့်မယ်။"ပြီးတာနဲ့လှိုင်းလုံးကြီးက သူ့ကိုအဝေးသို့ ပြန်လည်ဆွဲခေါ် သွားပါတယ်။ ဒါပေမဲ့ ထူးဆန်းတယ်လို့ပြောရမယ်။ မကြာခင်မှာဘဲ လှိုင်းလုံးကြီးကသူ့ကို ကျွန်တော်နားမှာ ပြန်ပေါ်လာစေပါတယ်။

သူကပြောတယ် " အခုခင်ဗျား ကယ်တင်ခြင်းရပြီလား" ကျွန်တော် ဖြေလိုက်တာက " အမှန်အတိုင်းပြောရရင် ခုထိကျွန်တော်ကယ်တင်ခြင်း မရသေးပါဘူး။ " သူကထပ်မံ၍ပြောသည်မှာ " ယေရှုခရစ်တော်ကိုယုံကြည်လက်ခံပါ။ ဒါဆိုရင် ကယ်တင်ခြင်းရလိမ့်မယ်။ " ပြီးတာနဲ့သူဟာ သူ့ရဲ့အသက်ကယ်အင်္ကျီကျွန်တော့်ကိုချွတ်ပေးပြီး ရေထဲနစ်မြုပ်သွားပါတော့တယ်။ ကျွန်တော်ဟာ နှစ်မိုင်ခန့်နက်တဲ့ ရေပြင်ပေါ်မှာ မျောပါနေခဲ့ပါတယ်။ ကျွန်တော် အဲ့ဒီညမှာဘဲ ယေရှုခရစ်တော်ကို ယုံကြည်ခဲ့ပါတယ်။ ကျွန်တော်ဟာ ဂျွန်ဟာပါမှ နောက်ဆုံးပြောင်း

လဲစေခဲ့သူတစ်ဦးဖြစ်ပါတယ်။

(၁၇) ကုလသရေလလူမျိုးများသည် ရောမမြို့သို့ ဇဝ်ဂေလိ သတင်းစကား သယ်ဆောင်လာသူများ ဖြစ်ပါသည်။ ရောမမြို့သားများသည် ပြင်သစ်သို့တဖန် သယ်ဆောင်သွား၍ ပြင်သစ်လူမျိုးများက စကင်ဒီနေးဗီးယန်းများထံ ပို့ဆောင်ခဲ့ပြန်သည်။ တဖန် စကင်ဒီနေးဗီးယန်းများက အိုင်ယာလန်မှာ ဧဝံဂေလိဟော ကြပြန်သည်။ အိုင်းရစ်များမှ စကော့တလန်ပြည်သို့ သာသနာပြုခဲ့ကြပြန်သည်။ ဤသို့ဖြင့် ဧဝံဂေလိသတင်းစကားကို တစ်ခြားကမ္ဘာက ဂြိုလ်သားများထံမှ လက်ခံရယူသူတစ်ဦးတစ်ယောက်မျှမရှိပါ။

(၁၈) သာသနာပြုဆရာတစ်ဦးနှင့် လျှပ်စစ်မီးသမားတစ်ဦးတို့ လျှပ်စစ်အကြောင်း ဆွေးနွေးခဲ့ကြရာ သာသနာပြုဆရာက ..“ လျှပ်စစ်ဓာတ်ဟာ လူတစ်ဦးရဲ့ကိုယ်ခန္ဓာထဲကနေ ထွက်လို့မရရင် ဝင်လို့မရဘူးဆိုတာ မှန်ပါသလား။” “ လုံးဝမှန်ပါတယ် ..” လျှပ်စစ်မီးဆရာက ဖြေပါသည်။ သာသနာပြုဆရာက “ ဒါဆိုရင် ဧဝံဂေလိသတင်း စကားနဲ့ အတူတူဘဲ။”

(၁၉) ဖရက်ဒရစ်ဘုရင်ကြီးသည် ဘာသာတရားအားလှောင်ပြောင်သရော်တတ်သူ တစ်ဦးဖြစ်ပြီး သူ၏စစ်သူကြီးချုပ်ဖြစ်သူ ဗွန်ဇီလန်မှာမူ ခရစ်ယာန်တစ်ဦး ဖြစ်ပါသည်။ တစ်နေ့ အားလုံး အတူတကွရှိနေစဉ်အခါ ဘုရင်ကြီးသည် ယေရှု ခရစ်တော်နှင့်ပတ်သက်၍ ကြမ်းတမ်းရိုင်းပြသော ပြက်လုံးများထုတ်ကာ ထိုနေရာတစ်ခုလုံး၌ရယ်မောသံများဖြင့် သောသောညံလျက်ရှိပါသည်။ ထိုအချိန်၌ စစ်ဗိုလ်ချုပ်ကြီးဗွန်ဇီလန်သည် ရဲရင့်ပြတ်သားစွာဖြင့်မတ်တပ်ရပ်ပြီး ပြောလိုက်သည်မှာ“ ဘုရင်ကြီး ခင်ဗျား။ ကျွန်တော်သေရမှာမကြောက်ဘူးဆိုတာ ဘုရင်ကြီးသိပါတယ်။ ကျွန်တော်ဟာ ဘုရင်ကြီးအတွက် စစ်ပွဲကြီး(၃၈) ပွဲကိုတိုက်ခိုက်အောင်မြင်ခဲ့ပြီးပါပြီး အခုကျွန်တော်အသက်ကြီးနေပါပြီ။ မကြာခင်မှာ အနန္တတန်ခိုးရှင်တစ်ဆူတည်းသောဘုရားသခင်ရဲ့ ရှေ့မှောက်သို့ သွားရတော့မှာဖြစ်ပါတယ်။ အဲ့ဒီဘုရားသခင်ဟာ ဘုရင်ကြီးအခုဆန့်ကျင် ပြစ်မှားပြီး မခန့်လေးစားပြုနေတဲ့ ယေရှုခရစ်တော်ဖြစ်ပါတယ်။ သူဟာကျွန်တော့်ကို အပြစ်တရားလက်မှ ရွေးနုတ်ကယ်တင်ခဲ့သူကျွန်တော်ရဲ့ကယ်တင်ရှင်ဖြစ်လို့ သူ့ကို ထာဝရကာလအထိ ဂုဏ်ပြုချီးမြောက်သွား

မှာဖြစ်ပါတယ်။

ဖရက်ဒရစ်ဘုရင်ကြီးက တုန်လှုပ်သောအသံဖြင့် ပြန်ပြောသည်မှာ "ဗိုလ်ချုပ်ကြီးဗွန်ဇီလန်–ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်တောင်းပန်ပါတယ်။ "

ထိုနေရာ၌ ရှိနေသောလူစုသည် တိတ်ဆိတ်စွာဖြင့် တစ်ယောက်နောက်တစ်ယောက်ထွက်ခွာသွားကြပါတော့သည်။

(၂၀) စမစ်ဆိုသော ဂျစ်ပစီဟောင်းတစ်ဦးသည် သူ၏ဦးလေးရော့နီ၏အသက်တာပြောင်းလဲလာပုံအား အစဉ်သဖြင့် ပြန်လည်ပြောပြလေ့ရှိပါသည်။ ဂျစ်ပစီလောကတွင် လူကြီးတစ်ဦးက စကားမပြောလျှင် လူငယ်တစ်ဦးအနေဖြင့် ထိုလူကြီးအားစကားပြောရန် မလွယ်ကူပေ။ လူငယ်တစ်ဦးက လူကြီးတစ်ဦးအား စတင်ပြောဆိုခြင်းအမှုသည် သင့်လျော်သော အမှုမဟုတ်ဟု ယူဆကြသည်။ အကယ်၍ကလေးတစ်ဦးကလူကြီးတစ်ဦး အား ဝိညာဉ်ရေးရာအကြောင်းပြောဆိုလျှင်လည်းမှန်ကန်သည်ဟု ယူဆမည်မဟုတ်ချေ။ ထို့ကြောင့် လက်စမစ်ဆိုသူ ဂျစ်ပစီလူငယ်လေးသည် သူ၏ဦးလေးရော့နီအား စကားပြောရန် အခွင့်အရေးရပါမည့်အကြောင်း ဆုတောင်းနေရပါတော့သည်။ တစ်နေ့တွင် သူ၏ဦးလေးဖြစ်သူမှသူ့ဘောင်းဘီပြဲနေသည်ကို သတိထားမိရာမှ သူ့အားစကားစတင်ပြော ဆိုသည်မှာ " လက် .. မင်းရဲ့ဂျင်းဘောင်းဘီရှည်ဟာ ကျန်တဲ့နေရာတွေအားလုံး အသစ်လိုဖြစ်နေပြီး ဒီဒူးနေရာမှာဘဲ ဘာကြောင့်ပြဲနေရသလဲ။" ကလေးငယ်ပြန်ဖြေသည်မှာ " ဒီဒူးနေရာမှာဘဲဘောင်းဘီပြဲနေရတာ ဦးလေးအတွက် အမြဲဆုတောင်းနေလို့ပါ။ " ထိုနောက် မျက်ရည်ကျလျက် ဆက်ပြောသည်မှာ " ဦးလေးခရစ်ယာန်ဖြစ်အောင်လို့ ဘုရားသခင်လုပ်ပေးစေချင်တယ်။ " သူ၏ဦးလေးဖြစ်သူမှ သူ့အားဖခင်မေတ္တာဖြင့် ထွေးပွေ့ထားလိုက်ပါတော့သည်။ မကြာခင်မှာပင် သူ၏ဦးလေးရော့နီသည် ယေရှုအား မိမိ၏ကယ်တင်ရှင်အဖြစ် ဒူးထောက်ဝန်ခံလိုက်ပါတော့သည်။

(၂၁) လူငယ်တစ်ဦးသည် မြစ်ထဲ၌ ရေဆင်းကူးရာမှ ရေနစ်ပြီးအန္တရာယ်ကြီးမားလှသည့် အနေအထားတွင် ရောက်ရှိနေပါသည်။ ကမ်းဘေးတွင်လမ်းလျှောက်သွားသူတစ်ဦးအား မြင်မိရာမှ သူ့အား ကယ်တင်ရန် အော်ဟစ်၍ အကူအညီတောင်းပါသည်။ ထိုသူသည် ကမ်းဘေးမှနေ၍ လူငယ်လေးအား ရေကူးနည်းကို လျှင်မြန်စွာသင်ကြား ပေးပါတော့သည်။ လူငယ်လေးမှ ရေထဲမှနေ၍ အော်လိုက်သည်မှာ

“ ကျွန်တော့်ကို အခုကယ်ပါ။” ကျွန်တော့်ကိုကယ်ပြီးမှရေကူးနည်း သင်ပေးပါ။

(၂၂) မကြာသေးမီက တောင်ပိုင်းနယ်မှ လူကြီးလူကောင်းတစ်ဦးသည် ကျွန်တော်တို့၏လုပ်ငန်းတွင် ဒေါ်လာ (၆)သန်းခန့်လှူဒါန်းရန် ကျွန်တော်၏ ရုံးခန်းသို့ ရောက်လာပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ စကားပြောဆိုနေစဉ် သူသည်ကျွန်တော်၏အရှင်သခင်ဖြစ်သူ၏ နာမတော်အား ကျွန်တော်မနှစ်သက်သည့် နည်းလမ်းများဖြင့်စကားထဲတွင် ထည့်၍ သုံးနှုန်းပြောဆိုပါသည်။ ကျွန်တော်သည် သူ့အား ရပ်တန့်ခိုင်းပြီး “ ကျေးဇူးပြု၍ လူကြီးမင်းခင်ဗျား သင်ယခုသုံးစွဲနေသည့် နာမတော်သည် ကျွန်တော်သိသမျှ တန်ဘိုးရှိသည့် နာမတော်များထက် တန်ဘိုးအရှိဆုံးနာမတော်ဖြစ်ပါတယ်။ ဒီလောကမှာရှိသမျှ ပစ္စည်းအားလုံးထက် ထိုနာမတော်ကိုကျွန်တော်သာ၍ ကြိုက်နှစ်သက်ပါတယ်။ ကျွန်တော် ဟာခရစ်ယာန်တစ်ဦးဖြစ်လို့ သင်ယခု ဤပုံစံမျိုးဖြင့် ထိုနာမတော်အား သုံးနှုန်းပြောဆိုခြင်းကို ကျွန်တော်မကြားချင်ပါ။ ထိုသူမည်ကဲ့သို့တုန့်ပြန်ပြောဆိုမည်ဟု သင်ထင်ပါသလဲ။ “

ငါလည်းအတူတူဘဲ။ တောင်ပိုင်းနယ်မှာ ငါဟာ ဆန်းဒေးစကူးဆရာတစ်ဦးဖြစ်တယ်။ ” “ကောင်းပြီ” ဟုကျွန်တော်ပြောလိုက်ပြီး “ ဒီလိုတွေးခေါ်ပြောဆိုမှုကို နောင်ဘယ်တော့မှမသုံးစွဲပါနဲ့။” ဤကဲ့သို့နှုတ်မှပြောလိုက်သော်လည်း စိတ်ထဲတွင်မူ“ မင်းကတော့ ဒီဒေါ်လာ (၆)သန်းတန်သဘောတူညီမှုဆုံးရှုံးပြီ။ ”

သို့သော် ထိုလူကြီးလူကောင်းနှင့် သူ၏ဇနီးသည်တို့သည် ကျွန်တော် ရုံးခန်းထဲသို့ နောက်တစ်ကြိမ်ထပ်မံ ရောက်ရှိလာပါသည်။ “ ဒီလူဘဲလေအရင်တစ်ခါဒီကိုငါလာတုန်းက ငါ့ကိုဆုံးမစကားပြောလိုက်တာ” သူ၏ဇနီးသည် ကျွန်တော်ဘက်သို့လှည့်ပြီး “ ရှင်ဒီလိုပြောလိုက်လို့ ကျွန်မသိပ်ဝမ်းသာမိတယ်။ သူဟာဒီလိုပြောခံရဖို့ထိုက်တန်တယ်။ အဲဒီကတည်းက သူပြောင်းလဲသွားတော့တာပါဘဲ။

(၂၃) မက်သဒစ်အသင်းတော်မှ အသင်းသားတစ်ဦးသည် စီးပွားရေးကိစ္စဖြင့် ခရီးထွက်ရင်း အိုဟိုင်းယိုးမြို့အသင်းတော်တွင် လာရောက်ဝတ်ပြု ကိုးကွယ်ပါသည်။ ဝတ်ပြုကိုးကွယ်မှု အစီအစဉ် ပြီးဆုံးသွားသောအခါ သင်းအုပ်ဆရာအား ဒေသနာတော်နှင့် အစီအစဉ်များအတွက် သွားရောက်၍ ချီးကျူးဂုဏ်ပြုစကား ပြောကြပါသည်။ သို့သော် သူဆက်၍ပြောသည်မှာ “ အကယ်၍ဆရာသာ ကျွန်တော်ရဲ့ အရောင်းစာရေးတစ်ဦးဖြစ်ခဲ့ရင်ဆရာ့ကို ကျွန်တော်အလုပ်ဖြုတ်ပစ်လိုက်ပြီ။ ဆရာ့ရဲ့သွင်ပြင်၊

အသံ၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်းစတဲ့ လုပ်ဆောင်မှုအားလုံးဟာ ကျွန်တော့်ကို သိပ်စိတ်လှုပ်ရှားစေပြီးနောက်တော့ကျွန်တော်တို့ကို ဒီဟောပြောမှုနဲ့ပတ်သက်လို့ ဘာမှမမေးမြန်းဘဲ ဆရာအဆုံး သတ်လိုက်ပါတယ်။ စီးပွားရေးကိစ္စမှာဆိုရင် အရေးကြီးဆုံးက ကိုယ်နဲ့စကားပြောနေတဲ့သူနဲ့ နောက်ဆုံးမှာသဘောတူညီချက် လက်မှတ်ထိုးနိုင်ဖို့ဘဲဖြစ်တယ်။

(၂၄) ချီကာဂိုမြို့ရှိ ပလိုင်းမောက်အစည်းအရုံး အသင်းတော်၌ တစ်ရက်သော တနင်္ဂနွေ မနက်ခင်းတွင် ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားကြသော၊ ကြိုဆိုနေရာချထားသောသူများနှင့် မိမိတို့ ကြိုတင်စီစဉ်ထားသော နေရာများတွင် နေရာယူကြ၍ ဝတ်ပြုကိုးကွယ်ရန် ပြင်ဆင်နေချိန်တွင် တံခါးပေါက်၌ တစ်စုံတစ်ရာ ဖြစ်သွား၍ လူများအားလုံး ထိုနေရာသို့ လှည့်ကြည့်ကြပါသည်။ (၁၉) နှစ်သား လူငယ်အရောင်းစာရေးလေးတစ်ဦး ဦးဆောင်၍ သူ့နောက်မှာ လူတစ်အုပ် ဝင်လာခြင်းဖြစ်ပါသည်။ ထိုလူအုပ်ထဲတွင် လူကြီးလူကောင်းများ၊ အရက်သမားများ၊ လမ်းကြိုလမ်းကြားမှာနေထိုင်သူ သူတောင်းစားများ၊ လူလေလူလွင့်များနှင့် လူမျိုးစုံ ရောနှော နေပါသည်။ ထိုလူအုပ်ကို လူငယ်လေးမှ သူကြိုတင်စီစဉ်ထားသော ခုံတန်း များတွင် နေရာချပေးပါသည်။ ထိုလူငယ်လေးသည် ကမ္ဘာလုံးဆိုင်ရာ သာသနာလုပ်ငန်းတွင် ဘုရား သခင်မခေါ်ယူခင် တနင်္ဂနွေနေ့တိုင်းမှာ ဤအရေးကြီးသော အမှုကိုပြုခဲ့ပါသည်။ သူ၏နာမည်ကို သိလိုပါလားမိတ်ဆွေ။ သူ့နာမည်မှာ ဒီအယ်လ်မူးဒီ ဖြစ်သည်။

(၂၅) မယုံကြည်သူတစ်ဦးသည် စာတိုက်မှနေ၍ စာတစ်စောင် ရရှိပါသည်။ ထိုစာထဲတွင်ရေးထားသည်မှာ 'ဘုရားသခင်နှင့်တွေ့ဆုံရန်အတွက်ပြင်ဆင်ထားပါ' ဟူ၍ ဖြစ်ပါသည်။ သူသည်အလွန်စိတ်ဆိုး၍ ထိုစာကိုမီးရှို့လိုက်ရန် ပြင်ဆင်ပြီးမှသူကဲ့သို့ပင် မယုံကြည်သူတစ်ဦးအား နောက်ပြောင်ရန်စိတ်ကူးရပြီး ထိုသူတို့ထံသို့စာပို့ပေးလိုက်ပါသည်။ ထိုစာကိုလက်ခံဖတ်ရှုပြီးနောက် သူ့သူငယ်ချင်းမှာ သူ၏အပြစ်များမှနောင်တရပြီးခရစ်တော်ကို လက်ခံယုံကြည်ကာ အသက်တာပြောင်းလဲသွားပါသည်။ ထို့အပြင်ထိုစာကို နောက်ထပ်သူငယ်ချင်းတစ်ဦးထံသို့ ပို့လိုက်ရာမှထိုသူလည်း ခရစ်တော်၏နောက်လိုက်တစ်ဦးဖြစ်လာခဲ့ပါတော့သည်။

(၂၆) ၁၄ဆက်မြောက် လူဝီဘုရင်မှ တရားဟောဆရာ မက်ဆီလွန် ကိုပြောသည်မှာ အင်မတန်နာမည်ကြီးတဲ့ စာဟောဆရာတွေ အများကြီးရဲ့ ဟောပြောမှုတွေကို ငါနားထောင်တဲ့အခါတိုင်းမှာ အင်မတန်မှစိတ်ကျေနပ်ခဲ့ရတယ်။ ဒါပေမဲ့ မင်းရဲ့ဟောပြောမှုကိုကြားရတဲ့အခါတိုင်းမှာ ငါဟာစိတ်မသက်သာဖြစ်ပြီး ပြန်သွားခဲ့ရတယ်။ နှုတ်ကပတ်တော် ဟောပြောသူထံ၌ ကြားနာရသူများအား နှုတ်ကပတ်တော်ဓါးနှင့်ရိုက်သကဲ့သို့ခံစားရရန် နှုတ်ကပတ်တော်ကို သွင်းပေးထားသည်။

(၂၇) မစ္စတာမူဒီးသည် သံမဏိရုပ်ပုံထွင်းနေသည်ကို မြင်တွေ့ခဲ့ရာမှ ထိုမြင်ကွင်းက သူ့အား စိတ်ကျေနပ်မှုများစွာ ရရှိစေကြောင်း ပြောပြခဲ့ပါသည်။ သူပြောပြသည်သည်မှာ "ဒီပုံဟာ သူမြင်ခဲ့ရသမျှထဲမှာ အကောင်းဆုံးအရာ ဖြစ်တယ်လို့ သူထင်ပြီး သူဝယ်ခဲ့တယ်။" လူတစ်ယောက်ဟာ ကယ်တင်ရာ လက်ဝါးကပ်တိုင်ကိုလက်နှစ်ဖက်နဲ့ စွဲမြဲစွာကိုင်တွယ်ပြီး တွန့်လိမ်လျက်ရေထဲကို နစ်မြုပ်သွားတဲ့ပုံဖြစ်ပါတယ်။ ဒါပေမဲ့သူဆက်၍ပြောသည်မှာ– "နောက်ထပ် သူမြင်ရတဲ့ပုံဟာ ပို၍လှပပြီး နှစ်လိုဖွယ်ရာကောင်းလှလို့ ပထမပုံကို လုံးဝဖျက်ဆီးလိုက်သလိုပါဘဲ။ ဒီပုံကတော့ အဲ့ဒီလူဟာ လက်တစ်ဖက်နဲ့ လက်ဝါးကပ်တိုင်ကို စွဲမြဲစွာဆုပ်ကိုင်ထားပြီး ရေထဲမှပေါ်ထွက်လာပါတယ်။ ပြီးတော့ သူ့ရဲ့နောက်ထပ်လက်တစ်ဖက်ကတော့ လူတစ်ယောက်ကို မှောင်မဲနေတဲ့ရေလှိုင်းတွေထဲကနေဆွဲမြောက်ကယ်တင်လာခြင်းပါဘဲ။

(၂၈) အာဗြဟံဘင်နင်ဂျာဆိုသူ လူငယ်လေးသည် ဖူးရစ်မြို့မှ ဆွစ်လူငယ်လေးတစ်ဦးဖြစ်ပြီး သူမိဘနှစ်ပါးနှင့်အတူ ဂွါန်ဝက်စလီလိုက်ပါလာသည့် သင်္ဘောနှင့်ပင်ဉ၍တိုင်းပြည်သို့လာခဲ့ပါသည်။ ဉ၍ရေကြောင်းခရီးတွင် သူ၏မိဘနှစ်ပါးစလုံး သေဆုံးခဲ့ပြီး ပင်လယ်ထဲ၌ပင် မြုပ်နှံသင်္ဂြိုလ်ခဲ့ရပါသည်။ ထို့ကြောင့် သူသည်ရင်းနှီးသောသူတစ်ဦးမျှမရှိဘဲ ဥရောပတိုက်သို့တစ်ဦးတည်း ခြေချခဲ့ရပါသည်။ သူလူလားမြောက်၍ အရွယ်ရောက်လာသောအခါ စိန့်သောမက်ကျွန်းရှိ နီဂရိုးလူမျိုးများကျွန်ခံရခြင်း၊ စိတ်ဆင်းရဲနေရခြင်း၊ ဂုဏ်သရေဆုတ်ယုတ်ခြင်း သတင်းများကို ကြားသိရပြီးထိုနေရာတွင် လက်ဝါးကားတိုင် တရားတော်ကိုသွားရောက် ဟောပြောရန် ခွင့်တောင်းခဲ့ပါသည်။ ထိုကျွန်းပေါ်သို့ သူရောက်ရှိသွားသောအခါ ကျွန်တစ်ဦးမဟုတ်ဘဲ လူလွတ်တစ်ဦးသည် မည်သည့်ကျွန်ကိုမျှ စကားပြောဆိုခွင့်မရှိကြောင်း သိခဲ့ရပါသည်။ ဉ၍မူဝါဒီမှာ ခြံပိုင်ရှင်များမှ ကျွန်များအသိပညာ တိုးတက်လာမှု မရှိစေရန်နှင့် ကျွန်

ဘဝ၌ သာရှိနေရန် ချမှတ်ထားခြင်း ဖြစ်ပါသည်။မကြာမီမှာပင် ထိုကျွန်းကိုအုပ်ချုပ်နေသူများသည် အာဗြဟံဘင်နေဂျာ လက်မှတ်ထိုးထားသော စာတစ်စောင်ကို လက်ခံရရှိပါသည်။ ထိုစာပါအကြောင်းအရာသည် သူ့အားကျွန်တစ်ဦးအဖြစ် အသိအမှတ်ပြုပါရန် အာဗြဟံဘင်နင်ဂျာမှ တောင်းပန်ထားခြင်းဖြစ်ပါသည်။ သူ၏ကျန်ရှိနေသည့်ဘဝတစ်လျောက်လုံး ကျွန်တစ်ဦးအဖြစ်သစ္စာရှိစွာ နေထိုင်သွားပါမည့်အကြောင်းနှင့် သူအားလပ်သည့်အချိန်များ၌ အခြားကျွန်များအား ကယ်တင်ခြင်းသတင်းစကားကိုဝေငှဟောပြောရမည့် အကြောင်းဆက်လက် ရေးသားထားပါသည် ထိုကျွန်းပေါ်ရှိအစိုးရသည် သူ၏စာကို ဒိန်းမတ်ဘုရင်ထံသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ ထိုစာသည်ဘုရင်၏နှလုံးသားကို ပြင်းစွာထိရှပြီး အာဗြဟံဘင်နေဂျာသည် ထိုကျွန်းပေါ်၌ကြိုက်သည့်နေရာ ကြိုက်သည့်အချိန်၌ လူဖြူလူမဲမရွေးကျွန်ဖြစ်စေ၊လူလွတ်ဖြစ်စေ။မည်သူကိုမဆိုကယ်တင် ရှင်မေရှိယ၏ အကြောင်းကို လွတ်လပ်စွာဟောပြောနိုင်ခွင့်ရှိကြောင်း အမိန့်တော်ထုတ် လိုက်ပါတော့သည်။

(၂၉) မစ္စတာစီးဖရက်ဂရင်းဖဲလ် ဆိုသူသာသနာပြုဆရာဝန်တစ်ဦးသည် လေရာဒေါ၌ သာသနာပြုဆေးကုနေသူ တစ်ဦးဖြစ်ပြီး တစ်ရက်တွင် လူမှုအသိုင်းအဝိုင်း၌ထင်ပေါ်ကျော်ကြားသူ ဗြိတိသျှအမျိုးသား ၊အမျိုးသမီးများနှင့်အတူတကွ လန်ဒန်မြို့၌ညစာစားပွဲ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသည်။ ထိုညစာစားပွဲကျင်းပနေစဉ်အတွင်း သူနှင့်ကပ် လျက်ထိုင်နေသော အမျိုးသမီးမှသူ့အားမေးလိုက်သည်မှာ “ဒေါက်တာဂရင်းဖဲလ် ရှင်ဟာ သာသနာပြုတစ်ဦးဖြစ်တယ်ဆိုတာ အမှန်ပဲလား ” ဒေါက်တာဂရင်းဖဲလ်မှ ထိုအမျိုးသမီးအား ခဏစိုက်ကြည့်လိုက်ပြီးမှ ပြန်ပြောလိုက်သည်မှာ“ခင်ဗျားလည်းသာသနာပြုတစ်ဦးဟုတ်တယ်မဟုတ်လား”

(၃၀) အနုမြူဗုံးတစ်လုံး ထုတ်လုပ်ရန် ဒေါ်လာနှစ်ဘီလျံ ကုန်ကျသည်။ ထိုငွေပမာဏသည် သာသနာပြုတစ်သောင်းအား တစ်ဦးလျှင် တစ်နှစ်ဒေါ်လာ နှစ်ထောင်နှုန်းဖြင့် နှစ်တစ်ရာထိတိုင် ထောက်ပံ့နိုင်သည်။ ဒုတိယကမ္ဘာစစ်တွင်း၌ အမေရိကန်ပြည်ထောင်စုမှ သုံးစွဲခဲ့သော ငွေကြေးပမာဏသည် ဤနှုန်းအတိုင်းပင် သာသနာပြု ၁၅ သိန်းအား နှစ်တစ်ရာတိုင် ထောက်ပံ့နိုင်ပါသည်။

(၃၁)ခရစ်ယာန်တစ်ဦးသည် တရားဟောသည်ဖြစ်စေ၊ မဟောသည်ဖြစ်စေ အသက်

ရှင်သော နှုတ်ကပတ်တော်ဝေငှချက်တစ်ရပ်ဖြစ်သည်။

(၃၂) အမျိုးသမီးငယ်တစ်ဦးသည် သူ၏ အိမ်နီးချင်းများအတွက် အလွန်ကောင်းသော အိမ်နီးချင်းမိတ်ဆွေ တစ်ဦးဖြစ်သည်။ သူသည် ပတ်ဝန်းကျင်ကလေးငယ်များငယ်များအား ကောင်းသောအရာများကို ကောင်းမွန်သော နည်းလမ်းများဖြင့် လုပ်ဆောင်နိုင်ရန် အစဉ်ကြိုးပမ်းလေ့ရှိသည်။ တစ်နေ့ သူသခင်ဘုရားထံသို့ ခေါ်တော်မူခြင်းခံရပြီး သူမအား မသင်္ဂြိုလ်မီ သူမ၏အိမ်တံခါးပွင့်လာပြီး ကလေးငယ်များဝင်လာကာ သူမ၏မိဘများထံ စာရွက်အပိုင်းကလေးတစ် ပိုင်းပေးအပ်လာပါသည်။ သူမ၏ သင်္ချိုင်းဂူတွင် ထိုစာပါအကြောင်းအရာအား စာတမ်းရေးထိုးပေးရန် သူတို့ဆန္ဒရှိကြောင်းလည်း ကလေးငယ်များမှပြောကြား ပါသည်။ သူမ၏မိခင်မှကလေးများရေးသားထားသော စာကိုခက်ခဲစွာဖတ်လိုက်ရပြီး ထိုစာမှာ "သူမသည် ကျွန်တော်တို့လူကောင်းသူကောင်းများဖြစ်လာရန် လွယ်ကူစွာပင်လုပ်ဆောင်ခဲ့ပါသည်။ "

(၃၃) လူငယ်လေးတစ်ဦးမှ ဒီအယ်(လ်)မူးဒီအား ပြောလာသည်မှာ " ကျွန်တော့်အသက်တာကို ပြုပြင်ပြောင်းလဲချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်ကို လက်မခံချင်တဲ့ မိတ်ဆွေတွေကို ဘယ်လိုဆက်ဆံရမလဲမသိဘူး။ ဧဝံဂေလိဆရာ ဒီအယ်(လ်)မူးဒီမှ ပြန်ပြောသည် မှာ "လွယ်လွယ်လေးပါ။ အားလုံးကို လက်ခံကြိုဆိုတဲ့စိတ်နှလုံးသားနဲ့အသက်ရှင်ပါ။ သူတို့မင်းကို အရှုံးပေးပြီးလက်ခံကြပါလိမ့်မယ်။

(၃၄) လူတွေက သင့်ရဲ့ဘုရားသခင်ကို ဘယ်လိုချစ်ရမလဲလို့ မလေ့လာမီမှာ သင့်ကိုဘယ် လိုချစ်ရမလဲဆိုတာ လေ့လာကြပါလိမ့်မည်။ ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားလှသည့် တစ်ဦးချင်းဧဝံဂေလိဆရာကြီးဒေါက်တာ ဒီအယ်(လ်)မူးဒီ ပြောလေ့ပြောထရှိသည်မှာ"တစ်ကမ္ဘာလုံးက ဖတ်မယ့်ကျမ်းစာအုပ်ဟာ သင်ပါဘဲ"

(၃၅) သူတစ်ပါးကယ်တင်ခြင်းရရန်အတွက် လုံးဝမကြိုးစားသော ခရစ်ယာန်တစ်ဦးထက် အသုံးမကျသောအရာမရှိပါ။ မိမိ၏ဘေးနားမှာရှိသောသူများ ကယ်တင်ခြင်းရရန် မလုပ်ဆောင်သောသူတစ်ဦး ကယ်တင်ခြင်း ရထားသည်ဆိုခြင်းအား ကျွန်ုပ်မယုံကြည်ပါ။ (ခရီစော့တွန်)

(၃၆) လူအများရှေ့တွင် ဧဝံဂေလိ သတင်းစကား ထင်ရှားစေသည့် အကောင်းဆုံး နည်းလမ်းမှာ ပြောင်းလဲလာသူ ခရစ်ယာန်လူသစ်တစ်ဦးမှ အခြားသူများ ကယ်တင် ခြင်းရရန် ဝန်တာစိတ်ဖြင့် သက်သေခံခြင်းပင်ဖြစ်လိမ့်မည်။

(၃၇) သင်၏ဝိညာဉ် ကယ်တင်ခြင်းရရှိခြင်းသည် ကမ္ဘာပေါ်မှာရှိရှိသမျှတိုင်းနိုင်ငံ အားလုံးထက်သာ၍တန်ဘိုးရှိပြီး သာ၍သက်တမ်းကြာရှည်သည်။

(၃၈) ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံးဘုရင်ကြီးတစ်ပါး (သို့) ဧကရဇ်မင်းကြီးဖြစ် ခြင်းထက် ဝိညာဉ်များကယ်တင်ခြင်း ရရန်အတွက် လုပ်ဆောင်သူတစ်ဦးသာ ဖြစ်ချင် ပါတယ်။ အများကို အမိန့်ပေးအုပ်ချုပ်နိုင်သူ စစ်ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်ခြင်းထက် ဝိညာဉ်များကယ်တင်ခြင်းရရန်အတွက် လုပ်ဆောင်သူတစ်ဦးသာ ဖြစ်လိုပါသည်။ ကျွန်တော်ရဲ့ဘဝ အသက်တာမှာ ဖြစ်နိုင်သမျှဝိညာဉ်များကို ကယ်တင်ရန်အလိုဆန္ဒ တစ်ခုတည်းသာ ရှိပါတယ်။ ဒီအရာဟာ လုပ်ဆောင်ဖို့ရန် အထိုက်တန်ဆုံးဖြစ်ပါ တယ်။ အချင်းယောက်ကျားမိန်းမတို့ ဒီအလုပ်ဟာကျွန်ုပ်တို့အားလုံးလုပ်ဆောင်နိုင် သောအလုပ်ဖြစ်ပါတယ်။ (အာ.ရာ.တိုရီ)

(၃၉) လူအချို့ဟာငွေအတွက်ဆို ဘာပဲလုပ်ရလုပ်ရ...အချို့ကတော့ပညာအတွက်ဆို အသက်ပင်စွန့်ရပါစေ .. တချို့ကတော့ ထင်ပေါ်ကျော်ကြားမှုအတွက် ဆန္ဒရှိကြပါ တယ် ... ကျွန်ုပ်ကတော့ ပျောက်ဆုံးဝိညာဉ်များအတွက်သာ.....(ဝီလျံဘွတ်)

(၄၀) အကောင်းဆုံးသော တရားဟောချက် ဆိုသည်မှာ လူတစ်ဦး၏နားကို ယား လာအောင် ကလိခြင်းမဟုတ်၊ လူတစ်ဦး၏နှလုံးသားကို ကျိုးပဲ့စေခြင်းသာဖြစ်သည်။

(၄၁) ကျွန်တော်တရားဟောသည့်အခါ လူ(၄၀) ကျော်၏အထက်မှာ ရှိနေပြီး ဆရာ ဝန်များ၊ တန်ခိုးအာဏာရှိသူများ ကိုသာ စိုက်ကြည့်နေခြင်းမဟုတ်၊ ကျွန်ုပ်မျက် လုံးများသည် ကျွန်များ၊ အခိုင်းအစေများ၊ ကလေးသူငယ်များ အပေါ်မှာလည်းကြည့် လျှက်ရှိပါသည်။ (မာတင်လူသာ)

(၄၂) တရားမဟောသော ခရစ်ယာန်တစ်ဦးသည် ခရစ်တော်အသင်းတော်၌ အနည်း

ငယ်သာ အသုံးဝင်ပါသည်။ သူသည် မီးအိမ်မရှိသောမီးပြတိုက်၊ အသံမမြည်သော တံပိုးမှုတ်သူ၊ အိပ်ပျော်နေသောအစောင့်၊ မလောင်သောမီးပုံ ဖြစ်ပါသည်။

(၄၃) လန်ဒန်မြို့ထုတ်သတင်းစာ၌ အောက်ပါအတိုင်း ကြော်ငြာချက်တစ်ရပ်ပါလာပါသည်။ " စွန့်စားရသောခရီးစဉ်အတွက် ယောကျာ်းများအလိုရှိသည် အခကြေးငွေအနည်းငယ်သာရမည်။ အေးသောရာသီဥတုဒဏ်ခံစားရမည်။ အမှောင်ထဲမှာလများစွာနေထိုင်ရမည်။ အမြဲတမ်းအန္တရာယ်ရှိနေသည်။ လုံခြုံစွာဖြင့် ပြန်လည်ရောက်ရှိလာမည်အကြောင်း အာမမခံပါ။ အကယ်၍အောင်မြင်ခဲ့ပါက ဂုဏ်ပြုခြင်း၊ အသိအမှတ်ပြုခြင်းခံရရန်မသေချာ။ ပုံ– အာနက် ရှက်ကလက်တန်–ရှေးဟောင်းသုသေသနပညာရှင် " ဟူ၍ဖြစ်ပါသည်။

ချက်ခြင်းပင် ထောင်နှင့်ချီသော ယောကျာ်းများ၏ တုံ့ပြန်မှုလျှောက်လွှာများကိုလက်ခံရရှိပါသည်။ သူတို့သည် စွန့်စားရန် စိတ်တက်ကြွနေကြပြီး ဂုဏ်ပြုခံရရန်မသေချာသော်လည်း လိုက်ပါလိုကြသည်။ ဘုရားသခင်၏သားသမီးများအနေဖြင့် ဘုရားသခင်အတွက်ထိုကဲ့သို့စိတ်ထားမျိုးရှိပါရဲ့လား။

(၄၄) တစ်ကြိမ်သောအခါက ဝက်စလီအား " လူအုပ်ကြီးအား မည်ကဲ့သို့စည်းရုံးပါသနည်း" ဟူ၍မေးခွန်းမေးခံရပါသည်။ ဝက်စလီ၏အဖြေမှာ " ငါ့ကိုယ်ငါမီးရှို့လိုက်တာပေါ့။ ဒါနဲ့ဘဲ လူအုပ်ကြီးကငါမီးလောင်နေတာကို လာကြည့်ကြတာပေါ့။"

(၄၅) စကော့တလန်လူမျိုးတစ်ဦးဖြစ်သော ဂက်ဒီဆိုသူသည် နယူးဟေဘရိုက် ဆိုသော လူမျိုးများထံသို့ သွားရောက်သာသနာပြုပါသည်။ သူသွားသော အချိန်ကထိုလူမျိုးများ သည် အသိဉာဏ်နည်းပါလှသည့်အပြင် ရက်စက်သော ဟာနီကောလူမျိုးများ၏ စစ်ကြေညာတိုက်ခိုက်ခြင်းခံနေရသည့် ကျွန်းသူကျွန်းသားများဖြစ်ကြပါသည်။ နောင်သူသေဆုံးသွားသောအခါ၌ ထိုလူမျိုးများက သူ၏အုတ်ဂူပေါ်၌လှပစွာဖြင့် ကဗ္ဗည်းမော်ကွန်းထိုးထားသည်မှာ " ၁၈၄၈ခုနှစ်– သူဒီကျွန်းပေါ်ကိုစတင်ရောက်ရှိလာချိန်–ဒီနေရာမှာ ခရစ်ယာန် တစ်ဦးမှ မရှိပါ။ ၁၈၇၂ ခုနှစ်–သူဒီကနေပြန်သွားတဲ့အချိန်– ဒီနေရာမှာ နတ်ကိုးကွယ်သူ တစ်ဦးမှမရှိတော့ပါ" ဟူ၍ဖြစ်ပါသည်။

(၄၆) ငရဲနှင့်ပတ်သက်၍ ဆင်ခြေတက်ငြင်းခုံချင်သော သူတစ်ဦးနှင့်ပထမဦးဆုံး

အကြိမ်ဆွေးနွေးခဲ့ပုံအား ဖရက်မှပြန်လည်၍ပြောပြလေ့ရှိပါသည်။ " ငရဲရှိတယ်ဆိုတာ ခင်ဗျားယုံပါသလား။ " ငရဲဆိုတာဘာလဲ။ ဟား –ဟား –ဟား –ဟား– ဖရက်မှ ကောင်းပြီ၊ ငရဲနှင့်ပတ်သက်ပြီး ခင်ဗျားဆွေးနွေးငြင်းခုံချင်ရင် ကျွန်တော်ခင်ဗျားကို သခင်ယေရှုအကြောင်း ပြောလို့ပြီးရင် ခင်ဗျားနဲ့ကျွန်တော် ငရဲအကြောင်းဆွေးနွေးကြမယ်။ " အိုကေ– ထိုသို့နှင့်ဖရက်သည် ထိုသူအား ယေရှုခရစ်တော် အကြောင်းဝေငှသက်သေခံပါတော့သည်။ ပြီးဆုံးသွားသည်နှင့် အင်မတန်ငြင်းခုံချင်သူ အင်မတန်ကဲ့ရဲ့တတ်သောထိုသူ သည် ငြင်းခုံချင်စိတ် ကဲ့ရဲ့ချင်စိတ်မရှိတော့ဘဲသူ၏နှလုံးသားအတွင်း၌ ဝင်ရောက်အုပ်စိုးပါမည့်အကြောင်း ခရစ်တော်အားဒူးထောက်၍ဆုတောင်းပါတော့သည်။ တဖန်ဖရက်မှ ကောင်းပြီ – အခုခင်ဗျားငရဲအကြောင်းသိချင်သေးသလား။ ထိုသူမှ " အို–အခု ငါငရဲအကြောင်း လုံးဝဂရုမစိုက်တော့ဘူး။ အဲဒီကိုလည်းငါမသွားဘူး။

(၄၇) ဓမ္မဝေစာဖြန့်ချီခြင်းနှင့် ပတ်သက်၍ဗြိတိသျှလူမျိုးတို့၏ချစ်လှစွာသော မိခင်ဘုရင်မ ကြီး မေရီသည် အင်မတန်ကောင်းမွန်သည့် ပုံသက်သေတစ်ရပ်ကို ပြခဲ့ပေသည်။

လူသိများသော ဇဝ်ဂေလိဆရာဆက်စကီးဆိုသူသည် မကြာသေးမီက ဘာသာရေး စာအုပ်ဆိုင်တစ်ဆိုင်တွင် ဘုရားသခင်၏လုံခြုံစိတ်ချမှုဆိုင်ရာ ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းနှင့် ပတ်သက်သည့် ဓမ္မဝေစာများကို သွားရောက်ဝယ်ယူခဲ့ပေသည်။ ဝယ်ယူပြီးသော အခါ သူသတိထားမိသောအချက်မှာ သူဝယ်ယူသည့် စောင်ရေထက် စောင်ရေ (၅၀) ပိုပေးထားခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အရောင်းစာရေးကို သူမေးကြည့်သောအခါ " သူမရောက်မီက ဤဆိုင်သို့ ဘုရင်မကြီးမေရီလာ၍ စာအုပ်ဝယ်ယူကြောင်း၊ ဘုရင်မကြီးသည် ရောက်လေရာရာ၌ ဓမ္မဝေစာများကို အခမဲ့ဖြန့်ဝေလျက်ရှိသူဖြစ်ပြီး ဤဆိုင်တွင်လည်း ဓမ္မဝေစာစောင်ရေ (၅၀)ကို ဝယ်ယူ၍နောက်လာရောက်ဝယ်ယူမည့် သူကို အခမဲ့ပေးလိုက်ရန်မှာကြားထားကြောင်း အရောင်းစာရေးမှ ရှင်းပြပေသည်။ အင်မတန်လှပကောင်းမြတ်သည့် ခရစ်ယာန်ကိုယ်ကျင့်တရားဆိုင်ရာ ပုံသက်သေတစ်ရပ်ကို ဘုရင်မကြီးမေရီကိုယ်တိုင်ပြသခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့်ပင်ဗြိတိသျှလူမျိုးတို့သည် သူတို့၏ဘုရင်မကြီးမေရီနှင့် ပတ်သက်၍နှစ်ပေါင်းများစွာဂုဏ်ယူဝမ်းမြောက်ခဲ့ကြရပေသည်။

(၄၈) အိန္ဒိယတိုက်သို့ သွားရောက်သာသနာပြုမည်ဟု သစ္စာပြုထားသော စကော့လူမျိုးတစ်ဦးသည် နတ်ကိုးကွယ်သူတစ်ဦးနှင့် တွေ့ဆုံမိရာမှ ထိုသူ၏လူမျိုးများရှိရာသို့ သာသနာပြုမည်ဟုဆိုကာ ထိုသူနောက်သို့လိုက်သွားမိပါသည်။ ထိုသူ၏ လူမျိုးစုသည် ခက်ထန်ကြမ်းကြုတ်၍ ရိုင်းစိုင်းသည့်လူမျိုးဖြစ်ကာ ပင်လယ်ကမ်းခြေနှင့်ဝေးကွာလှသည့် တောင်ပေါ်ဒေသတွင် နေထိုင်ပြီးနတ်ကိုးကွယ်ကြပေသည်။ ထိုဒေသသို့ရောက်သောအခါ သူ့အနေဖြင့် စကားပြောရန်အခွင့်အရေးမရပါ။ ထိုလူရိုင်းများသည် သူတို့ရောက်သွားသောအချိန်၌ စစ်ပွဲတိုက်ခိုက်ရန် ဒေါသစိတ်ဖြင့် ပြင်ဆင်နေချိန်ဖြစ်ပြီး မီးပုံကိုဝိုင်းကာ ပူလောင်ပြင်းထန်သည့် အကများဖြင့်နတ်ဘုရားများကို ပူဇော်ကာ ပြင်းစွာစိတ်လှုပ်ရှားနေကြသည်။ လူစိမ်းတစ်ဦးဖြစ်သည့်သူ့ကိုတွေ့သည်နှင့် သန်မာထွားကြိုင်းလှသည့် လက်ကြီးများဖြင့်ဖမ်းချုပ်ကာ မြားများဖြင့်ချိန်ရွယ်၍ သူ့အသက်ကို ခြိမ်းခြောက်နေကြပေသည်။ သာသနာပြုဆရာသည် မျက်စိကို မှိတ်၍မကြာမီအချိန်တွင် သခင်ဘုရားနှင့်ဆုံတွေ့ရန်မျှော်လင့် လျက်သူ၏တယောလေးကို မြှောက်ကာ “ သခင်ယေရှု၏နာမတော်၌တန်ခိုးတော်ရှိသည်… ” ဟူသောဓမ္မတေးကို တယောထိုး၍ စတင်ချီးမွမ်းသီဆိုပေတော့သည်။ ပထမပိုဒ်ပြီး၍ ဒုတိယပိုဒ်၊ တတိယပိုဒ်သီဆိုနေသော်လည်း မြားတစ်စင်းမှသူ့ထံမရောက်လာပါ။ သူသည် အံ့ဩလာပြီးမျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ ရိုင်းစိုင်းလှသည့်လူရိုင်းများသည် လက်နက်များကို မြေကြီးပေါ်တွင်ချထားပြီး မျက်ရည်ဝိုင်းလျက် သူ့ကို စိုက်ကြည့်နေကြပေသည်။ ဘုရားသခင်၏ဂရုဏာတော်ကြောင့်သူသည် အသက်ချမ်းသာရာရပြီး ထိုလူရိုင်းများနှင့်အတူနှစ်နှစ်တိုင်နေထိုင်ကာ ဝမ်းမြောက်ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းဖြစ်သည့် ခရစ်တော်၏အကြောင်းကို ဟောပြောဝေငှခဲ့ပေသည်။

(၄၉) ကယ်လီဖိုးနီးယားပြည်နယ်–ကွန်တွန်မြို့တွင် နှစ်ခြင်းသင်းအုပ်ဆရာတော်ရော့(စ်)အိုဝင်ဆိုသူသည် လူငယ်ဓါးပြနှစ်ဦးမှ ၂၂–ကာလီဘာရီဗေါဗါ သေနတ်ဖြင့်နှစ်ချက်တိတိ ပစ်ခတ်ခြင်းခံခဲ့ရသည်။ သို့သော်ခရစ်ယာန်ဘုန်းတော်ကြီးသည် တစ်စုံတရာထိခိုက်မှုမရှိဘဲ ထိုနေရာမှလမ်းလျှောက်ထွက်လာနိုင်ခဲ့သည်။ သူက “ ကျွန်တော်သေနတ်နဲ့ အပစ်ခံရပြီးတော့ လဲကျသွားပြီး သေရတော့မယ်လို့ထင်ခဲ့တယ်။ ဒါပေမဲ့ဘာမှဖြစ်မလာဘူး ” ဟုပြောခဲ့သည်။ ထိုလူငယ်ဓါးပြနှစ်ဦးသည် သူ့ထံမှ ၁.၂၇ ဒေါ်လာသာ ရသွားကြသည်။ သတိရှိသောရဲများက ဓါးပြတိုက်သော

ထိုဖြစ်စဉ်တစ်ရပ်လုံးအား အချိန်တိုအတွင်းမှာ စစ်ဆေးကြည့်သောအခါ အိုဝင်၏ ကုတ်အင်္ကျီတွင် အပေါက်တွေ့ရသော် လည်းသွေးမတွေ့ရပေ။ အိုဝင်သည် သူ၏ ကုတ်အင်္ကျီအိတ်အတွင်းမှ ဝေစာတစ်ထုပ်ကိုဆွဲထုတ်လိုက်သောအခါမှ ထိုဝေစာ ထဲတွင် ဝင်နေသောကျည်ဆံများကိုတွေ့ရသည်။ ကျည်ဆံများသည် သူ့ကို ဒုက္ခ မပေးနိုင်ခဲ့ပေ။ "ဒါဟာအံ့ဩဖွယ်ရာအမှုဘဲ" အိုဝင်ကပြောသည်မှာ "ဒီလူငယ် နှစ်ဦးဟာလည်း ဒီအံ့ဖွယ်အမှုကိုယုံကြည်ကြမှာဘဲ"

(၅၀) ၁၇၅၂ ခုနှစ်၌ ဝိုက်ဖီးလ်(ဒ်)သည် ဘင်ဂျမင်ဖရန်ကလင်ထံသို့ အောက်ပါ အတိုင်း စာရေးသားပေးပို့ခဲ့သည်။ သင်ရေးသားထားခဲ့ပြီး ကျွန်ုပ်လည်းထောက် ခံခဲ့တဲ့ သင်ရဲ့စာအုပ်"အသစ်မွေးဖွားခြင်း၏ အံ့ဩဖွယ်ရာများကို လေ့လာခြင်း" ဟာ ဘက်လိုက်မှုကင်းပြီး ကမ္ဘာပေါ်မှာ တစ်နေ့တစ်ခြားသာ၍ကျော်ကြားလျှက်ရှိတယ်။ အသစ်မွေးဖွားခြင်းနဲ့ပတ်သက်ပြီးများစွာလေ့လာတွေ့ရှိခြင်းထက် သင်ကိုယ်တိုင်အ သစ်မွေးဖွားဖို့က သာ၍အရေးကြီးပါတယ်။ တစ်နေ့သင်နှင့်ကျွန်ုပ်နှစ်ဦးစလုံးဘုရား သခင်ရှေ့ရောက်ရမှာ ဧကန်မုချပါ။ အဲ့ဒီအချိန်မှာ ကိုယ်တိုင်အသစ်မမွေးဖွားခဲ့ရင် ဘယ်လောက်ပညာရှိရှိ ဘုရားသခင်ရဲ့နိုင်ငံတော်ကို မြင်တောင်မြင်ရမှာမဟုတ်ဘူး။ ချစ်သောမိတ်ဆွေ"

(၅၁) သောမတ်(စ်) ဂျိုဟန်နက်ဘက်(ချ်)သည် အမေရိကန်နိုင်ငံမှ လူသိများသော သာသနာပြုဆရာတစ်ဦးဖြစ်ပြီး တောင်အမေရိကတိုက်သို့ပထမဦးဆုံး သာသနာပြု ခဲ့သူ တစ်ဦးလည်း ဖြစ်သည်။ ဧဝံဂေလိဟောပြောသော သာသနာပြု အစည်းအရုံး အဖွဲ့ကြီးတွင်လည်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် အနှစ်နှစ်ဆယ်နီးပါး တာဝန် ထမ်းဆောင်ခဲ့သည်။ ဘုရား သခင်ကဲ့သို့ နှိမ့်ချသော စိတ်သဘောထားကြောင့် ကမ္ဘာတဝှမ်းရှိ ထောင်ပေါင်းများစွာသော လူများအားလွှမ်းမိုးနိုင်ခဲ့သည်။ သူသည် မကြာခဏပင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟောဂင်မြို့ ရှိလမ်းပေါ်တွင် ပထမဦးဆုံးအခွင့်အ ရေးရရှိခဲ့သည့်အဖြစ်အပျက်ကို ပြန်လည်ထုတ်ဖော်ပြောလေ့ရှိသည်။ မဖြစ်စလောက် အရွယ်သာရှိသေးသည့် ဒိန်းမတ်ယောက်ျားလေးတစ်ဦးက သူ့ကို ဓမ္မဝေစာကမ်းပေး လာပါသည်။ ဘက်(ချ်)ဟာ အကြောထဲမှ စိမ့်နေအောင်ခံစားရခက်ပြီး ဒေါသထွက် လာပါသည်။ "ကျေးဇူးပြု၍ဒီစာရွက်ကလေးကို ယူသွားပါခင်ဗျား။ ဒါဟာသင့်အ တွက် သိတင်းစကားဖြစ်ပါတယ်။" "သိတင်းစကားဟုတ် လား? မင်းဘာကြောင့်

မင်းရဲ့ဘာသာတရားနဲ့ သူများကို နှောင့်ယှက်ရတာလဲ? ငါဟာ ငါ့ကိုယ်ငါကောင်း ကောင်းစောင့်ရှောက်နိုင်တယ်ကွသိလား ” စိတ်ဆိုးဒေါသထွက်နေသောဘက်(ချ်) သည် ထိုကောင်လေးဘာမျှ ပြန်မပြောသည်ကိုလည်း အံ့သြနေပြီး ထိုကောင်လေး ဘာဆက်လုပ်မလဲ ဆိုသည်ကို စောင့်ကြည့်နေသည်။ ထိုအချိန်မှာပင် သူဘယ်တော့မှ မေ့၍မရနိုင်သည့် မြင်ကွင်းကို မြင်ရပါတော့သည်။ ဘတ်(ချ်)သည် ထိုကောင်လေး ထံမှဝေစာကို ဆောင့်ဆွဲယူပြီး အပြန်ပြန် အလှန်လှန်ဆုတ်ဖြဲ၍ သူ၏အင်္ကျီအိတ်ထဲ သို့ ဖိသိပ်ထည့်လိုက်ပြီးဖြစ်သည်။ သို့သော်ထိုကောင်လေးသည် ဘာမျှပြန်မပြော ဘဲမနီးမဝေးရှိ တံခါးပေါက်အနီးသို့ လျှောက်သွားကာ လက်အုပ်ချီ၍မျက်စိမှိတ်ကာ စတင်ဆုတောင်းပါတော့သည်။ သူ၏ပါးပြင်ပေါ်မှ မျက်ရည်များစီးကျလာကာ ဆု တောင်းနေခြင်းက ဘက်(ချ်)အား အလွန်အံ့သြစေပါသည်။

၅၉နှစ်ကြာပြီးနောက် ကိုပင်ဟောဂင်မြို့ရှိ ထိုနေရာတွင် ၇၆နှစ်အရွယ်ရှိသော သာသနာပြုဆရာ၊ စာရေးဆရာ၊ တရားဟောဆရာ တစ်ဦးဖြစ်သူသည် သူဝေစာ လက်ခံရရှိမှုကို ပြန်လည်ဆင်ခြင်အောက်မေ့၍သူ့ဝိညာဉ်ကိုဂရုစိုက်ခဲ့သည့်ဒိန်းမတ် ကလေးငယ်အတွက်ဘုရားသခင်ကို ကျေးဇူးတော်ချီးမွမ်းနေပါသည်။

(၅၂) စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် ဒါးလက်(စ်)မြို့လေဆိပ်သို့ဆိုက်ရောက် လာခဲ့ပါသည်။ သူသည် နောက်ထပ်ခရီးစဉ်အတွက် ထိုလေဆိပ်တွင် အချိန်တစ်နာ ရီနှင့် မိနစ်နှစ်ဆယ် စောင့်ဆိုင်းရမည်ဖြစ်ပါသည်။ သူစဉ်းစားမိသည်မှာ“ ဒီအချိန် ကို ဘုရားအတွက် ဘယ်လိုအသုံးချရမလဲ ”သူ၌ဓမ္မဝေစာများ ပါလာပါသည်။ သူ သည်ထိုစာရွက်စီတိုင်း၌ သူ၏ လိပ်စာကတ်ဒ် တစ်ကတ်ဒ်စီထည့်ကာ ထိုနေရာ၌သူ့လို လေယာဉ် စောင့်နေသူများကို ဝေငှပါသည်။ သူသည်ဝေစာဝေ၍ ထွက်သွားခြင်းမျိုး မပြုဘဲ လူတိုင်းအား စကားပြောခဲ့သည်မှာ“ကျေးဇူးပြု၍မိတ်ဆွေဒီစာဟာ ခရစ် ယာန်တစ်ဦး ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာ ရေးထားတဲ့စာပါ။ တစ်ခါထဲပြီးအောင် ဖတ်ကြည့်ပါ။ ပြီးလို့မေးစရာရှိရင် ကျွန်တော်ဟိုနားမှာ ထိုင်နေပါတယ်..လာမေးပါ။ နောက်မှမေးမယ်ဆိုရင်လည်း ကျွန်တော်ရဲ့လိပ်စာကတ်ဒ်ပါပါတယ်. ”ဟူဖြစ်သည်။ တစ်နာရီနှင့် မိနစ်နှစ်ဆယ်ကြာသောအခါ သူသည် ခရစ်ယာန် တစ်ဦးဖြစ်ခြင်းနှင့် ပတ်သက်၍နက်နဲသော မေးခွန်းလေးခုကို ဖြေဆိုခဲ့ရပြီး တစ်ပတ်ခန့်ကြာသောအခါ သူ့လိပ်စာအတိုင်း ရေးသားလာသည့်စာများကို လက်ခံရရှိခဲ့ပါသည်။

(၅၃) သာသနာပြုဆရာ အသစ်တစ်ဦးသည် နိုင်ငံရပ်ခြားရှိ သာသနာ့နယ်မြေတွင် ဗတ္တိဇံခံမည့်သူများကို စစ်ဆေးလျှက်ရှိပါသည်။ လူငယ်လေးတစ်ဦးမှလွဲလျှင် ကျန်လူအားလုံးသည် သူစိတ်ကျေနပ်အောင်မေးခွန်းများကို ကောင်းစွာဖြေဆိုနိုင်ခဲ့ပါသည်။ ထိုလူငယ်လေးမှာမူ အသက်ငယ်သေးသောကြောင့် ဗတ္တိဇံခံရန်အရွယ်မရောက်သေးဟု သူယူဆပြီး အသင်းတော်၌ လာရောက်ပါဝင်ရင်း အချိန်ယူစောင့်ဆိုင်းရန် သူထုတ်ဖော်ပြောကြားလိုက်ပါသည်။ ချက်ခြင်းပင် ဗတ္တိဇံခံရန် သူရွေးချယ်လက်ခံထားသည့် သူများမှဆန္ဒပြုပြော ဆိုသည်မှာ– "ဘာကြောင့်လဲ။"ဒီလူငယ်လေးဟာ ဒို့အားလုံးကို သခင်ယေရှုဘုရားထံ ဦးဆောင်ခေါ်လာသူပဲ။ ဘာ့ကြောင့်သူ့ကိုဗတ္တိဇံ မပေးရတာလဲ။

(၅၄) မှင်တစက်သည်သန်းပေါင်းများစွာသောအတွေးများကိုဖြစ်ပေါ်စေသည်။

(၅၅) ဘုရားသခင်စေလွှတ်သောသာသနာပြုဆရာတဦးသည်ဘုရားသခင်သာလျှင် သူ့ကိုကာကွယ်စောင့်ရှောက်၍မစထောက်ပံ့မည်ဖြစ်ကြောင်းသိထားရန်လိုသည်။

(၅၆) ဘတ်ဝိန်းလူမျိုးစု အကြီးအကဲ၏ သားဖြစ်သူသည် ဝေစာတစ်စောင်အားဖြင့် အသက်တာ ပြောင်းလဲခဲ့ပါသည်။ ထိုဝေစာကို လက်ခံရရှိချိန်တွင် သူစာမဖတ်တတ်ပါ။ သို့သော် မိုင် ၂၅၀ ခန့်ကွာဝေးသည့် မြို့တစ်မြို့သို့သူရောက်ရှိသွားသောအခါ ထိုမြို့ ရှိသာသနာပြုဆရာ တစ်ဦး၏ဇနီးမှ သူ့ကိုစာသင်ပေးပါသည်။ စာသင်ချိန် (၄၈)နာရီကြာမြင့်ပြီးသောအခါ သူသည်ထိုဝေစာများကို အစအဆုံး ကောင်းစွာဖတ်ရှုနိုင်ပါတော့သည်။ သူသည် ခြင်းတောင်းနှင့်အပြည့် ဝေစာများယူသွားပြီး သူ၏မြို့တွင် ဧဝံဂေလိသတင်းစကားကို ခက်ခဲစွာဝေငှပါတော့သည်။ အကျိုးရလဒ်မှာလူ ၁၀၀ အသက်တာ ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ သူသည် ဩဇာရှိသောသူတစ်ဦးလည်း ဖြစ်သောကြောင့် သူ့စကားကို ကြားသောသူများမှာ ခရစ်ယာန်များ ဖြစ်လာကြသည်။ တစ်နှစ်အတွင်း အရီကမ်လူမျိုးဒေသခံ (၁၅၀၀) ဗတ္တိဇံ မင်္ဂလာခံပြီး အသင်းတော် ဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။

ဤအရာအားလုံးသည် တစ်ပြားသာတန်သည့် ဝေစာတစ်စောင်ကြောင့် ဖြစ်သည်။ ဤ တစ်ပြားသည် ဆင်းရဲလှသည့် ကလေးမတစ်ဦး၏ ငွေလည်းဖြစ်နိုင်သည်။ ဝင်ငွေကောင်းသည့်လူ၏ လှူဒါန်းမှုလည်းဖြစ်နိုင်သည်။ မည်ကဲ့သို့ပင်ဖြစ်

စေကာမူ ဤအရာသည် ဘုရားသခင်၏ စစ်မှန်သည့် ကောင်းကြီးမင်္ဂလာဖြစ်သည်။

(၅၇) ညတစ်ည၏ သန်းခေါင်ယံ၌ အရောင်းစာရေး တစ်ဦးသည် သူတစ်ခါမျှ မရောက်ဖူးသေးသည့် မြို့တစ်မြို့သို့ ကားမောင်း၍ ရောက်ရှိလာပါသည်။ ဟော်တယ်တစ်ခုတွင် တည်းခိုရန် အခန်းငှားသောအခါ အခန်းလွတ် မရှိတော့ကြောင်း ဟော်တယ်စာရေးမှ ပြောဆိုပါသည်။ သူသည် အကြီးအကျယ် စိတ်ဓာတ်ကျသွားပြီး ထိုဟော်တယ်မှ ထွက်ခွာကာနီးတွင် သူ့ဘေးနားမှလူတစ်ဦးမှ သူ၏အခန်းတွင် သူနှင့်အတူ လာရောက်အိပ်စက် အနားယူနိုင်ကြောင်း ဖိတ်ခေါ်ပါသည်။ အရောင်းစာရေးမှလည်း ဝမ်းမြောက်စွာဖြင့်လက်ခံပြီးအခန်းထဲ၌ ညမအိပ်မီတွင် အခန်းရှင်သည် ဒူးထောက်၍ အသံထွက်ပြီး ဆုတောင်းပါသည်။ သူ၏ဆုတောင်းချက်ထဲတွင် အရောင်းစာရေးကိုလည်း ဘုရားသခင် ကောင်းကြီးပေးပါမည့်အကြောင်း နာမည်နှင့်တကွ ထုတ်ဖော်၍ ဆုတောင်းပါသည်။ ထို့နောက်နံနက်မိုးလင်းသောအခါ အခန်းရှင်မှ အရောင်းစာရေးအား ပြောသည်မှာ “ နေ့သစ်တစ်ရက် အစမပြုမီ နံနက်တိုင်းတွင် သူသည် သမ္မာကျမ်းစာဖတ်၍ ဘုရားသခင်နှင့်အတူတကွ ဓမ္မမင်္ဂလာခံယူလေ့ရှိကြောင်းပြောကာ အရောင်းစာရေးအနေဖြင့် ဆန္ဒရှိလျှင် သူနှင့်အတူတကွပါဝင်နိုင်ကြောင်း ဖိတ်ခေါ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အရောင်းစာရေး၏နှလုံးသားကိုထိ၍ စကားပြောသောကြောင့် အခန်းရှင်နှင့်အတူတကွ ဓမ္မမင်္ဂလာခံယူကာ ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ပိုင်ရှင်အဖြစ် ဝမ်းမြောက်စွာလက်ခံခဲ့ပါသည်။ သူတို့နှစ်ဦးမခွဲခွာမီ လိပ်စာကဒ်များ အပြန်အလှန် လဲလှယ်ခဲ့ကြသည်။ အခန်းရှင်သည် လိပ်စာကဒ်ကို ဖတ်ပြီးအရောင်းစာရေးသည် အင်မတန် အံ့ဩသွားပါသည်။ လိပ်စာကဒ်တွင် ရေး ထားသည်မှာ–

ဝီလီယံလင်းနင်းဘရိုင်ယန်– အတွင်းရေးမှူး– အမေရိကန်ပြည်ထောင်စုအစိုးရ”

(၅၈) ကာလကတ္တားမြို့ထုတ် သတင်းစာပါ ကြော်ငြာစာစောင်နှင့် ပတ်သက်၍ ဘာရမန် အမျိုးသားလူငယ်တဦးသည် သာသနာပြုဆရာ၏အိမ်သို့လာရောက်၍လူတွေ့စစ်ဆေးမှုခံ ယူပါသည်။ စကားပြောဆိုနေကြစဉ် သာသနာပြုဆရာက ခရစ်ယာန်ဘာသာနဲ့ဟိန္ဒူဘာသာတို့မှာ တူညီတဲ့အချက်တွေအများကြီးရှိပါတယ်။ ဒါပေမဲ့ မတူညီတဲ့အချက် တစ်ခုတော့ရှိတယ်။ အဲ့ဒါဘာလဲ။ လူငယ်က လေးနက်စွာဖြင့်ပြန်ဖြေသည်မှာ–“ကယ်တင်ရှင်ပါ ”

(၅၉)ကျွန်ုပ်တို့ မျိုးဆက်သစ်များ၏ အချိန်ကာလတွင် ဝမ်းနည်းဆွေးမြေ့ဖွယ်ရာ အချက်မှာ ဇဝ်ဂေလိသတင်းစကား မကြားရသေးသူ သန်းပေါင်းများစွာမှာ မကြားရသေးသည့်အတိုင်းရှိနေခြင်းပင်ဖြစ်သည်။

(၆၀)သင်၏နာမည်ကို ကျောက်ပြားပေါ်မှာ မထွင်းထုပါနှင့်။ လူတွေ၏နှလုံးသားပေါ်မှာ ရေးထွင်းပါ။

(၆၁)သမ္မာတရားနှင့် ပတ်သက်သော စာပေများဖြန့်ဝေခြင်းသည် ဆူးတောထဲတွင် ရှိနေသောလူများကို လွတ်မြောက်အောင် ကယ်တင်ခြင်းဖြစ်ပြီး အဘိုးတန်သော မျိုးစေ့စာပေ အမြောက်အများကို သန့်ရှင်းသောဝိညာဉ်တော် မှုတ်ထုတ်လိုက်ခြင်းအားဖြင့် တစ်ကမ္ဘာလုံးသို့ ပြန့်ကြဲသွားပါသည်။ ပုံနိုပ်ထားသော သမ္မာတရားစာပေသည် ဘယ်တော့မှ မတွန့်ဆုတ်ပါ။ ဘယ်တော့မှ မမောပန်းမနွမ်းနယ်ပါ။ အားမရှိသောအကြောင်းရင်းများလည်း ဘယ်တော့မှ မပေါ်ထွက်လာပါ။ အကုန်အကျနည်းပါးစွာဖြင့် ခရီးသွားနိုင်သည်။ ခန်းမဆောင်များငှါးရန်လည်း မတောင်းဆိုပါ။ အနှောက်အယှက်များကြောင့်လည်း ဘယ်တော့မှမဆုံးရှုံးပါ။ ကျွန်ုပ်တို့အိပ်နေစဉ်တွင် သူအလုပ်လုပ်လျက် ရှိပါသည်။ ကျွန်ုပ်တို့သေဆုံးသွားသောအခါ၌လည်း လုပ်ပါသည်။ ဘယ်သောအခါမျှ ပြန်လည်ဖြေကြားစရာ မလိုပါ။ သွေးဆောင်ဖြားယောင်းမှုများကိုလည်း ထာဝရအိုင်ထဲမှာပစ်ချထားခဲ့ပါပြီ။

(၆၂) မြို့တစ်မြို့ရှိကောလိပ်ကျောင်းမှ အမှုတော်ဆောင်တစ်ဦးသည် ယဉ်ကျေးမှုဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ အတွေးများဖြင့် မိမိကိုယ်ကိုမိမိ ဝေဖန်ကာ စိတ်အနှောင့်အယှက် ဖြစ်လျှက် ရှိပါသည်။ ထိုကြောင့် အမှုတော်ဆောင်ကြီးတစ်ဦးလည်းဖြစ်၍ ပညာရှင် တစ်ဦးလည်းဖြစ်သည့် အသက်အရွယ်ရနေပြီဖြစ်သောသူ၏ဖခင်ကြီးထံ သွားရောက်၍ အကြံညဏ်ရယူ ဆွေးနွေးမှုပြုခဲ့သည်။ သူပြောသည်မှာ ' အဖေ –ကျွန်တော်အခုအစေခံလျက်ရှိတဲ့ အမှုတော်လုပ်ငန်းရဲ့ တရားဟောပလ္လင်မှာဘာမှ လွတ်လွတ်လပ်လပ်ပြောဆို လှုပ်ရှားလို့မရအောင်ဖြစ်နေတယ်။ အကယ်၍ ကျွန်တော်က ဘူမိဗေဒနဲ့ပက်သက်တာကို ကိုးကားမယ်ဆိုရင် အဲ့ဒီဘာသာရပ်ဆိုင်ရာ ပါမောက္ခဆရာကြီးက ကျွန်တော်ရှေ့မှာ ထိုင်နေတယ်။ ရောမသမိုင်းကို ပုံဥပမာအဖြစ် သုံးမယ်ဆိုရင်လည်း နည်းနည်းလေမှမမှားလိုက်နဲ့ မှားတာနဲ့ဆော်မဲ့

သမိုင်းပါမောက္ခကြီးက အဆင်သင့်ဘဲ။ အင်္ဂလိပ်စာပေနဲ့ပတ်သက်ပြီး ညွှန်းမယ်ဆို ရင်လည်း ကျွန်တော်ထက်တတ်တဲ့လူတွေ ကိုယ့်ရှေ့မှာတစ်ပုံကြီးဘဲ။ ကျွန်တော်ဟာ သူတို့ရှေ့မှာခြောက်ခြားနေရတယ်။ ကျွန်တော်ဘာဆက်လုပ်ရမလဲ။ ကြည်ညိုဖွယ် ရာကောင်းသည့် ဖခင်အိုကြီးမှပြန်ပြောသည်မှာ " စိတ်မပျက်ပါနဲ့ငါ့သားဧဝံဂေလိ သတင်းစကားကိုသာဝေငှပါ။ ဒါနဲ့ပတ်သက်လာရင် သူတို့တွေနည်းနည်းဘဲသိမှာပါ။

(၆၃) ဆာဒူးဆန်ဒါးဆင်းသည် အိန္ဒိယအလယ်ပိုင်းပြည်နယ်၌ ဝေစာဝေခဲ့ပါသည်။ တစ်ရက်သူသည် မယုံကြည်သူများစွာပါသည့် ရထားပေါ်တွင် လူတစ်ဦးအားရှင် ယောဟန်ခရစ်ဝင်ကျမ်းပိုဒ် စာအုပ်ကို ပေးလိုက်ရာ ထိုသူမှ စိတ်ဆိုးမာန်ဆိုးဖြင့်ယူ လိုက်ပြီး တစ်စစီဆုတ်ဖြဲလိုက်ကာ မီးရထားပြူတင်းပေါက်မှ လွှင့်ပစ်လိုက်ပါသည်။ ဤကိစ္စသည် ဤနေရာ၌ ပြီးသွားဟန်ရှိသော်လည်း ဘုရားသခင်၏ မစမှုကြောင့် ဆက်လက် ဖြစ်ပွားခဲ့ပါသည်။ လူတစ်ဦးသည် အမှန်တရားကို သိချင်စိတ်အားကြီး စွာဖြင့် မီးရထားလမ်းအတိုင်း လမ်းလျှောက်လာစဉ် သံလမ်းဘေး၌ စာရွက်အပိုင်း အစက လေးတစ်ခုကို ကောက်ရခဲ့ပါသည်။ စာရွက်ကလေး၌ သူတို့ဘာသာစကားဖြင့် အသက်ရှင်သောပေါင်မုန့် (အသက်မုန့်) ဟူ၍ရေးသားထား ပါသည်။ ဘာအဓိပ္ပါယ် ရှိမှန်းသူမသိချေ။ အင်မတန်သိလိုသောကြောင့် သူ့သူငယ်ချင်းများအား လိုက်လံ မေးမြန်း ပါသည်။ သူ၏သူငယ်ချင်းတစ်ဦးမှ " ငါမင်းကိုပြောနိုင်တယ်။ ဒါခရစ် ယာန်တွေရဲ့စာအုပ်ထဲကဘဲ။ သွားမမဖတ်နဲ့ မင်းဘဝညစ်ညူးသွားလိမ့်မယ် " သူသည် ခဏမျှ စဉ်းစားပြီး " ဒီလိုလှပတဲ့စကားစုလေးတွေ ပါတဲ့စာအုပ်ကို ငါ ဖတ်ချင်တယ်။ " ထို့နောက်သူသည် ဓမ္မသစ်ကျမ်းစာတစ်အုပ်ကို ဝယ်ယူ၍ သခင် ဘုရား၏ စကားဖြစ်သည့် " ငါသည်အသက်မုန့်ဖြစ်သည် " ဟူသောနေရာကို ရှာ ဖွေဖတ်ရှုရာမှ ခရစ်ဝင်ကျမ်းများကို လေ့လာပါတော့သည်။ သူ၏နှလုံးသားအတွင်း မှ ဘုရားသခင်၏ အလင်းဖြာထွက်မှုကြောင့် ယေရှုခရစ်တော်ကို သိကျွမ်းလာခဲ့ပြီး ဧဝံဂေလိသီတင်းစကားဝေငှသူတစ်ဦး ဖြစ်လာခဲ့ပါသည် စာရွက်အပိုင်းအစကလေး သည် ဘုရားသခင်၏တန်ခိုးတော်ကြောင့်သူ့အတွက် အမှန်တကယ်အသက်ရှင်သော မုန့်ဖြစ်ခဲ့ပြီး နက်နဲ လှသည့်သူ၏အလိုဆန္ဒကို ကျေနပ်မှုရစေခဲ့ပါသည်။

(၆၄) အစီစီမြို့မှ သူတော်စင်ဖရန်စစ်သည် တစ်နေ့သ၌ သူ၏နောက်လိုက်တချို့ အားပြောသည်မှာ "လာ ဟိုးဘက်မှာရှိတဲ့ရွာမှာ ငါတို့တရားသွားဟောရအောင်"

သူတို့သွားကြစဉ် လေးလံသောဝန်ထုပ်ကိုထမ်းလျက် ခြေလျင်ခရီးသွားနေသော ဘာမျှအရာမရောက်သူ တစ်ဦးနှင့်တွေ့ပါသည်။ ဖရန်စစ်သည် အေးဆေးစွာဖြင့်ပင်ထိုသူနှင့်အတူလမ်းလျှောက်ကာ ထိုသူပြောသမျှကို သေချာစွာဂရုစိုက်နားထောင်ပေးပါသည်။ ထိုရွာသို့ရောက်သောအခါ၌လည်း ဖရန်စစ်သည် ဈေးဆိုင်ပိုင်ရှင်များနှင့်စကားပြောသည်။ သစ်သီးများ၊ ဟင်းသီးဟင်းရွက်များရောင်းသူ လယ်သမားများနှင့်အချိန်ယူစကားပြောသည်။ ကလေးများနှင့် လမ်းပေါ်တွင်ကစားသည်။ အပြန်လမ်းတွင်လည်း မြက်ခြောက်ထမ်းလာသူ လယ်သမားတစ်ဦးနှင့်စကားပြောရင်းပြန်လာခဲ့သည်။ ကျောင်းတိုက်သို့ ပြန်ရောက်လာ သောအခါ သူ့နောက်လိုက်တစ်ဦးမှ အကြီးအကျယ်စိတ်ပျက်စွာဖြင့် “ ဆရာတော်ဖရန်စစ်ဟိုရွာကို တရားဟောသွားမယ်လို့ ဆရာတော်ဘဲပြောခဲ့ပြီး တစ်မနက်လုံး ဘာတရားဟောချက်မှ မကြားခဲ့ပါလား။ ” ဆရာတော်ဖရန်စစ်မှ ပြန်ပြောသည်မှာ– “ ငါတို့တစ်ချိန်လုံးတရားဟောခဲ့ကြတယ်လေ...”

(၆၅) အချို့သောခရစ်ယာန်များက သာယာသောခေါင်းလောင်းသံများရှိရာ တရားဇရပ်ဘုရား ကျောင်းများအနီး၌ နေချင်ကြသည်။ ကျွန်ုပ်တို့မူကား ငရဲနှင့်အနည်းငယ်မျှသာဝေးသော ဈေးဆိုင်များသို့ သွားရောက်ကယ်တင်ချင်ပါသည်။

(၆၆) ကျွန်ုပ်၏ဝိညာဉ်ရေးရာ သင်တန်းသားများက ကျွန်ုပ်အား “ ပျောက်ဆုံးနေသောဝိညာဉ်များအတွက် ဝန်တာစိတ်မရှိတော့ဘူးဆရာ ” ဟု ပြောလာသောအခါ ကျွန်ုပ်က “ ကောင်းပြီ! မင်းအခုအပြင်သွားပြီး သူတို့နှင့်အတူသွားနေပါ။ သူတို့ရဲ့လိုအပ်မှုတွေ သူတို့ရဲ့သနားစရာကောင်းတဲ့ အခြေအနေတွေကို မင်းမြင်ရတဲ့အခါ ဘုရားသခင်က မင်းကိုချက်ခြင်း ဝန်တာစိတ်ပြန်ပေးပါလိမ့်မယ်။ တခါတရံသူတို့က “ ကျွန်ုပ်တို့မှာ စွမ်းအားတွေမရှိတော့ဘူး။ ” ကျွန်ုပ်မှ “ အပြင်သွားပြီး သင့်ရဲ့လိုအပ်မှုအတွက် ဘုရားသခင်နဲ့ ရင်ဆိုင်ပါ။ နာရီပိုင်းအတွင်းမှာ သင့်အားဘုရားသခင်က အစွမ်းသတ္တိတွေ ပေးပါလိမ့်မယ်။”

(၆၇) လန်ဒန်မြို့တွင် တက္ကသိုလ်တက်နေစဉ် မဟတ္တမဂန္ဒီသည် ခရစ်ယာန်ဘာသာတရားသည် စစ်မှန်သောဘာသာတရား၊ သဘာဝထက်ထူးခြားသော ဘာသာတရားဖြစ်ကြောင်း ယုံကြည်သက်ဝင်၍ ခရစ်ယာန်တစ်ဦး ဖြစ်လုနီးနေပြီ။ ဘွဲ့ရပြီးသော

အခါတွင် ခရစ်ယာန်တစ်ဦး ဖြစ်လာရန်အတွက် သက်သေသာဓကများကို ဆက်လက်ရှာဖွေသွားမည်ဟု ဆုံးဖြတ်ထားပါသည်။ လူငယ်လေးဂန္ဒီသည် ဘွဲ့ရပြီးသောအခါ အရှေ့အာဖရိကတိုက်တွင် အလုပ်လုပ်ရန် ရွေးချယ်ခြင်းခံရပါသည်။ သူသည်ဧဝံဂေလိခရစ်ယာန်အသင်းတော်မှ အသင်းသားဖြစ်သော မိသားစုတစ်စုနှင့်အတူ ခုနှစ်လနေထိုင်ရပါမည်။ သူသည်လည်း ထိုမိသားစုတွင် သူရှာဖွေနေသော အချက်အလက်သက်သေများ တွေ့ရမည်ဟူ၍ခံယူပြီး ထိုနေရာသို့သွားရောက်ခဲ့ပါသည်။ သို့သော်လအနည်းငယ် ကြာလာသောအခါ သူတွေ့မြင်ရသည်မှာ ဘုရားသခင်နှင့်ပတ်သက်၍ ထိုမိသားစုတွင်အကြောင်းအရင်းဘာမျှမရှိခြင်းပင်ဖြစ်သည်။ ဤနေရာတွင် ဘုရားသခင်၏ နိုင်ငံတော်အတွက် လာရောက်ဆက်ကပ် လုပ်ဆောင်နေရခြင်းကို လည်းနားမလည်။ တစ်ချိန်လုံး ညည်းတွားမြည်တမ်း အပြစ်တင်နေကြသည်။ ဘုရားသခင်နှင့်ပတ်သက်၍ ဘာခံစားချက်မျှမရှိ၊ လျစ်လျူရှုနေကြသည်။ ထို့ကြောင့်ဘုရားသခင်နှင့်ပတ်သက်၍ ဂန္ဒီ၏ စိတ်ဝင်စားမှုသည် စိတ်ပျက်ခြင်းသို့ ကူးပြောင်းသွားသည်။ သူ၏စိတ်ထဲမှာပြောသည်မှာ “ ဒီဘာသာတရားဟာ ငါမျှော်လင့်ထား သလိုသဘာဝထက်ထူးခြားပြီး စစ်မှန်တဲ့ဘာသာတရား မဟုတ်ဘူးကောင်းတော့ကောင်းပါတယ်။ ဒါပေမဲ့ကမ္ဘာပေါ်မှာရှိတဲ့ အခြားဘာသာတရားတွေနဲ့အတူတူပါဘဲ။”

(၆၈) တစ်နေ့သ၌ အင်္ဂလန်ပြည်တွင် အသက်အရွယ်ကြီးရင့်နေပြီ ဖြစ်သောခရစ်ယာန်ဓမ္မ အမှုတော်ဆောင်ကြီး တစ်ပါးသည် သူ၏ဘုရားကျောင်းပရဝုဏ်ရှိကျောက်ဂူအနီးတွင်ထိုင်ကာ ငိုကြွေးနေပါသည်။ အဘယ့်ကြောင့်ဆိုသော် သူ၏အသင်းတော်အရာရှိမှ သူအသက် ကြီးလာပြီးဖြစ်သောကြောင့် ပင်စင်ယူသင့်ကြောင်း အသိပေးအကြောင်းကြားသောကြောင့်ဖြစ်သည်။ ဤကဲ့သို့သူစိတ်မသက်မသာဖြစ်နေစဉ် လူငယ်လေးတစ်ဦး ခြံစည်းရိုးတဖက်မှလမ်း လေးအတိုင်း လမ်းလျှောက်လာသည်ကို သူတွေ့ရသည်။ ထိုလူငယ်လေးမှာ နှလုံးသား ထဲမှဝမ်းမြောက်နေဟန်ရှိပြီး သူ၏မျက်နှာမှာလည်း နေရောင်ခြည်ဖြင့်ဝင်းပလျက် ရှိသည်။ ထိုင်နေသောအမှုတော်ဆောင်ကြီးသည် ထိုလူငယ်လေးကို နှစ်သက်သဘောကျသောကြောင့် လှမ်းခေါ်ပြီး သူနှင့်အတူထိုင်ခိုင်းကာ စကားပြောကြသည်။ သူတို့သည် လူ့ဘဝအသက်တာ၏အဓိပ္ပါယ်ရှိမှုများအကြောင်း ပြောဆိုကြသည်။ လူငယ်လေးမှယေရှု ခရစ်တော်နှင့် ကယ်တင်ခြင်းအကြောင်း သူ့အားပြောဆိုသည်။ ထိုကဲ့သို့ပြောဆိုနေစဉ် အဖိုးအိုသည် သူ၏ဝမ်းနည်းမှုများကို မေ့နေပါသည်။ သို့သော် ထိုလူငယ်လေးပျော်ရွှင်စွာဖြင့် သူ့ထံမှ

ထွက်ခွါသွားသောအခါ အဖိုးအိုသည် ပြန်လည်ဝမ်းနည်းလာပြီးသူ၏ နေအိမ်သို့ ပြန်သွားပါသည်။ မကြာမီမှာပင် သူသည် ထာဝရဘုရားအိမ်တော်သို့ ဝင်စားသွားခဲ့ပါသည်။

အကယ်၍ ဘုရားသခင်သည် သူ့အားမြေကြီးပေါ်ရှိ ထိုလူငယ်လေးအားဆက်၍ တွေ့ခွင့်ကို ပေးမည်ဆိုပါက ထိုလူငယ်လေးသည် သာမန်တရားဟောဆရာ၊ ကျောင်းဆရာဖြစ်သည့်အပြင် ဖိနပ်ချုပ်သမားတစ်ဦးလည်း ဖြစ်သည်ကို သူတွေ့ရမည်။ သူ၏စာသင်ခန်းထဲနှင့် ဖိနပ်ဆိုင်တွင် သားရေဖြင့်လုပ်ထားသော ကမ္ဘာလုံးများချိတ်ဆွဲထားပါသည်။ သူ့ထံ၌ဖိနပ်လာချုပ်သူများနှင့် ကျောင်းသားများ တွေ့မြင်လေ့ရှိသည်မှာ " သူသည် ကမ္ဘာလုံးပေါ်ရှိ နိုင်ငံတစ်နိုင်ငံပြီး တစ်နိုင်ငံအား စိတ်လှုပ်ရှားမှုအပြည့်ဖြင့် ထောက်ကြည့်ကာ ဒီနိုင်ငံဟာ ရုပ်တုဆင်းတု ကိုးကွယ်တဲ့နိုင်ငံဘဲ နောက်ထပ်နှစ်အနည်းငယ် ကြာသောအခါ ထိုလူငယ်လေးသည် အိန္ဒိယသို့ရှေးဦးသာသနာပြုသူတစ်ဦး၊ သမ္မာကျမ်းစာအား အရှေ့တိုင်းဘာသာ စကားဖြင့် ဘာသာပြန်ဆိုသူတစ်ဦး ဖြစ်လာခဲ့သည်။ သူ၏အမည်မှာ 'ဝီလီယံ(ဂျီ)ကယ်ရီ'

(၆၉) ပထမရာစုနှစ်တွင် ဧဝံဂေလိ သတင်းစကား ကြားပြောသော စံနစ်သည်အလွန်တရာ ကောင်းမွန်လှပေသည်။ ထိုစံနစ်မှာ လူပုဂ္ဂိုလ်ကိုယ်တိုင်ကိုယ်ကျ ထိတွေ့၍ ပြောသောစနစ် (Teleperson) ဖြစ်ပြီး ယနေ့ကျွန်ုပ်တို့ အသုံးပြုနေသော တယ်လီဖုန်းစနစ် (Telephone) တယ်လီဗွီးရှင်း (Television) စနစ်များထက်သာ၍ကောင်းမွန်သည်။ သခင်ယေရှုနှင့် တွေ့ဆုံခဲ့ပြီးသော ရှမာရိအမျိုးသမီးသည် ထိုစနစ်ကိုအသုံးပြု၍ ဧဝံဂေလိ သတင်းစကားကို ဝေငှခဲ့သည်။

(၇၀) ဆီလိမ်းပေးခြင်းဆိုသည်မှာ ဘုရားသခင်၏စစ်သားများ(တရားဟောမည့်သူများ၊ နပမ်းလုံး၍ဆုတောင်းပြီး အောင်ပွဲခံမည့်သူများ) အတွက်ရာထူးသတ်မှတ်ပေး၍ ဂုဏ်ပြု ခြင်းဖြစ်သည်။

(၇၁) ဂျွန်ဝက်စလီသည် တစ်ရက်ဟောက်စလိုးယိ(တ်)ဆိုသောအရပ်အား ညနက်သန်းခေါင်တွင် မြင်းစီး၍ ဖြတ်သန်းသွားလာခဲ့သည်။ သူသည် သူအင်မတန်နှစ်သက်သော ဓမ္မသီချင်းတစ်ပုဒ်အား သီဆိုကာ ကြည်နူးနေသည်။ရုတ်တရက် ထွက်ပေါ်လာသောအသံကြီးက သူ့ကိုထိတ်လန့်သွားစေသည်။ "ဟေ့ကောင်ရပ်စမ်း မင်း

မသေချင်ရင် ပါသမျှပိုက်ဆံအကုန်ပေးစမ်း။ ” ထိုအသံပိုင်ရှင်ဓါးပြကြီးသည် သူ၏ သန်မာသော လက်ကြီးဖြင့် မြင်း၏ဇက်ကြိုးကို ဖမ်းဆုပ်ထားသည်။ ဂျွန်ဝက်စလီ သည် သူ၏အိတ်ကိုဖွင့်ပြသည်။ အိတ်ထောင်တွင်း၌ ငွေအကြွေအနည်းငယ်မှလွဲ၍ ဘာမျှမရှိ။ သူ၏မြင်းကုန်းနှီးပေါ်ရှိအိတ် များတွင်လည်း စာအုပ်များသာရှိကြောင်း စစ်ဆေးတွေ့ရှိရ၍ ထိုဓါးပြသည် စိတ်ပျက်စွာဖြင့် ထိုနေရာမှ လှည့်ထွက်သွားပါ သည်။ နောက်မှ ဂျွန်ဝက်စလီက လှမ်းအော်လိုက်သည်မှာ ဟေ့ရပ် ပြန်လာခဲ့အုန်း ငါ့မှာမင်းကိုပေးစရာ တခြားအရာတွေအများကြီးရှိတယ်။ ဂျွန်ဝက်စလီထံသို့ ထိုဓါး ပြ ပြန်လှည့်လာသောအခါ ဂျွန်ဝက်စလီက တည်ကြည်လေးနက်စွာ ပြောသည်မှာ “ မိတ်ဆွေ သင်ယခုကြုံတွေ့ရတဲ့အဖြစ်နဲ့ သင့်ဘဝသင် ဝမ်းနည်းစိတ်ပျက်မှာဘဲ။ ဒါပေမဲ့ သင်ဆန္ဒရှိမယ်ဆိုရင်သင့်ကို ကျွန်ုပ်ပြောပြချင်တာက ဘုရားသခင်၏ သား တော်ယေရှုခရစ်၏အသွေးတော်သည် ကျွန်ုပ်တို့၏ အပြစ်ရှိသမျှကိုဆေးကြောတော် မူတယ် ” ထိုဓါးပြသည် ထိုနေရာမှတိတ်ဆိတ်စွာဖြင့် အလျှင်အမြန်ထွက်သွားသည်။ ဂျွန်ဝက်စလီသည်လည်း သူပြောလိုက်သောစကားသည် ထိုဓါးပြ၏သြတ္တပစိတ်ထဲ ၌ရှိနေပါ မည့်အကြောင်း စိတ်နှလုံးသားပါလျက် ဆုတောင်းပြီးထိုနေရာမှ မြင်းစီး လျက်ပြန်ထွက်လာ ခဲ့သည်။ နှစ်အနည်းငယ်ကြာပြီးသော အခါ ဘုရားရှစ်ခိုး ကျောင်းကြီးတစ်ကျောင်း၏ တနင်္ဂနွေနေ့ညနေဝတ်ပြုစည်းဝေးအပြီး၌ လူအုပ်ကြီး သည်တံခါးပေါက်ဆီသို့ လျှောက်လာကြပြီး တံခါးပေါက်အနီးရှိ တရားဟောဆရာ အားနှုတ်ဆက်ကြသည်။ လူများထဲမှ ဂျွန်ဝက်စလီကို နှုတ်ဆက်သူတစ်ဦးသည် ဂျွန်ဝက်စလီထံသို့ လျှောက်လာပြီး ရိုသေစွာဖြင့် နှုတ်ဆက်စကား ပြောလာသည်။ ထိုသူသည် ဟောက်စလိုးယိ(တ်)အရပ်တွင် တွေ့ခဲ့ရသော ဓါးပြကြီးပင်ဖြစ် သည်။ ယခု ထိုသူသည် ဤမြို့တွင် ကောင်းရောင်းကောင်း ဝယ်စီးပွါးရှာလျက် ရှိနေသည်။ သာ၍ကောင်းသည် မှာယခုသူသည် ဘုရားသားတစ်ဦးဖြစ်နေပြီး ညယံတစ်ည၌ ပြောခဲ့သော စကားတစ်ခွန်းသည် သူ့ဘဝကိုပြောင်းလဲစေခဲ့သည်။ထိုသူသည် ဂျွန် ဝက်စလီ၏လက်ကိုကိုင်၍ ချစ်ခင်ကြင်နာစွာဖြင့် နမ်းရှုံ့ကာ“သင့်အားဖြင့်အရာခပ် သိမ်းကိုကျွန်ုပ် ပိုင်ဆိုင်ခဲ့ရပြီ ” “ မဟုတ်ဘူး မဟုတ်ဘူး ”…ဂျွန်ဝက်စလီကချက် ခြင်းပြန်ပြောလိုက်ပြီး။ ကျွန်ုပ်မဟုတ်ဘူး ဆက်လက်၍ နူးညံ့သိမ်မွေ့စွာဖြင့် “ ယေရှုခရစ်တော်ရဲ့ အဖိုးထိုက်တန်လှသော အသွေးတော်သည် ကျွန်ုပ်တို့၏အပြစ် ရှိသမျှကိုဆေးကြောတော်မူတယ်။ (၁ယော ၁း၇)

(၇၂) မစ္စတာအိပ်(ချ်)စီမေဆင်သည် သူ၏မိတ်ဆွေတဦးနှင့်အတူ ဆုတောင်းစည်းဝေးတစ်ခု၌ အတူတူဆုတောင်းနေကြသည်။ သူ့မိတ်ဆွေမှဘုရားသခင်သည် သူ၏လက်ညှိုးတော်ဖြင့် လူများကိုတို့ထိပါမည့်ကြောင်း ဆုတောင်းနေရာမှ ဆုတောင်းချက်ကို ရုတ်တရက်ရပ်လိုက်သည်။ ညီအစ်ကိုတစ်ဦးမှအဘယ်ကြောင့် ဆုတောင်းချက်ကို ရပ်လိုက်ရသနည်းဟု မေးမြန်းရာ ထိုသူမှပြန်ပြောသည်မှာ " ဘုရားသခင်က ကျွန်ုပ်ကို ပြောတယ်။ ငါ့ရဲ့လက်ညှိုးတော်က မင်းဘဲ။ ဒါကြောင့် ကျွန်ုပ်ယခုသူများတွေကို ဘုရားသခင်အတွက် သွားရောက် တို့ထိတော့မယ်။

(၇၃) သခင်ယေရှုခရစ်ကို မသိသောသူတစ်ဦး ရှိနေသောနေရာသည် သာသနာပြုရာနယ်မြေဖြစ်ပါသည်။

(၇၄) အဖြစ်အပျက်တစ်ရပ်အား ဥပမာ–သာဓက များနှင့် ရုပ်ဖော်ရှင်းလင်းခြင်းသည် ပြူတင်းပေါက်မှနေ၍ နေရောင်ခြည်များဖြာထွက်လာသကဲ့သို့ပင်ဖြစ်သည်။

(၇၅) ပထမရာစုနှင့်ဒုတိယရာစုကာလများက ခရစ်ယာန်တို့၏ အမှတ်လက္ခဏာမှာ ငါးရုပ်ဖြစ်သည်။ လူအများကို ခရစ်တော်ထံသို့ ပို့ဆောင်ရန် ထိုငါးရုပ်အမှတ်အသားကို အမှတ်လက္ခဏာအဖြစ် အသုံးချမည်ဟု ကျွန်ုပ်ဆုံးဖြတ်လိုက်ပြီး ကျွန်ုပ်၏ကုတ်အင်္ကျီ ရင်ဘတ်ခေါက်နေရာတွင် ထိုငါးရုပ်ကို ချိတ်ဆွဲတပ်ဆင်ထားလိုက်သည်။ အကယ်၍ လူများကထို ငါးရုပ်အကြောင်းကိုမေးလာလျှင် ခရစ်တော်၏ အကြောင်းကိုရှင်းပြကာကျွန်ုပ်လည်း လူကိုမျှားသောတံငါဖြစ်လာမည်။ တစ်နေ့ချီကာဂိုမြို့လမ်းမပေါ်တွင် ကျွန်ုပ်သတင်းစာဝယ်၍ ပြန်လာစဉ် ကလေးတစ်ဦးမှ ကျွန်ုပ်အား " ဦးလေး၊ ဦးလေးက ငါးမျှားတဲ့အသင်းဝင် တစ်ယောက်လား။ ဟုတ်တာပေါ့။ ငါးမျှားတာသိပ်ကောင်းလား။ ဟာ! သိပ်ကောင်း တာပေါ့ကွ " ထိုကလေးမှဆက်လက်၍ " ဦးလေး ငါးအကြီးကြီးမိဘူးလား၊ အိုး! မိဘူးတာပေါ့ ပေါင်၂၅၀လောက်ရှိတဲ့ငါးမိဘူးတယ်။ " သူအံ့သြသွားပြီး " ဟာ! အကြီးကြီးပေါ့ " ကျွန်ုပ်မှဆက်လက်၍ "ဟာအဲ့ဒီလောက်ကြီးတဲ့ငါးတောင်မိဘူးတယ်။ မင်းအရွယ်လောက်ရှိတယ်"ထိုကလေးမှ သူ့ကိုယ်သူငုံ့ကြည့်လိုက်ပြီး" ဟာမဖြစ်နိုင်ဘူး" ထိုအခါမှ ကျွန်ုပ်သူ့အားရှင်းပြသည်မှာ "ကျွန်ုပ်သည်လူ၏ဝိညာဉ်ကို မျှားသောတံငါ (လူကိုမျှားသောတံငါ) ဖြစ်ပြီး သခင်ခရစ်တော်ကိုလက်ခံယုံကြည်ပါမှ ကယ်တင်ခြင်းခံရမည့်အကြောင်း

ဆက်လက်ပြောပြခဲ့ပါသည်။ နေ့တိုင်းနီးပါးပင် ထိုငါးရုပ်တပ်ဆင်ထားသော ကုတ်အင်္ကျီကို ကျွန်ုပ်ဝတ်ဆင်ပြီး မေးလာသမျှသောလူ–မည်သူကိုမဆို ကျွန်ုပ်သည် ကမ္ဘာပေါ်တွင်အကြီးဆုံးသော ငါးမျှားအသင်းဝင်တစ်ဦးဖြစ်၍ ခရစ်တော်အတွက် လူကိုမျှားသောတံငါဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

(၇၆) ဧဝံဂေလိသတင်းစကားသည် ရှုံးပြထားသောလှေမဟုတ်။ အသက်ကယ်သောလှေဖြစ်သောကြောင့် ထိုလှေကို ကိုင်တွယ်ထိန်းသိမ်းရန် လူသည် အမြဲတမ်းအဆင်သင့်ပြင် ထားရမည်။

(၇၇) လူဆိုသည်မှာ သင်၏ဂရုတစိုက်ရှိမှုကို သူတို့မသိမချင်းသင်ဘာကို သိနေသလဲဆိုတာ သူတို့ဂရုစိုက်မည်မဟုတ်။

(၇၈) သင်၏ယုံကြည်ခြင်းသည် သူတပါးထံသို့ကူးစက်ပြန့်နှံ့ခြင်းမရှိပါက သူတပါး အလိုမရှိသော ညစ်ညူးသည့်အရာ ဖြစ်နေပါသလား၊ ဆန်းစစ်ပါ။

(၇၉) မိမိအတွက် အကျိုးရလဒ်ကို မမျှော်လင့်ဘဲ တ ရားဟောသည့် တရားဟောဆရာများ၊ ပရောဖက်ပြုသည့်ပရောဖက်များ ကိုဘုရားသခင်တောင်းဆိုနေသည်။

(၈၀)ခရစ်ယာန်များ ဧဝံဂေလိအမှုပြုနေခြင်းသည် ဘေးဒုက္ခကင်းသောကျေနပ်စရာအချိန်ကာလတစ်ခုကို ကျော်ဖြတ်နေခြင်းမဟုတ်။ သူတို့သည် ကြောက်ရွံ့စရာအခြေအနေ အတွင်းမှာ ရန်းကန်တိုက်ခိုက်၍ ထာဝရကာလနှင့်ဆိုင်သောအရာများကို ထုတ်လုပ်နေခြင်း ဖြစ်သည်။

(၈၁) ဧဝံဂေလိသိတင်းစကားသည် သူတောင်းစားတစ်ဦးက နောက်သူတောင်းစားတစ်ဦးအား မည်သည့်နေရာတွင် ပေါင်မုန့်ရသည့်အကြောင်း လမ်းညွှန်ခြင်း ဖြစ်သည်။

(၈၂) ယနေ့ကမ္ဘာပေါ်တွင် သန့်ရှင်းသောဝိညာဉ်တော်ထက် သာ၍ကောင်းသော ဧဝံဂေလိဆရာမရှိပါ။

(၈၃) ကျွန်ုပ်တို့၏ဘုရားသခင်သည် သာသနာပြုသောဘုရားသခင်ဖြစ်သည်။

(၈၄) ဇဝ်ဂေလိလုပ်ငန်းဆိုသည်မှာ လူသားတို့ပြုလုပ်ဆောင်ရွက်စီမံနေသော လုပ်ငန်းမဟုတ်၊ ဘုရားသခင်ကိုယ်တိုင် စီမံဆောင်ရွက်နေခြင်းဖြစ်သည်။

(၈၅) ဧဝံဂေလိလုပ်ငန်းဆိုသည်မှာ အသင်းတော်ကြီးတစ်ရပ်လုံးမှ အဆက်မပြတ် လုပ်ဆောင်နေရမည့် အလုပ်ဖြစ်သည်။ သီးသန့်အဖွဲ့ဝင်သာလျှင်ထူးခြားစွာ လုပ်ဆောင်ရမည့် အကျင့်အကြံအပြုအမူမဟုတ်။

(၈၆) နော်ဝေ–လူသာရင်အသင်းတော်၏ ဂိုဏ်းချုပ်ကြီး ဘီးရှော့ဘီဇင် ဘာ့ဂရေးသည် နာဇီများ၏ အကျဉ်းသားအဖြစ်ချုပ်နှောင်ခံနေရစဉ် သူကို ချုပ်နှောင်ထားသူများထံမှ သူနှင့်ပတ်သက်သော အမိန့်တစ်ရပ်ထွက်ပေါ်လာသည်။ ထိုအမိန့်မှာ သူ့ကိုစောင့်ကြပ် နေသော အစောင့်စစ်သား (၁၁) ယောက်အား အမြဲတမ်းမထားဘဲ ပြောင်းပြောင်းပေးရန် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘုရားလူ၏ကြီးမားၡ၍ တန်ခိုးရှိသော ဝိညာဉ်ရေးရာလွှမ်းမိုးမှုနယ်ပယ်အောက်သို့ အစောင့်စစ်သားများ ကျရောက်သွားမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

(၈၇) ဧဝံဂေလိသိတင်းကောင်းအတွက်သက်သေခံအဖြစ် ဘုရားသခင်ခေါ်ယူတော်မူခြင်းခံရသောသူများသည် ဘုရားသခင်၏ ကရိယာတန်ဆာပလာများဖြစ်သည်။

(၈၈) သိတင်းစကား ကြားပြောရန်အတွက် ဤလောကသို့ စေလွှတ်ခြင်းခံရသောသူများသည် သိတင်းစကားစတင်ပြောကြားသည့်အချိန်မှစ၍ သူ့အားတာဝန်မှ ရပ်စဲခြင်းမရှိ တော့ပေ။

(၈၉) မီးတောက်လောင်လျှက်ရှိသော နှလုံးသားမှထွက်ပေါ်လာသော တရားဟောချက်တစ်ပုဒ်သည် ကြားနာရသောသူများကိုလည်း လောင်ကျွမ်းစေသည်။

(၉၀) သင်၏တရားစကားကိုကြားရသောသူများကယ်တင်ခြင်းရရန်ဆုတောင်းပါ။

သူတို့ကိုဘုရားသခင် အသုံးပြုခြင်းအားဖြင့် သင်ကိုယ်တိုင်လည်း လွတ်မြောက်ခြင်း ရရန် ဆုတောင်းပါ။

(၉၁) စစ်မှန်သောတရားဟောချက်ဆိုသည်မှာ လူအများရှေ့မှောက်၌ လူတစ်ဦးပြု လုပ်ဆောင်ရွက်နေခြင်း မျှသာမဟုတ်။ သူနှင့်အတူဘုရားသခင်ကိုယ်တိုင် လှုပ်ရှား နေခြင်းဖြစ် သည်။

(၉၂) မိမိကိုယ်ကိုမိမိ စတင်တရားဟောသူတစ်ဦးမဟုတ်လျှင် သူတပါးကိုလည်း ကောင်းစွာ တရားဟောနိုင်မည်မဟုတ်ချေ။

(၉၃) ခရစ်တော်မပါရှိသော အသက်တာများသည် သာသနာပြုရမည့်နယ်မြေများ ဖြစ်၍ ခရစ်တော်ပါရှိသောအသက်တာပိုင်ရှင်များသည် သာသနာပြုများဖြစ်သည်။

(၉၄) စာပေဆိုသည်မှာ လူထုဧဝံဂေလိလုပ်ငန်းအတွက် အင်မတန်အသုံးဝင်သော ကြားခံပစ္စည်း တစ်ရပ်ဖြစ်သည်။

(၉၅) ချစ်ခြင်းမေတ္တာနှင့် ညီညွတ်ခြင်းဆိုသည်မှာ ဤလောက၌ ခရစ်ယာန်တစ်ဦး ဖြစ်ကြောင်း လူအများသိစေရန်အတွက် ယေရှုခရစ်တော် ပေးအပ်ထားသောလက္ခဏာ သက်သေတစ်ရပ်ဖြစ်သည်။ ထိုလက္ခဏာသက်သေကြောင့် ယေရှုခရစ်တော်သည် ဘုရားသခင် စေလွှတ်သောသူမှန်ကန်ကြောင်း ထင်ရှားပြီး ထိုလက္ခဏာ သက်သေ ကြောင့်သာလျှင် စစ်မှန်သောခရစ်ယာန်တစ်ဦး မှန်ကန်ကြောင်းထင်ရှားစေသည်။

(၉၆) ဘုရားသခင်သည် ကျွန်ုပ်တို့အား အပူအအေးတိုင်းသည့်ကရိယာ (Thermometer) အဖြစ်ခေါ်ယူထားခြင်းမဟုတ်၊ အပူအအေးကိုသိလျောင်၍ပတ်ဝန်းကျင် ကို အကျိုး ပြုစေသည့်ကရိယာ (Thermostats) များအဖြစ်ခေါ်ယူထားခြင်းဖြစ်သည်။

(၉၇) ဂရဏာ၊ အကြင်နာတရားသည် စိတ်အားထက်သန်ခြင်း၊ အာဝဇ္ဇန်းရွှင်ခြင်း၊ လေ့လာခြင်းထက် အပြစ်သားများ၏ အသက်တာကို သာ၍ပြောင်းလဲစေသည်။

(၉၈) ဘုရားသခင်၏ လက်တော်သည် အခြားသောအရာများထက် သာ၍လုံခြုံပြီး ရှည်လျားသောကြောင့် ကျွန်ုပ်တို့ဘာကိုကြောက်ရမည်နည်း။

(၉၉) လူတစ်ဦး၏ နှလုံးသားသို့သွားသော ဘုရားသခင်၏လမ်းခရီးသည် အခြားသူ တစ်ဦး၏ နှလုံးသားကိုဖြတ်သန်းသွားသည်။

(၁၀၀) သခင်ဘုရားကျွန်ုပ်ကို ကယ်တင်ပြီးကတည်းက လူတစ်ယောက်၏ မျှော်လင့်ခြင်း ကင်းမဲ့သော အသက်ရှင်မှုမျိုးကျွန်ုပ်၌မရှိတော့ချေ။

(၁၀၁) ကျွန်ုပ်တို့သည် အပြစ်နှင့်အပြစ်သားကို သတိဖြင့်ခွဲခြားမြင်တတ်ရန် အရေးကြီးသည်။ အပြစ်သားအတွက်အပြစ်ကို မချစ်ပါနှင့်။ အပြစ်ကြောင့် အပြစ်သားကို မမုန်းပါနှင့်။

(၁၀၂) ဧဝံဂေလိတရားသည် အပြစ်ကြွေးကို ပေးဆပ်ခြင်းဖြစ်သောကြောင့် လူ့ကျင့်ဝတ်အရ မှန်ကန်သောတရားဖြစ်သည်။

(၁၀၃) ဝမ်းမြောက်ဖွယ်ရာဧဝံဂေလိသိတင်းကောင်းဆိုသည်မှာကျွန်ုပ်တို့ အသင်းတော်၏ လုံခြုံသောအခန်းတွင်း၌ မပျက်စီးစေရန် သော့ခတ်၍ ထိန်းသိမ်းစောင့်ရှောက်ထားရမည့် ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားသည့် သရဖူမဟုတ်ပေ။ ကမ္ဘာမြေအဆုံးတိုင်အောင် ဒေသန္တရ နေရာအနှံ့အပြားသို့ ကြဲဖြန့်ရန်ဖြစ်သည်။

(၁၀၄) ခရစ်ယာန်တိုင်းသည် ဘုရားသခင်၏စာပို့သမားများဖြစ်သည်။ သူတို့၏တာဝန်မှာ အထက်မှလာသောသိတင်းကောင်းကိုလက်ဆင့်ကမ်းစေရန် ဖြစ်သည်။

(၁၀၅) ဝမ်းမြောက်ဖွယ်ရာ သိတင်းကောင်းဆိုသည်မှာ လျှို့ဝှက်စွာသိမ်းဆည်းထားရန်မဟုတ်၊ အရေးတကြီးဟစ်ကြွေးကြေညာရန်ဖြစ်သည်။

(၁၀၆) ဝမ်းမြောက်ဖွယ်ရာ သိတင်းကောင်းဆိုင်ရာ ကောင်းကြီးမင်္ဂလာများကို များစွာသောခရစ်ယာန်များက မိမိတို့အတွင်းထဲသို့ ပြည့်လျှံမတတ်သွတ်သွင်းနေချိန်၌

သန်းပေါင်း များစွာသောလူများသည် တစ်ခါမျှမပြည်းစမ်းရသေးပေ။

(၁၀၇) ကိုယ်တိုင်မလောင်ကျွမ်းဘဲ ဘုရားသခင်၏ အလင်းပေးနိုင်သည့်ဖယောင်းတိုင်တစ်တိုင်မျှမရှိချေ။

(၁၀၈) ကောင်းကင်နိုင်ငံသို့ တစ်ဦးတည်းသွားရခြင်းအား ကျေနပ်ခြင်းသည် လူ့အတ္တတရား ၏အမြင့်ဆုံးသောပုံစံဖြစ်သည်။

(၁၀၉) ဘုရားသခင်၏ မဟာစေစားချက်ဆိုသည်မှာ ဆင်ခြင်စဉ်းစားလေ့လာဆွေးနွေး၍ မိမိနှစ်သက်သလို ရွေးချယ်နိုင်သည့် အရာမဟုတ်၊ လိုက်နာရမည့်အမိန့်တော်ဖြစ်သည်။

(၁၁၀) အာဝဇ္ဇန်းရှင်ခြင်း၏ အကောင်းဆုံးသော အဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ရပ်မှာ " ပြောစရာအကြောင်း အမြဲတမ်းရှိနေ၍ ထိုအကြောင်းသည်လည်း ပြောပြီးသည်နှင့်လောင်ကျွမ်း ပျောက်ကွယ် သွားသည်။ "

(၁၁၁) သင်၏ယုံကြည်ခံယူချက်အား ပြောပြခြင်းထက် ယုံကြည်ခံယူချက်အတိုင်းနေထိုင်အသက်ရှင်ခြင်းက သူတပါးအားသာ၍ ဆွဲဆောင်နိုင်သည်။

(၁၁၂) အရောင်းအဝယ်လုပ်ငန်းဆိုသည်မှာ စီရင်ဆုံးဖြတ်ချက်တစ်ရပ်အား ရောင်းသူထံမှဝယ်သူထံသို့ လွှဲပြောင်းပေးခြင်းဖြစ်သည်။

(၁၁၃) ကောင်းသော အရောင်းစာရေးဆိုသည်မှာ– စားသုံးမည့်သူမှာ ဗိုက်မဆာသော်လည်း စားချင်စိတ်ပေါ်ပေါက်လာအောင် ချက်ပြုတ်နိုင်သည့် ထမင်းချက်နှင့်တူသည်။

(၁၁၄) ပစ္စည်းရောင်းသူတစ်ဦးသည် သူ့အားခေါ်ယူခြင်းအတွက် ရှက်စရာမလိုချေ။ သူ့အားမခေါ်ခြင်းသည်သာလျှင် ရှက်စရာဖြစ်ပါသည်။

(၁၁၅) ပစ္စည်းလိုက်လံရောင်းချသူတစ်ဦး၏ တနေ့တာကုန်ဆုံးသွားသောအခါ သူ လက်ခံ ရရှိသည့်အမှာစာ နှစ်မျိုးသာရှိသည်။ မလိုအပ်ပါနှင့် လိုအပ်ပါသည် ဟူ၍ သာ ဖြစ်သည်။

(၁၁၆) သင်၏လျှာနှင့်တရားဟောခြင်းထက် နှလုံးသားနှင့် တရားဟောခြင်းက အင်မတန်ကောင်းသော တရားဟောချက်တစ်ပိုဒ် ကိုဖြစ်ပေါ်စေသည်။

(၁၁၇) သင်းအုပ်ဆရာတစ်ဦးသည် ပစ္စည်းအရောင်းဆိုင်ကြီး တစ်ဆိုင်အားဖြတ် သန်းသွားစဉ် မထင်မှတ်ဘဲ ထိုဆိုင်ပိုင်ရှင်နှင့် စကားပြောရသည်။ ဆိုင်ရှင်သည် သူ့အား " ကျုပ်ကရောင်း နေတဲ့ပစ္စည်းတွေ အကြောင်းဘဲစကားပြောရတယ်။ ခင်ဗျား နဲ့စကားပြောစရာ အခြားကိစ္စမရှိဘူး " ဟူ၍နှိမ့်ချဆက်ဆံသည်။ သင်းအုပ်ဆရာက " သူနှင့်မိနစ်အနည်းငယ် စကားပြောပါရန် တောင်းပန်ပြောဆိုသောကြောင့် ရုံးခန်း ထဲတွင် ခဏစကားပြောခွင့်ရပါသည်။ ဆရာသည် ဓမ္မသစ်ကျမ်းစာအုပ်ကို ထုပ်၍ ကျမ်းပိုဒ်တစ်ပိုဒ်ပြီးတစ်ပိုဒ် ဖတ်၍ရှင်းပြကာ ယေရှု ခရစ်တော်ကို လက်ခံယုံကြည် ရန်တိုက်တွန်းသည်။ နောက်ဆုံးတွင်ဆိုင်ပိုင်ရှင်သည် မျက်ရည်ကျလျက် ပြောလာ သည်မှာ " ငါအခုအသက် ၇၀ ရှိပြီဒီမြို့မှာဘဲ ငါမွေးဖွားခဲ့တယ် ဒီအရွယ်ထိသာသ နာပြုဆရာ ၁၀၀ ကျော်နဲ့အသင်းတော် ပေါင်းစုံကာသင်းအုပ်ဆရာ ၅၀၀ လောက် ငါနဲ့စကားပြောခဲ့ဘူးတယ်။ ပြောတဲ့ကိစ္စတွေဟာ စီးပွားရေးကိစ္စတွေချည်းဘဲ။ ငါရဲ့ ဝိညာဉ်နဲ့ပတ်သက်ပြီး စကားပြောတာ မင်းတစ်ယောက်ဘဲရှိသေးတယ်။

(၁၁၈) ဘယ်ဘုရားကျောင်းကိုမှ မသွားသောသူတစ်ဦးသည် ဘယ်ကိုမှမသွားသော ဘုရားကျောင်းသို့ဘယ်တော့မှ မရောက်နိုင်ချေ။

(၁၁၉) ဝိညာဉ်တစ်လုံး၏ တန်ဘိုးသည် တစ်ဦးတည်းအတွက်သာ ကန့်သတ်ထား သည်။

(၁၂၀) များစွာသော ဆရာများနှင့် သင်းအုပ်ဆရာများတို့သည် သူတို့ကိုယ်သူတို့ ခရစ်တော်အတွက် ရှေ့နေများအဖြစ် ထင်မှတ်နေကြပြီး ခရစ်တော်အတွက် သက်သေ ခံရ မည့်အစား ရှေ့နေလိုက်နေကြသည်။ ခရစ်တော်နှင့်ပတ်သက်သမျှ သင်သိထား

သောအရာများကိုသာ သက်သေခံပါ။

(၁၂၁) အချို့သောခရစ်ယာန်များသည် အာတိတ်ဒေသမှ မြစ်များနှင့်တူသည်။ လအနည်းငယ် ကြာသည်နှင့်အေးခဲသွားတော့သည်။

(၁၂၂) သန့်ရှင်းခြင်းအား ထုတ်ဖော်ဝန်ခံခြင်းထက် ဖြောင့်မတ်စွာအသက်ရှင်ခြင်း ကသာ၍ ထင်ရှားသည်။

(၁၂၃) အသင်းတော်၏ အကြီးကျယ်ဆုံးသောအလုပ်သည် အပြစ်သားများအား ကောင်းကင်ဘုံသို့ ခေါ်ဆောင်ခြင်းမျှသာမဟုတ်၊ အိပ်နေသောသန့်ရှင်းသူများကို နှိုး ရန်လည်းဖြစ်သည်။

(၁၂၄) ခရစ်ယာန်တိုင်းသည် နေ့စဉ်နှင့်အမျှ အချို့သော တရားဟောချက်မျိုးစုံနှင့် အချို့သောတရားဟောပလ္လင်မျိုးစုံကို ပိုင်ဆိုင်သိမ်းပိုက်ထားရမည်။

(၁၂၅) သင့်ဘဝအသက်တာတွင် တစ်ခါမျှမကြားဘူးသောအရာက သင်နှင့် သက် ဆိုင်နေသည်ဟု သင်သိလိုက်ခြင်းသည် အကောင်းဆုံးသော ကြေညာမှုအတတ် ပညာဖြစ်သည်။

(၁၂၆) ကျွန်ုပ်တို့ထံမှ ယေရှု၏အသွေးတော်ထွက်ရှိမှု ရပ်တန့်လိုက်သည်နှင့်တစ် ပြိုင်နက် ကောင်းကြီးမင်္ဂလာများလည်းရပ်တန့်သွားမည်။

(၁၂၇) ဘုရားသခင်သည် ကျွန်ုပ်တို့နှင့်သက်ဆိုင်ပြီး ကျွန်ုပ်တို့အားဂရုစိုက်သည်။ ဘုရားသခင်၏ ဂရုစိုက်မှုကိုခံစားရသည့် သူ၏သားသမီးများ၌လည်း ဂရုစိုက်ရန် တာဝန်ရှိသည်။

(၁၂၈) ယေရှုခရစ်သည် ကျွန်ုပ်တို့၏ သဘောသဘာဝကို ကောင်းကင်ဘုံသို့ ယူ ဆောင်သွားပြီး ကျွန်ုပ်တို့အတွက်တာဝန်ယူသည်။ ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီး၌ချန်ထားခဲ့ သော ယေရှုခရစ်တော်၏ သဘောသဘာဝအတွက်တာဝန်ယူရမည်။

(၁၂၉) လူသားများ၏ စိတ်လှုပ်ရှားတက်ကြွမှုဆိုသည်မှာ နိမ်နင်း၍မရနိုင်ပါ။ လူသားများသည် စိတ်တက်ကြွစွာဖြင့် မီးထွန်းညှိလိုက်သောအခါငရဲသည် တုန်လှုပ်နေပြီ။

(၁၃၀) ပုံသက်သေပြခြင်းသည် ကျင့်ဝတ်ဆိုင်ရာ ပညတ်ထက်သာ၍အားကြီးသည့် လူများသည် တနင်္ဂနွေနေ့တွင် ကျွန်ုပ်ပြောကြားလိုက်သောအရာ ဟုတ်မဟုတ် ကျန်သော ခြောက်ရက်စလုံးကျွန်ုပ်အားကြည့်ကြသည်။

(၁၃၁) ဘုရားသခင်အား ဆုတောင်းစကားပြောနေသော အချိန်ထက်ဘုရားသခင်ထံမှ စကားတော်ကို နားထောင်ခြင်းအား နှစ်ဆအချိန်ပေးပါက ကျွန်ုပ်တို့ဟောပြောခြင်း ၏အကျိုး သက်ရောက်မှု အဆတစ်ထောင်ပိုလာမည်။

(၁၃၂)ဘုရားသခင်၏မျက်မှောက်တော်၌ ရှေးဦးစွာမရပ်သောသူတစ်ဦးသည် ပရိသတ် အလယ်၌ ရပ်နိုင်မည်မဟုတ်ချေ။

(၁၃၃) ကမ္ဘာကြီးကို ကိုင်လှုပ်မည့် တရားဟောဆရာများသည် မိမိတို့၏လွတ်လပ်ခြင်းကို မိမိတို့၏ဘဝသက်သာမှုအတွက် မည်သည့်အခါမျှ မရောင်းစားချေ။ သူတို့သည်ပြပွဲတွင် ပြသမည့် လှောင်အိမ်ထဲမှသားရဲတိရိစ္ဆာန်များမဟုတ်ချေ။ ဘုရားသခင်အား ကိုယ်စားပြု၍ မည်သည့်တရားဟောပလ္လင်သို့မဆို ချီတက်မည့် လွတ်လပ်သော တရားဟောဆရာများ ဖြစ်သည်။ ချီးမွမ်းခြင်း(သို့မဟုတ်) အပြစ်တင်ခြင်းမှလည်း ကင်းလွတ်ပါသည်။ သို့သော် နှုတ်အနေသူများမဟုတ်ချေ။

(၁၃၄) ရှင်းလင်းထင်ရှားစွာဟောပြောသူသည် အကောင်းဆုံးသောဆရာဖြစ်သည်။

(၁၃၅) အရောင်းတလက်လက် တောက်ပသကဲ့သို့ အဟောအပြောကောင်းခြင်းသည် လူအများကို ဖမ်းစားနိုင်ပါသည်။ သို့သော်ဘုရားသခင်၏ တန်ခိုးတော်က သာလျှင် လူအများ၏ အသက်တာကို ပြောင်းလဲစေနိုင်ပါသည်။

(၁၃၆) အသင်းတော်သည် ဘုရားသခင်၏အမိန့်တော်အောက်တွင် ရှိပါသည်ဟုဝန်ခံသော်လည်း ဧဝံဂေလိလုပ်ငန်းနှင့်ပတ်သက်၍ လှုပ်ရှားမှုမရှိခြင်းသည် မနာခံခြင်းပင်ဖြစ်သည်။

(၁၃၇) အကယ်၍သာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်သာ၍တူလာပါက လူအများကို သွေးဆောင်စရာမလိုတော့ချေ။

(၁၃၈) တရုတ်နိုင်ငံ–ရှန်ဟိုင်းမြို့တွင် လူအများရှေ့လမ်းများပေါ်တွင် လေးလံသောဝန်ထုပ်ဝန်ပိုးများ တင်ထားသည့် တွန်းလှည်းကိုကူလီ ၄–၅ ဦး တွန်းသွားနေခြင်းသည် မြင်နေကျမြင်ကွင်းတစ်ရပ်ဖြစ်သည်။ မြေညီသောနေရာတွင် တွန်းလှည်းတွန်းရခြင်းသည် သူတို့အတွက်လွယ်ကူသော်လည်း မြင့်သောတံတားပေါ်သို့တွန်းရလျှင်မူကား သူတို့အခက် တွေ့ရပြီးသာ၍ အားစိုက်ရသည်။ တစ်နေ့တံတားတစ်စင်းပေါ်၌ ကျွန်ုပ်လမ်းလျှောက် လာစဉ် ကောင်းမွန်စွာ ဝတ်စားထားသည့်ကျွန်ုပ်သိသော တရုတ်လူကြီး လူကောင်း တစ်ဦးသည် လေးလံသောဝန်တင်လှည်းတစ်စင်းကိုတွန်းနေသော ကူလီများကို တံတားထိပ်ပေါ်သို့ လှည်းရောက်သွားအောင်ကူညီ၍ တွန်းပေးသည်ကို မြင်တွေ့ရသည်။ ဤမြင်ကွင်းသည် ထူးဆန်းသောမြင်ကွင်းဖြစ်သည်။ မည်သူမျှကူလီများကို ဤကဲ့သို့ကူညီလေ့မရှိ။ ခဏအကြာတွင် ထိုသူနှင့်ကျွန်ုပ်စကားပြောဖြစ်သည်။ သူက “ ကျွန်တော်အောက်ခြေလူတန်းစားအလုပ်သမားတွေကို စိတ်ဝင်စားတယ်။ ”ကျွန်ုပ်က “ ဟုတ်တယ်။ ခင်ဗျားစိတ်ဝင်စားမှုကို ကျွန်တော်လက်တွေ့မြင်ခဲ့ရပြီ။ သူက“ ဒါဟာကျွန်တော်အလုပ်ဘဲ သူတို့ဒီလို မနိုင်ဝန်ကို ထမ်းရတဲ့အခါတိုင်းမှာ ကျွန်တော်ကူညီတယ်။ ဒီလိုကူညီလိုက်ခြင်းအားဖြင့် သူတို့ကိုဧဝံဂေလိ သီတင်းကောင်းပြောဘို့ အခွင့်အရေးရတယ်။ သူတို့ကိုကျွန်တော်ပြောလေ့ရှိတာက ကျွန်တော်ဟာ သူတို့ကိုကူညီတာ ဟာခရစ်ယာန်တစ်ယောက်ဖြစ်နေလို့ဘဲ။ ကျွန်တော်ဟာ ယေရှုကိုချစ်တယ် ယေရှုကဝန်လေးသောသူများကိုချမ်းသာပေးတယ် “ ဒါ့ကြောင့် ယေရှုကိုချစ်တယ့် ကျွန်တော်လည်း သူတို့ကိုကူညီတယ် ”။

(၁၃၉) ၁၈၇၁ ခုနှစ် – ချီကာဂိုမြို့တွင် ဖြစ်ပါသည်။ မိန်းမတစ်ယောက်သည် သူ၏နွား တင်းကုပ်ထဲတွင် မီးခွက်ထွန်းလျက် နွားနို့ညှစ်နေပါသည်။ မီးခွက်မှ

မီးညွန့်ကလေး ပြာလဲ့လဲ့ ဖြင့်အလင်းရောင်ပေးလျက်ရှိသည်။ ရက်တရက်နွားသည် ခြေထောက်ဖြင့်မီးခွက် ကိုကန်မိရာမှ မြက်ခြောက်စလေးတစ်စကို မီးလောင်သည်။ ထိုမှတစ်ဆင့် တစ်စပြီးတစ်စ မြက်ခြောက်အားလုံး လောင်၍နွားတင်းကုပ်ပါလောင် သွားပါတော့သည်။ ထိုနောက် နွားတင်းကုပ်မှ အဆောက်အဦးတစ်လုံးပြီးတစ်လုံး ကူးစက်ကာ မြစ်ကြောင်းတစ်လျှောက် ချီကာဂိုမြို့ကြီး၏အဓိကအကျဆုံးနယ်မြေ (အကျယ် ၁မိုင်နှင့်အရှည် ၃မိုင်) မီးလောင် ကျွမ်းသွားသည်မှာ အဆောက်အဦးနှစ်လုံးသာကျန်ပါတော့သည်။ မီးခွက်ကလေး၏မီးညွန့်ကလေးသည် ချီကာဂို မြို့ကြီး ကိုပြာဖြစ်စေခဲ့ပါသည်။

အကယ်၍ဘုရားသခင်ထံမှ မီးယခုကျလာမည်ဆိုပါက သင်သည်မြက် ခြောက် ကလေးတစ်စ ဖြစ်ရန်လိုသည်။ သင်မှတစ်ဆင့် ဘုရားသခင်၏ မီးသည် တစ်ဆင့်ပြီး တစ်ဆင့် လောင်ကျွမ်းသွားကာ ကမ္ဘာမြေအနှံ့ဘုရားသခင်၏ သန့်ရှင်း သောမီးကူးစက်သွားနိုင်ပါသည်။

(၁၄၀) တရက်မျက်မမြင်တစ်ဦး ဆေးရုံသို့ရောက်လာပါသည်။ သာသနာပြုဆရာ ဝန်ကြီးမှ သူ၏မျက်စိအားခွဲစိတ်ကာ မျက်စိသူငယ်အိမ်ကို ဖုံးနေသည့်တိမ်များအား ဖယ်ရှားပေး လိုက်ပါသည်။ မျက်စိအလင်းပြန်ရသွားသောအခါ ထိုအရပ်မှ၀မ်း မြောက်စွာဖြင့် အိမ်သို့ပြန်သွား ပါသည်။ ရက်သတ္တပတ်အနည်းငယ်ကြာသောအခါ ဆေးရုံသို့သူပြန်ရောက်လာပါသည်။ ဤတစ်ကြိမ်တွင်မူသူသည် ကြိုးတစ်ချောင်း ကိုကိုင်လျက်ရှိပြီး ထိုကြိုးတန်းတစ်လျှောက် မျက်မမြင်အယောက်လေးဆယ်သည် ကြိုးကိုကိုင်လျက် လိုက်ပါလာပါသည်။ သူမျက်စိပြန်မြင်သောနေရာသို့ မျက်မမြင် များကို ခေါ်လာခဲ့ခြင်းဖြစ်ပါသည်။ ဝိညာဉ်ရေးရာ၌ထိုကဲ့သို့သော စိတ်ထားမျိုး ကျွန်ုပ်တို့၌ ရှိပါရဲ့လား။

(၁၄၁) အမေရိကန်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုကို သင့်အားကျွန်ုပ် ပြောပြချင်ပါသည်။ တစ်ခါကအင်မတန်ချမ်းသာသော အမေရိကန်သူဌေးကြီးတစ်ဦး သည် မက္ကဆီကိုမြို့ရှိ အလွန်ဆင်းရဲသော သာသနာပြုဆရာတစ်ဦး၏ တဲငယ်လေး သို့ ရောက်ရှိ လာပါသည်။ သူဌေးကြီးသည် ထိုတဲငယ်တွင် သာသနာပြုဆရာနှင့် တစ်ညအချိန်ယူ၍ သူ၏ သာသနာလုပ်ငန်းကို လေ့လာရန်ဖြစ်သော်လည်း သူပြန် သွားသောအခါ ဘာမျှပေးမသွားကြောင်း ထင်ရှားစွာ တွေ့မြင်ရသည် အဘယ့်

ကြောင့်ဆိုသော် ထိုတဲသို့ သူဌေးကြီး ရောက်လာသည်နှင့် သာသနာပြုဆရာကပြော သည်မှာ “ ကဲမိတ်ဆွေလိုအပ်တာရှိခဲ့ရင် ကျွန်တော်တို့ကိုပြောပြပါ။ မိတ်ဆွေလို အပ်တဲ့ပစ္စည်းမပါဘဲ ဘယ်လိုလူပ်ရှား နေထိုင်မလဲဆိုတာ ကျွန်တော်တို့မိတ်ဆွေကို ပြောပြပါမယ်။ ဒီနည်းနဲ့ဘဲ ကျွန်တော်တို့ဒီမှာနှစ်ပေါင်းများစွာနေထိုင်ခဲ့ပါပြီ။”

(၁၄၂) ကျွန်ုပ်လူငယ်ဘဝက တစ်နေ့တွင် ကျွန်ုပ်၏ဖခင်သည် အိမ်နီးနားချင်းတစ် ဦးအား မီးသွေးတစ်တန်ဝယ်ပေးပါရန် မှာကြားပြီး ပိုက်ဆံပေးခဲ့ပါသည်။ ကျွန်ုပ်တို့ တစ်မိသားစုလုံး အိမ်၌မရှိသောအချိန်၌ ထိုအိမ်နီးနားချင်းမှ မီးသွေးလာပို့သွားခဲ့ ပါသည်။ မီးသွေးသိုလှောင်သောနေရာကို ကျွန်ုပ်တို့စစ်ဆေးပြီးသောအခါကျွန်ုပ်မှ “ အဖေ– ဒီလူဟာမီးသွေး တန်ဝက်ဘဲလာပို့သွားတယ်။ ”အဖေက ကျွန်ုပ်အား ထို ကိစ္စနှင့်ပတ်သက်၍ ဘာမှမပြောခဲ့ပါ။ ရက်သတ္တပတ်အနည်းငယ် ကြာသောအခါ ထိုလူ၏အိမ်နှင့်တကွ ထိုလူပိုင်ဆိုင်သမျှ မီးလောင်ကျွမ်းသွားခဲ့ပါသည်။ ကျွန်ုပ်၏ ဖခင်ကြီးသည် ထိုလူနှင့်သူ၏မိသားစုကို ကျွန်ုပ်တို့အိမ်၌ နေရာချထားပေးခဲ့ပါသည်။ ကျွန်ုပ်သည်စပါးကျီထဲတွင် သွားအိပ်ရပြီး ကျွန်ုပ်အိပ်ရာ၌ သစ္စာမရှိသောသူ အိပ် စက်နေရခြင်းအား ကျွန်ုပ်များစွာ မကျေနပ်ဖြစ်မိပါသည်။ နောက်တစ်နေ့နံနက်မိုး လင်းသောအခါ စပါးကျီအောက်၌ ကျွန်ုပ်ဖခင်နှင့် ထိုလူစကားပြောနေသည်ကို ကျွန်ုပ်ကြားပါသည်။ “ ခင်ဗျားဟာ ကျွန်တော့်အပေါ်မှာ များစွာကောင်းခဲ့ပါ တယ်။ ကျွန်တော်ကတော့ခင်ဗျားရဲ့မီးသွေးတန်တစ်ဝက်ကို လိမ်ညာယူခဲ့ပါတယ်။ ကျွန်ုပ် ကိုခွင့်လွှတ်ပါ။ ”ဟုငိုရှိုက်၍တောင်းပန်နေပါသည်။ ထိုနောက် သူနှင့်ကျွန်ုပ်ဖခင် အတူတကွ ဒူးထောက်၍ဆုတောင်းကြပါသည်။ ထိုနေ့မှစ၍ ထိုသူသည်မိမိဘဝ အ သက်တာအား ခရစ်တော်ကိုဆပ်ကပ်အပ်နှံခဲ့ပါတော့သည်။

(၁၄၃) ခရစ်ယာန်ဧဝံဂေလိဆရာတစ်ဦးမှ လန်ဒန်မြို့ရှိ ဆင်းရဲသားမိန်းမတစ်ဦး၏ အကြောင်းကိုပြောပြသည်မှာ သူမသည် ခရစ်တော်၏ အကြောင်းကို ကြားသိရပြီး ကယ်တင်ခြင်းခံစားရကာ ဝမ်းမြောက်စွာဖြင့် အိမ်သို့ပြန်သွားခဲ့ပါသည်။ မကြာခင် မှာပင် ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းသည့် သက်သေခံချက်များ သူမထံမှ ထွက်ပေါ်လာပါတော့သည်။ သို့သော်သူမပြောသည်မှာ “ကျွန်မရဲ့ပတ်ဝန်းကျင်မှာ မကောင်းမှုဒုစရိုက်တွေ သိပ်ပေါများလို့ အဲ့ဒီနေရာကနေ ကျွန်မပြောင်းရလိမ့်မယ်။” ထိုစကားကိုကြား သောသာသနာပြုဆရာက သူမနှင့်တွေ့ဆုံ၍ “ ကဲအခုမြို့တော်

ကောင်စီက အဲဒီနေရာမှာရှိ တဲ့ လမ်းမီးတွေအားလုံးမှိတ်လိုက်ပြီး အိမ်နီးနားချင်းတွေ တစ်ယောက်ကိုတစ်ယောက် ကူညီရမယ်ဆိုတဲ့ အမိန့်ထုတ်လိုက်ရင် ဘယ်လိုလုပ်မလဲ။ ဆိုလိုရင်းကို ရိပ်မိသော ထိုအမျိုးသမီးမှ ပြုံးလျက်ပြန်ပြောသည်မှာ– " အိုသိပ်ကောင်းတာပေါ့။ အဲဒါအစားဒီနေရာမှာ တစ်ခြားမီးပြန်လင်းလာတာပေါ့။"

(၁၄၄) ယနေ့ကမ္ဘာလူဦးရေသည် တစ်နေ့တစ်ခြားသာ၍ တိုးပွားလာသောကြောင့် စပါးခင်းသည်လည်း ရိတ်သိမ်းရန် ကြီးမားကျယ်ပြန့်လာပါသည် စပါးရိတ်ခြင်းဆိုသည်မှာ လက်နှင့်ရိတ်ခြင်းဖြစ်သည်။ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ပင်လယ်ကျွန်းစုများမှစ၍ ကမ္ဘာ့နိုင်ငံများတွင် ဂျုံ–စပါးများရိတ်သိမ်းရာမှာ လက်နှင့်ရိတ်ရန် ခက်ခဲလာသောကြောင့် လက်နှင့်မရိတ်ကြတော့ပေ။ ရှသခေတ်ကကဲ့သို့ လက်နှင့်ရိတ်ခြင်းသည် ယနေ့ခေတ်မမှီတော့ပေ။

သို့သော်ဝိညာဉ်ရေးရာ ရိတ်သိမ်းခြင်းဆိုရာ၌မူကား ထိုကဲ့သို့မဟုတ်ပေ။ လက်နှင့် ရိတ်ခြင်းကသာလျှင် အကောင်းဆုံးဖြစ်ပါသည်။ ဝိညာဉ်ရေးရာဆိုသည်မှာ တစ်သီး ပုဂ္ဂလ ဖြစ်ပါသည်။တစ်ဦးစီ၏ အောင်မြင်ခြင်းနှင့် တစ်ဦးစီအား သီးသန့်ကျွေးမွေးပြုစုခြင်း ဖြစ်ပါသည်။ ဘုရားသခင်ရှေ့မှောက်သို့ ဝိညာဉ်များစွာ ရှုတ်ထွေးလျက် ရောက်ရှိလာခြင်းမဟုတ်ပါ။ တစ်ဦးစီသီးသန့် တို့ထိခြင်းဖြစ်သည်။ ဟင်နရီဝဒ်ဘီချားဆိုသူကပြောသည်မှာ" လူအုပ်ထဲမှာရှိတဲ့လူတစ်ဦးနဲ့သာသနာပြုဆရာတစ်ဦးရှိနေတဲ့နေရာမှာ တရားဟောချက်တွေ ရှိနေမယ်ဆိုတာကို အသက်ရှင်နေသမျှစိတ်ချနေမှာပါ။ တရားဟောဆရာတစ်ဦး ကလူတစ်ဦးသို့ ရည်ရွယ်ပြီးပြောတာနဲ့ ပတ်သက်လို့ မေးစရာမေးခွန်းမရှိပါ။

(၁၄၅) ကျွန်ုပ်အား 'ဖရက်' တစ်ခါကပြောပြသည်မှာ " တစ်ခါတုန်းက ကျွန်တော်ဟာဘယ်မှမသွားနိုင်တော့တဲ့ အဖိုးကြီးတစ်ဦးနဲ့ ကျွန်တော်အမေအားအရေးကြီးတဲ့ ကိစ္စတစ်ခု ပြောကြဘို့ နှစ်နာရီအချိန်ပေးမယ်လို့ သဘောတူထားပြီးမှ မသွားဖြစ်ပါဘူး။ အဖိုးကြီးနဲ့ ကျွန်တော့်အမေဟာ ကျွန်တော်ကိုစောင့်နေကြရတယ်။ နောက်ဆုံးတော့ အဖိုးကြီးဟာ ကျွန်တော့်ရဲ့ပုခုံးကိုအသာအယာဖက်ပြီး " ကောင်လေးမင်းသန့်ရှင်းသောဝိညာဉ်တော်ထက် အခြားအရာတွေကို ဘာကြောင့်ဦးစားပေးနေတာလဲ။" ပျက်စီးနေသော အခြေအနေများနှင့် ရန်းကန်နေရသော အနေအထားမှာ ကျွန်တော်သည် ဘုရားသခင်အားလက်ခံ၍ ကျွန်တော့်အားဆုတောင်းပေးပါရန် အဖိုးကြီးအား

တောင်းဆိုပါသည်။ သူသည်လည်း ကျွန်တော့်အားချက်ခြင်းဆုတောင်းပေးပါတယ် ကျွန်တော်စဉ်းစားမိသည်မှာ– “ သူသည်ကျွန်တော်ထွက်ခွာသွားမှာကို စိုးရိမ်ပြီးသူ့၏နောက်ဆုံးအခွင့်အရေးကို အကောင်အထည်ဖော်ခြင်းသာ ဖြစ်သည်။ သို့မဟုတ်ပါက နှစ်နာရီကြာသူနှင့်အတူတူထိုင်၍ စကားပြောနေခြင်း အားသူနှစ်သက်သဘောကျနေမည်သာဖြစ်သည်။

(၁၄၆) တစ်ခါတုန်းကလူတစ်ဦးသည် သူ၏အိမ်တွင် ခရီးသွားတစ်ဦးကျန်ရစ်ခဲ့သောဆာလံကျမ်းစာ မိတ္တူတစ်စောင်အား ရရှိခဲ့ပါသည်။ ထိုနောက် စတင်ဖတ်ရှုရာမှ တဖြည်းဖြည်း သာ၍စိတ်ဝင်စားလာပါသည်။ နောက်ဆုံးသူကိုးကွယ်သောရုပ်ထုများကိုစွန့်ပစ်၍ ဒါဝိဒ်ကိုးကွယ်သော ထာဝရဘုရား၏ ဆာလံသီချင်းများဖြင့်သူအားထင်ရှား သော ထာဝရဘုရားကို အနှစ်နှစ်ဆယ်တိုင် ကိုးကွယ်ပါတော့သည်။ ၅၁ ခုမြောက်သော ဆာလံသည် မနက်တိုင်းသူဆုတောင်းသောအခါ ရွတ်ဆိုသောဆာလံဖြစ်သည်။ အနှစ်နှစ်ဆယ်ကြာပြီးမှ သာသနာပြုဆရာတစ်ဦးထံမှ ဓမ္မသစ်ကျမ်းစာအုပ်တစ်အုပ်ကို ရရှိခဲ့ပါသည်။ သူ၏နှလုံးသားတွင်းမှ ဝမ်းမြောက်ခြင်းဖြင့် သူပြောသည်မှာ “ အနှစ်နှစ်ဆယ်လုံးလုံး ကြယ်ရောင်အောက်မှာဘဲ ငါလျှောက်လှမ်းခဲ့ရတယ်။ အခုတော့ ငါနေမင်းကြီးကို တွေ့ရပြီ ”ကျွန်ုပ်တို့သည်လည်း ထိုနှိမ့်ချသောမြန်မာအမျိုးသားတစ်ဦးကဲ့သို့ အလင်းရောင်နှင့်ပတ်သက်၍ သစ္စာရှိမည်ဆိုပါက “ကျွန်ုပ်တို့၏အသက်တာများသည် သခင်ဘုရား၏ ချီးမြှင့်လှစွာသော အလင်းတန်းများဖြစ်လာပေလိမ့်မည်။

(၁၄၇) အိန္ဒိယပြည် တောင်ပိုင်းရှိရွာတစ်ရွာ၌ ဧဝံဂေလိဆရာတစ်ဦးသည် သမ္မာကျမ်းစာကိုဖွင့်လျက် ဖတ်ရှုကာ ခရစ္စမတ်အကြောင်းကို ဟောပြောဝေငှလေ၏။ ရွာသားတစ်ဦးမှ “ ဘုရားသခင်၏သားတော် ဤလောကသားများအတွက်ဖွားမြင်ခြင်းခံတော်မူတာ ဘယ်လောက်ကြာသွားပြီလဲ။” ဧဝံဂေလိဆရာမှ “နှစ်ပေါင်းနှစ်ထောင်ခန့် ရှိသွားပါပြီ” ထိုရွာသားမှပြန်မေးသည်မှာ “ ဒီလောက်ကြာတဲ့အချိန်တိုင်ဒီစာအုပ်ကိုဘယ်သူဝှက်ထားတာလဲ။ ဘုရားသခင်သားတော်ကို လိုအပ်နေတဲ့အချိန်မှာ သူ့အကြောင်းရေးထားတဲ့ဒီစာအုပ်ကို သိမ်းဆည်းထား၊ ဝှက်ထားတာဟာတော်တော်ဆိုးတာပဲ။”

(၁၄၈) ကမ္ဘာ့လူဦးရေ၏ ၉%သည် အင်္ဂလိပ်စကားပြောနိုင်ပြီး ကျန်၉၁%သည် အင်္ဂလိပ်စကား မပြောတတ်ကြချေ။ ကမ္ဘာပေါ်တွင်ရှိသော ခရစ်ယာန်၉၀% သည် အင်္ဂလိပ်စကား ပြောနိုင်သော ၉%ထဲမှဖြစ်ပြီး အင်္ဂလိပ်စကား မပြောနိုင်သော၉၁% ထဲမှ ၁၀%သာ ခရစ်ယာန်ဖြစ်လေသည်။ ကမ္ဘာပေါ်တွင်ရှိသော သိက္ခာရဓမ္မဆရာများ၏ ၉၄% သည် အင်္ဂလိပ်စကားပြောနိုင်သော ၉% ကို သာသနာပြုပြီး ၆% သာလျှင် အင်္ဂလိပ်စကားမပြောနိုင်သော ၉၁% ကို သာသနာပြုလေသည်။ သာသနာပြုရန်အတွက် ရရှိသောအလှူငွေ၏ ၉၆% ကို အင်္ဂလိပ်စကားပြောနိုင်သောသူ ၉% ကိုသာသနာပြုရာ၌ အသုံးပြုပြီး ၄% ကိုသာလျှင် အင်္ဂလိပ်စကားမပြောနိုင်သောလူ ၉၁%ကို သာသနာပြုရာ၌အသုံးပြုသည်။

ဤအရာသည် မျှတမှုရှိပါရဲ့လား။ ဤအရာသည်ခရစ်ယာန်များ၏ ကမ္ဘာလုံးဆိုင်ရာရုပ်ပုံဖြစ်ပါသလား။

(၁၄၉) ငွေကြေးချမ်းသာသော အမျိုးသမီးတစ်ဦးသည် အကြောင်းမလှသဖြင့် နားမကြားရသော်လည်း လန်ဒန်မြို့ရှိခန်းမတစ်ခုတွင် ပြည့်စုံသောဧဝံဂေလိတရားဟောပွဲများအား သူ၏ငွေကြေးကိုအသုံးပြု၍ ဆင်းရဲသောသူများအတွက် ကျင်းပလေ့ရှိသည်။ တစ်ရက်တရားဟောပွဲကျင်းပနေစဉ် တရားဟောဆရာမှသူမအားမေးသည်မှာ–" ဒီလောက်မွန်မြတ်တဲ့ လုပ်ဆောင်မှုမှာ ခင်ဗျားအနေနဲ့ ဘယ်အပိုင်းကဏ္ဍမှာ ပါဝင်ပါသလဲ။ " သူမငြိမ်သက်စွာဖြင့်ပြန်ပြောသည်မှာ– "တရားဟောပွဲကို လာတဲ့ လူတွေဒီကိုဝင်လာတဲ့အခါ သူတို့ကိုကျွန်မ ပြုံးပြပါတယ်။ မကြာမီမှာပင် သူမ၏ စာနာမှုအပြည့်ဖြင့် ပြုံးပြသောအပြုံးကြောင့် ခန်းမထဲသို့ဝင်လာသော အလုပ်သမားများ ၏ ဝမ်းမြောက်မှုကိုတရားဟော ဆရာကိုယ်တိုင်မြင်ရလေသည်။ အသက်မုန့်ကိုဝေငှသူများသည် အသက်မုန့်နှင့်မဆီလျော်သည့် ပြုမူလုပ်ရှားဆောင် ရွက်မှုများမရှိသင့်ပေ။

(၁၅၀) လန်ဒန်မြို့ရှိ အင်မတန်စိတ်အားထက်သန် ၍နီရဲတောက်လောင်သော ဧဝံဂေလိ ဆရာတစ်ဦးသည် တစ်ရက်နံနက်ခင်း၌ ဝတ်စုံအပြည့်ဝတ်စားဆင်ယင်၍လူစည် ကားသောလမ်းမ၌ လမ်းလျှောက်လာသည်။ မျက်နှာချင်းဆိုင် လမ်းလျှောက်လာသူများသည် သူ၏ဦးထုပ်၌ ထင်ရှားစွာ ချိတ်ထားသည့်စာတန်းကြောင့် သရော်ပြုံး၊ လှောင်ပြုံးပြုံး ကြသည်။ ထိုစာတန်းမှာ " ခရစ်တော်အတွက်လူမိုက် " ဟူ၍

ဖြစ်သည်။ လူအများက သူကို ထိုစာတန်းကြောင့် ဘာသာရေးအစွဲကြီးသူဟု ယူဆကြသော်လည်း သူ့ကိုကျော်ဖြတ်သွားပြီး ပြန်လှည့်ကြည့်ကြသောအခါ၌မူ ဦးထုပ်၏အနောက်မှာ ရေးသားထားသောစာတန်းကြောင့် မပြုံးနိုင်မရယ်နိုင် ဖြစ်ကြရလေတော့သည်။ထိုစာသားမှာ“ သင့်အတွက် မည်သူမိုက်ရဲပါသနည်း။ ”(၁ကောင်း၁၀)

(၁၅၁) ပီတာစထရိုက်ကာဆိုသူသည် တစ်ချိန်သောအခါက မယုံကြည်သောတရားခမ္ဘလိုက်စားသည့် မိတ်ဆွေတစ်ဦးထံမှ သင်ယူရရှိခဲ့သော အမှတ်လက္ခဏာတစ်ရပ်အား ဘယ်သောအခါမျှ မမေ့နိုင်ချေ။ သူပြောသည်မှာ “ ကျွန်ုပ်လည်းသင့်လိုဘဲယုံကြည်ချင်ပါတယ်။ ကျွန်ုပ်ရဲ့ဆွေမျိုးအများစုဟာ အပြစ်ကြောင့် ပျက်စီးနေကြရတယ်။ ကျွန်ုပ်ဟာမနားရပါဘူး။ နေ့ရောညပါ လုပ်ဆောင်နေပါတယ်။ သူတို့ကိုကယ်တင်ခြင်းရစေချင်ပါတယ်။ တစ်ချို့ကိုခရစ်တော်ဘက် ပြန်လှည့်လာဘို့တောင်းပန်ခဲ့ပါတယ်။ ဒါပေမဲ့ ခရစ်ယာန်တရားဟောဆရာအများစုရဲ့ လုပ်ဆောင်မှုတွေဟာကျွန်ုပ်ကိုအံ့အားသင့်စေပါတယ်။ သူတို့ဟာသူတို့ရဲ့နှုတ်ကထွက်တဲ့ စကားအတိုင်းအသက်မရှင်ကြပါဘူး။ ကျွန်ုပ်တို့ရှေ့နေတွေဟာ ပြောတဲ့အတိုင်း မလုပ်ဆောင်ရင်ထုချေလွှာတင်ရပါတယ်။ အကယ်၍များ ခရစ်ယာန်တရားဟောဆရာများလို အပြောနဲ့အလုပ်မညီရင်ကျွန်တော်တို့ ရှေ့နေတွေဟာ အမှုတစ်မှုမှ လိုက်ရမှာမဟုတ်ဘူး။ မယုံကြည်သူကျွန်ုပ်ရဲ့မိတ်ဆွေ ရှေ့နေထံမှ စိတ်လှုပ်ရှားဖွယ်ရာ တရားဟောချက်တစ်ပိုဒ်ပါဘဲ။ ကျွန်ုပ်ရဲ့အရိုးအသားထဲထိအောင် မီးတောက်လောင်စေပြီးအသက်ရှင်နေသမျှကာလပတ်လုံး လောင်မြိုက်နေမှာပါ။

(၁၅၂) ဘုရားကျောင်း၏ခေါင်းလောင်းထိုးရန်ထက် အိမ်တံခါးများ ခေါင်းလောင်းထိုးရန် သာ၍လိုအပ်သည့်ဟု ရှေ့ရှာဘက်ဆင်မှပြောပါသည်။ မှန်ပါသည်။ တစ်ခါတရံအချို့သောသူများအတွက် ကျွန်ုပ်တို့သည် ကောင်းကင်ဘုံမှ နေ၍ရောက်လာသော ဧည့်သည်များ ဖြစ်နေတတ်ပါသည်။

(၁၅၃) ကြယ်ရောင်လရောင်ကင်းမဲ့နေသော မိုးကောင်းကင်ပန်းချီကားကို ညအချိန်၌ချိတ်ဆွဲပါ။ တောင်တန်းများ၏ မြင်ကွင်းသည်လည်း အမှောင်ထဲမှာ မြင်နိုင်ရန်ခက်ခဲလှပါသည်။ မြေပြင်ရှုခင်းများနှင့် ပင်လယ်ကမ်းခြေသည်လည်း ကန့်လန့်ကာနှင့် ပိတ်ထားပါသည်။ အတိတ်ကာလမှာလည်း မှောင်နေခဲ့ပြီး ထိတ်လန့်ဖွယ်ရာ

အမှောင်ရိပ်ကို ထပ်ဖြည့်လိုက်ပါ။ ထိုအမှောင်ရိပ်ကို ဆာလောင်မှုဟုအမည်တပ်၍ ဝမ်းနည်းနေသောယောကျ်ား၊ ပူဆွေးသောကရောက်နေသည့် မိန်းမနှင့် ကလေးများ ကိုပါထပ်ပေါင်းလိုက်ပါ။

ဤပုံသည် သေမင်း၏အရိပ်လွှမ်းမိုးရာဒေသ၌ ရှိနေသောဘုရားတရားကင်းမဲ့ သူများ၏ကမ္ဘာ ဖြစ်သည်ဟု ပရောဖက်များအားဖြင့်သိရပါသည်။ သူတို့သည် အင်မတန် ကြာရှည်သောညတာကို ဖြတ်သန်းရင်း နံနက်ခင်းကို စောင့်မျှော်နေကြ သူများ ဖြစ်ပေသည်။

(၁၅၄) ခမ္ဘသစ်ကျမ်းတွင်တွေ့ရသော ဧဝံဂေလိလုပ်ငန်းသည် ယုံကြည်သူတိုင်း၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်ပမာဖြစ်သည်။ ယခုကျွန်ုပ်တို့က တစ်ဦးချင်းဧဝံဂေလိလုပ်ငန်းအား အချိန်ကာလ၊ နယ်မြေဒေသပိုင်းခြား၍ အထူးနည်းလမ်းများ၊ အထူးသင်တန်းများဖြင့် လေ့လာခံယူကြခြင်းသည် အရင်းအမြစ်မှစ၍ မှားယွင်းသွားခြင်းဖြစ်ပါသလား။ အချိန်ပေးနိုင်မှ၊ ဆန္ဒရှိမှသာလျှင်လုပ်ဆောင်စေဟုဆိုလျှင် လုံးဝမှားယွင်းသွား ပေလိမ့်မည်။

(၁၅၅) ငါ့သား၊ အကယ်၍ဘုရားသခင်က သင့်အားသာသနာပြုတစ်ဦး ဖြစ်လာရန် အတွက် ရွေးကောက်ခေါ်ယူမည်ဆိုပါက ဘုရင်များအား အပြစ်ဝန်ခံစေမည့်သူတစ် ဦးအဖြစ် သင့်အားမြင်တွေ့ရမည်ဖြစ်သောကြောင့် သင်၏ယခင်ကအုပ်ထိန်းသူ စာတန်မှာ ဖြေမဆည်နိုင်အောင် ဝမ်းနည်းပူဆွေးနေပါလိမ့်မည်။

(စီ–အိပ်ချ်) –စပါချင်) (တမန်တော် ၂၆း၁၇–၁၉)

(၁၅၆) နယူးယောက်မြို့တော်တွင် ကျင်းပသော နိုင်ငံတကာလူငယ်ညီလာခံ တစ်ရပ်တွင် အမေရိကန်လူငယ်တစ်ဦးက တတိယကမ္ဘာ့နိုင်ငံမှ ယဉ်ကျေးသော အမျိုးသမီးငယ် တစ်ဦးအား သူတို့နိုင်ငံတွင် လူအများစုမည်သည့်ဘာသာတရားကို ကိုးကွယ်သနည်းဟု မေးပြီးနောက် ဘာသာတရားအားလုံးသည် နောက်ဆုံးအတူတူ ပင်ဖြစ်ကြောင်းပြောပါ သည်။ ထိုအမျိုးသမီးငယ်မှ အမေရိကန်လူငယ်အား စေ့စေ့ ကြည့်ပြီးမှ “ တကယ်လို့များ ရှင်သာကျွန်မတို့နိုင်ငံမှာ နေမည်ဆိုရင် ဒီလိုစကား မျိုးပြောမှာမဟုတ်ဘူး။ ကျွန်မတို့နိုင်ငံ မှာ မသိနားမလည်တဲ့အရာကို အယူသည်းစွာ စွဲလန်းကိုးကွယ်နေကြတာ ရာစုနှစ်များစွာရှိခဲ့ပြီး လူမှုရေးမညီမျှတဲ့ပြဿနာတွေ

ကြောက်ရွံ့မှုတွေကို ကျွန်မတို့လူမျိုးတွေခံစားနေကြရတယ်။ ကျွန်မတို့ရဲ့နိုင်ငံမှာ သမ္မာတရားလိုအပ်နေတယ်။ ကျွန်မခရစ်ယာန်တစ်ဦးဖြစ်လာ ကတည်းကတန်ဘိုးရှိလာတယ်။ အကယ်၍ရှင့်ရဲ့ ဘာသာတရားက ရှင့်ကိုသာ၍တန်ဘိုးရှိစေတယ် ဆိုရင် ရှင်ဟာပို၍ သိတတ်မြင်တတ်ရမယ်။ ကျွန်မတို့နိုင်ငံမှာ ခရစ်တော်ကို လိုအပ်နေပါတယ်။”

(၁၅၇) စစ်တပ်စခန်းတစ်ခုတွင်းရှိ စစ်ဗိုလ်တစ်ဦး၏ နားထဲတွင်တိုးညှင်းသော အသံတစ်သံကို ထပ်ခါတလဲလဲကြားနေရသည်။ ထိုအသံက ပြောနေသည်မှာ “ သူ၏အထက်အရာရှိ ဗိုလ်မှူးကြီးထံသို့သွား၍ ဝိညာဉ်ရေးရာကိစ္စ ပြောဆိုရန်ဖြစ်သည်။ ထိုအသံကို ထပ်ခါတလဲလဲ ကြားနေရ၍ သူသည်းမခံနိုင်တော့ချေ။ အလွန်ပင်ပန်းလှပါပြီ။ သူ၏နေရာတွင်ပင် သူမနေနိုင်တော့ချေ။ မိမိ၏အထက်လူကြီးကို ဤကဲ့သို့သွားရောက်ပြောဆိုရာ၌ အခန့်မသင့်လျှင် စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုပင်ခံရနိုင်ပြီး အပြစ်ဒဏ်ကျခံရနိုင်သည်။ ထို့ကြောင့် ထိုအသံကို တွန်းလှန်ရန်သူကြိုးစားသည်။ သို့သော်မရပါချေ။ နောက်ဆုံးတွင် ထိုဗိုလ်ကြီး၏ အခန်းရှေ့သို့တုန်လှုပ်စွာဖြင့် သူရောက်ရှိလာပါပြီ။ ဗိုလ်ကြီးက “မင်းဒီကိုဘာလာ လုပ်တာလဲ ”စစ်ဗိုလ်လေးက သူမခံနိုင်တော့သော ထိုအသံ၏တွန်းအားပေးမှုကို ကြောက်ရွံ့စွာဖြင့် ရှင်းပြပြီးနောက် ကယ်တင်ရှင်ယေရှု၏ အကြောင်းကို သက်သေခံ ပြောကြား ပါသည်။ ပြောစရာကုန်သွားသောအခါမှ ဗိုလ်ကြီးက အံဆွဲကိုဖွင့်ကာ သူ၏သေနတ်ကို ထုတ်လိုက်ပါသည်။ ထိုနောက် စစ်ဗိုလ်လေးအားပြောပြသည်မှာ “ မင်းသာငါ့ အခန်းတံခါးကို (၅) မိနစ်နောက်ကျပြီး ခေါက်မယ်ဆိုရင် ငါမင်းကိုပြန်ထူးနိုင်မှာ မဟုတ်တော့ဘူး။ မင်းလာတဲ့အချိန်မှာ ငါဟာဒီသေနတ်နဲ့ ကိုယ့်ကိုကိုယ်ပြန်ပစ်သတ်မလို့ဘဲ။ မင်းရောက်လာပြီးပြောပြတဲ့အရာက ငါ့ရဲ့မျှော်လင့်ချက်တွေကို ပြန်ရှင်သန်လာစေတယ်။ မနက်ဖြန်မနက်လည်း ပြန်လာပြီး ယေရှုခရစ်တော်ရဲ့အကြောင်းကို ထပ်ပြောပါဦး။ ”ထို့နောက်သေနတ်ကိုငုံ့ကြည့်ပြီး “ ငါဒီသေနတ်ကို အသုံးမပြုတော့ဘူး” နောက်နေ့မနက်တွင် သူတို့အတူတူဒူးထောက်၍ဆုတောင်းကြပါသည်။ သူတို့နှစ်ဦး၏နှလုံးသားထဲတွင် နက်နဲလှသော ဝမ်းမြောက်ခြင်းကို ခံစားရပါသည်။ သူ့ကိုဘုရားသခင်အသုံးပြုပြီး ဝိညာဉ် တော်အားဖြင့်ကယ်တင်ခဲ့ပါသည်။ ထိုထက်သာမက ယေရှုခရစ်တော်၌ အသစ်ပြုပြင်ခြင်းခံရသောသူတစ်ဦးဖြစ်လာခဲ့ပါသည်။

(၁၅၈) ဆောင်းရာသီကာလ အင်မတန်အေးမြသော နံနက်၃နာရီခန့်တွင် ဖြစ်ပါသည်။ သာသနာပြုဆရာတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရန်လျှောက်ထားသူတစ်ဦးသည် သူ့ကို စစ်ဆေးမည့်သူ၏အိမ်လေ့ကားအတိုင်းတက်လာပါသည်။ သူ့ကိုစစ်ဆေးမည့်သူနှင့်နံနက် ၈နာရီ မှသာလျှင် တွေ့ဆုံရပါသည်။ အသက်အရွယ်ကြီးနေပြီးဖြစ်သည့်ဓမ္မဆရာကြီးက သူ့အားမေးပါသည်။ "မင်းစာလုံးပေါင်းတတ်သလား။" "ဟုတ်ကဲ့" "ကောင်းပြီ ဘိတ်ကာ ဆိုတာကို ပေါင်းပြပါ။" "ဘီ.အေ.ကေ.အီး.အာရ် ဘိတ်ကာ "တော်လိုက်တာ။ ကဲ နောက်တစ်ခါမင်းကိုမေးမှာက " မင်းအတွက်အချက်တက်သလား "ဟုတ်ကဲ့နည်းနည်းပါး ပါးတတ်ပါတယ်။ နှစ်နဲ့နှစ်ပေါင်းရင်ဘာရသလဲ။ " "လေးရပါတယ်။ " "သိပ်တော်လိုက်တာ" ကောင်းပြီ ဒီစာမေးပွဲကို မင်းအောင်မြင်မည်လို့ ငါယုံကြည်ပါတယ်။ ငါမနက်ဖြန်ဘုတ်အဖွဲ့ဝင်တွေနဲ့အစည်းအဝေးရှိတယ်။

နောက်တစ်နေ့ဘုတ်အဖွဲ့ အစည်းအဝေး၌ " ဒီလူမှာသာသနာပြုဆရာတစ်ဦးမှာ ရှိသင့်တဲ့အရည်အချင်းများနဲ့ ပြည့်စုံပါတယ်။ "နံပါတ်(၁) ကျွန်တော်သူ့ကိုမိမိကိုယ်ကို ငြင်းပယ်နိုင်သလား စစ်ဆေးပါတယ်။ သူ့ကိုမနက် (၃)နာရီမှာကျွန်တော့်ဆီလာဘို့ခေါ်တဲ့အခါမှာ သူဟာနွေးထွေးတဲ့သူ့ရဲ့အိပ်ယာ ကိုစွန့်ခွာပြီးကျွန်တော်ဆီကို မညည်းတွားဘဲရောက်လာပါတယ်။ " "နံပါတ် (၂) သွက်လက်တိကျမှုရှိမရှိစစ်ဆေးတဲ့အခါ သူဟာချိန်း ထားတဲ့အချိန်အတိအကျ ရောက်ရှိလာပါတယ်။"နံပါတ် (၃) သည်းခံနိုင်မှုရှိမရှိစစ်ဆေးတဲ့ အနေနဲ့ ၅နာရီတိတိသူ့ကို စောင့်ခိုင်းပါတယ်။" "နံပါတ် (၄) ချုပ်တည်းမှုရှိမရှိစစ်ဆေးမှု ကိုလည်းအောင်မြင်ပါတယ်။ မနက် (၃) နာရီမှာခေါ်ထားပြီး ဘာကြောင့် (၈) နာရီထိုးမှ သူ့ကိုတွေ့ရတာလဲဆိုတာ လုံးဝမမေးမြန်းပါဘူး။ " "နံပါတ် (၅) သူ့ကိုနှိမ့်ချမှုရှိမရှိစစ်ဆေးတဲ့အနဲ့ (၅) နှစ်သားကလေးတောင် ဖြေနိုင်တဲ့မေးခွန်းတွေကို မေးတဲ့အခါဘာမှ အထွန့်မတတ်ဘဲဖြေဆိုခဲ့ပါတယ်။ ဒါ့ကြောင့်သူဟာ အရည်အချင်းရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်တို့လိုအပ်နေတဲ့သာသနာ ပြုဆရာဟာ သူပါဘဲ။

(၁၅၉) ကျွန်ုပ်သည် အင်မတန်အတ္တကြီးသူတစ်ဦးဖြစ်၍ ကိုယ့်အကျိုးအတွက်မဟုတ်လျှင် အခြားဘယ်အရာကိုမျှ ဂရုစိုက်သူမဟုတ်ချေ။ သို့သော်ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းအကြောင်း လုံးလုံးလျားလျား မသိသော်ငြားလည်း ဘုရားသခင်၏ဦးဆောင်မှုကိုခံယူ၍ ဧဝံဂေလိသတင်းစကား ဝေငှမိသည်ဆိုပါစို့။ ထိုကဲ့သို့ကျွန်ုပ်၏ ဝေငှဟော

ပြောမှုကြောင့် သနားဖွယ်ရာကောင်းသော လူတစ်ဦး၏ အသက်တာ ပြောင်းလဲသွားကြောင်းကြားသိရချိန်မှာ အင်မတန်ဝမ်းမြောက်မိပါသည်။ ကလေးငယ်တစ်ဦးကို အောင်မြင်စွာမွေးဖွားပြီးချိန်မှာ ဝမ်းမြောက်ခြင်းမခံစားရသည့် မိခင်တစ်ဦးမျှမရှိချေ။ ခက်ခဲလှသည့်တိုက်ပွဲကိုအောင် မြင်စွာတိုက်ခိုက်ပြီးချိန်မှာ ဝမ်းမမြောက်သည့် စစ်သည်တစ်ဦးမျှမရှိချေ။ (ချာလ်းစပါဂျင်)

(၁၆၀) အကြောင်းအရာတစ်ရပ်အား ရှင်းလင်းသောပုံဥပမာများဖြင့် အသက်ဝင်အောင် မပြောနိုင်ပါက ထိုအကြောင်းအရာအားမပြောပါနှင့်။

(၁၆၁) လူငယ်ဓမ္မဆရာတစ်ဦးသည် မြို့ငယ်တစ်မြို့သို့ ပထမဦးဆုံးအတွေ့အကြုံအဖြစ် သင်းအုပ်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာပါသည်။ ပျောက်ဆုံးနေသောဝိညာဉ်များကို ကယ်တင်ရန်ဆန္ဒကြီးစွာရှိနေပါသည်။ အထူးသဖြင့်ထိုမြို့မှ ဆေးဆိုင်ပိုင်ရှင်တစ်ဦးအတွက် ဝန်ထုပ်သဖွယ်ဖြစ်မိကာ တစ်ရက် ဆေးဝယ်ရင်းသူ၏ဝိညာဉ်အတွက် ကယ်တင်ရှင်လိုအပ်ကြောင်း ဧဝံဂေလိသိတင်းစကားဝေငှပြောကြားပါသည်။ ဆေးဆိုင်ပိုင်ရှင်မှ လေးစာစွာဖြင့် နားထောင်ပြီးမှ သင်းအုပ်ဆရာအားဆေးဆိုင်အနောက်ဘက်မှ ရုံးခန်းထဲသို့ခေါ်သွားပါသည်။ ထို့နောက် ငွေစာရင်းစာအုပ်အားဖွင့်၍ အကြွေးစာရင်းတစ်ခုအားထောက်ပြကာ“ ဒီအကြွေးစာရင်းယူထားတဲ့လူကိုဆရာသိပါသလား။ ” “ဟာသိတာပေါ့ ” ဒီအကြွေးစာရင်း ဘယ်လောက်ကြာနေပြီလဲဆိုတာကြည့်ပါ။ “ ဟုတ်ကဲ့ ” ဒီလူဟာအကြွေးကိုပေးနိုင်တယ်ဆိုတာဆရာသိပါတယ်နော်။” “ ဟာသိတာပေါ့။ ” “ ဒီပုဂ္ဂိုလ်ဟာ ကျွန်တော်တို့အသင်းတော်က ငွေကြေးကြွယ်ဝတဲ့ အသင်းသားတစ်ယောက်ဘဲ”။ ဆေးဆိုင်ပိုင်ရှင်မှနောက်ထပ်အကြွေးစာရင်းကို ပြပြီးထိုနည်းတူပြောပြန်သည်။ အကြွေးယူပြီးပြန်မဆပ်သောခရစ်ယာန် စီးပွားရေးသမား နှစ်ဦးသည် ကယ်တင်ခြင်းမရသေးသော ဆေးဆိုင်ပိုင်ရှင်၏ ကောင်းကင်ဘုံသို့သွားရာလမ်းမှာ တားဆီးပိတ်ဆို့နေပါသည်။ လူငယ်သင်းအုပ်ဆရာ လေးသည် တခဏတာစကားမပြောနိုင်တော့ဘဲ ထိုဆေးဆိုင်မှဝမ်းနည်းကြေကွဲစွာဖြင့်လှည့်ပြန်ခဲ့ရပါတော့သည်။

(၁၆၂) မုဆိုးမတစ်ဦးနှင့် သူ၏ကလေးခြောက်ယောက်သည် ကူးစက်တတ်သောရောဂါ တစ်မျိုးခံစားနေရပါသည်။ ထိုမြို့ငယ်ရှိ သင်းအုပ်ဆရာကတော်သည် ထို

အကြောင်းကို သိရသောအခါ ထိုမိသားစုအား သူမသွားရောက်ပြုစု စောင့်ရှောက်မည့်အကြောင်း သူတို့မိသားစု၏ မနက်စာစားပွဲတွင် ထုတ်ဖော်ပြောကြားလိုက်ပါသည်။ သူမ၏မိသားစုဝင်အားလုံးက ကန့်ကွက်တားမြစ်ကြပါသည်။ သို့သော် သူမက “ မှောင်မိုက်ထဲမှာလည်းတတ်သော ကာလနာကိုငှင်း၊ မွန်းတည့်အချိန်၌ဖျက်ဆီးတတ်သောဥပဒ်ကိုငှင်း သင်သည်မကြောက်ရ။ သင့်၌မကောင်းသောအနိဋ္ဌာရုံမကပ်မရောက်၊ သင်နေရာသို့ဘေးဥပဒ်မချဉ်းရ။ ဟူသောဆာလံ ၉၁ ကိုရည်ညွှန်း၍ ဒီကျမ်းချက်ဟာ သူပြောတဲ့အတိုင်းဖြစ်မှာဘဲလို့ ကျွန်မယုံကြည်တယ်။ “ ဒါဟာ ကျွန်မအတွက်တော့ ရှင်လင်းတဲ့ဘုရားသခင်ရဲ့ခေါ်သံဘဲ။ ” သူဟာကျွန်မကို ဂရုစိုက်ပါလိမ့်မယ်။ ” ထိုနောက်သူမသည် ထိုမိသားစုနှင့် ၅ပတ်ကြာအတူနေ၍ပြုစုစောင့်ရှောက်ပါသည်။ အားလုံးပြန်လည်ကျန်းမာလာသောအခါမှ သူမပြန်လာပါသည်။ သူမသည် ကူးစက်ခြင်းမခံရပါ။ သူမ၏စေတနာမေတ္တာဖြင့် ဆောင်ရွက်မှုသည် သူမ၏ခင်ပွန်းသည်ဟောသော တရားဟောချက်များထက်သာ၍ အသင်းတော်မှလူများအား ဝိညာဉ်ရေးရာခွန်အားကို ဖြစ်ပေါ်တိုးတက်စေပါသည်။

(၁၆၃) တစ်ခါက ဂျွန်ဝက်စလီတရားဟောနေစဉ် နားထောင်နေသော လူများထဲမှ လူတယောက် အိပ်ငိုက်နေသည်ကိုတွေ့ရသည်။ ဂျွန်ဝက်စလီသည် ဟောပြောနေမှုကိုခေတ္တ ရပ်ကာ ထိုလူအနီးသို့သွား၍ “ မီးဗျို့..... မီးမီး ” ဟုအော်လိုက်ပါသည်။ ထိုသူမှအလန့်တကြားဖြင့် ဘယ်မှာလဲဆရာဘယ်မှာလဲ ” ဂျွန်ဝက်စလီမှလေးနက်စွာဖြင့် “ ငရဲမှာလေ–ငရဲမှာ– တရားဟောနေတုန်းအိပ်ငိုက်နေတဲ့လူတွေအတွက်လေ။ ”

(၁၆၄) ချားလ်စပါဂျင်သည် ဘုရားတရားမသိသောသူများအကြောင်း စဉ်းစားနေရင်းအတွေးထဲမှာ မေးခွန်းတစ်ခုပေါ်လာသည်မှာ “ ဝမ်းမြောက်ဖွယ်ရာ သိတင်းကောင်းကိုတစ်ခါမှမကြားရဘဲနဲ့ ဒီလူတွေကယ်တင်ခြင်းရပါမလား။ ထပ်မံ၍ပေါ်လာသည့်မေးခွန်းမှာ– “ ကယ်တင်ခြင်းရတယ်ဆိုပြီး သူတစ်ပါးကို ကယ်တင်ခြင်းသိတင်းစကားမဝေငှတဲ့ သူတွေကော ကယ်တင်ခြင်းစိတ်ချမှုရှိရဲ့လား။ ”

(၁၆၅) ချီကာဂိုမြို့ရှိ ဓမ္မဆရာတစ်ဦးအား ဘုရားသခင်သည် အိမ်တစ်အိမ်သို့သွားရန်စေခိုင်းပါသည်။ ထိုမြို့မှလူအများစုသည် ဘုရားကျောင်းတက်လေ့မရှိကြပါ။ ထိုအိမ်တံခါးကို ဓမ္မဆရာခေါက်လိုက်သောအခါ စိတ်ပျက်အားငယ်၍ ကြောက်

လန့်နေသောလူတစ်ဦးမှ တံခါးလာဖွင့်ပေးပြီး အကြောင်းကိစ္စကိုမေးပါသည်။ ဓမ္မဆရာမှ သခင်ယေရှုခရစ်တော်၏ အကြောင်းကိုပြောဆိုရန် ရောက်လာခြင်းဖြစ်ကြောင်းဖြေကြားပါသည်။ ထိုသူသည်ငိုသံဖြင့် “ ဆရာကိုဘုရားသခင်က ဒီကိုလွှတ်လိုက်တာဘဲ။ ကျွန်တော်တို့လင်မယားနှစ်ယောက်ဟာ ကျွန်တော်တို့ရဲ့နှလုံးသားဖြစ်တဲ့ အချစ်ဆုံးသားလေးသေဆုံးသွားလို့ ဖြေမဆည်နိုင်ဖြစ်ရပါတယ်။ ဒီကြေကွဲဝမ်းနည်းမှုကို မခံနိုင်တော့တဲ့အဆုံးအခန်းတံခါးတွေ၊ ပြူတင်းပေါက်တွေအားလုံးပိတ်ပြီး ဂက်(စ်)အိုးဖွင့်ကာ ကိုယ့်ကိုကိုယ်အဆုံးစီရင်ကာနီးမှာဆရာရောက်လာတာပါဘဲ။ ဓမ္မဆရာသည် အခန်းတွင်းသို့ဝင်ရောက်၍ ဝမ်းနည်း ကြေကွဲလျက်ရှိသော လင်မယားနှစ်ဦးအား ယေရှုခရစ် အကြောင်းကို ပြောကြား၍ မည်ကဲ့သို့ ကုစားရမည့်အကြောင်းနှင့် မည်ကဲ့သို့ငြိမ်သက်ခြင်း ခံစားရနိုင်ကြောင်း ဝေငှခဲ့ပါသည်။

(၁၆၆) ချီကာဂိုမြို့ရှိ ဂျူးဆေးရုံကြီး၌ ဂျူးအမျိုးသမီးတစ်ဦးအား ကျွန်ုပ်၏သမီးမှ ဓမ္မစာ စောင်ပေးလိုက်ပါသည်။ ထိုဝေစာနာမည်မှာ “ ယေရှုခရစ်တော်အား ကယ်တင်ရှင်အဖြစ် အရှင်သခင်အဖြစ်၊ မိတ်ဆွေအဖြစ် သိကျွမ်းခြင်း ဟူ၍ဖြစ်ပါသည်။ ထိုဂျူးအမျိုးသမီးမှဝေစာအား နှစ်သက်စွာလက်ခံ၍ခေါင်းစဉ်အား မေးလိုက်စဉ်မှာ လူတစ်ချို့က ယေရှုခရစ်တော်ကို ဂျူးတွေသတ်လိုက်တယ်လို့ယုံကြတယ် ” မင်းကော အဲဒီအတိုင်းယုံသလား။ ကျွန်ုပ်သမီးအဲလစ်(စ်)သည် ခဏတာငြိမ်သက်စွာဖြင့် ဘုရားသခင်ထံ ဉာဏ်မေးခွန်း၏အဖြေကို မှန်ကန်စွာဖြေဆိုနိုင်ပါမည့်အကြောင်းဆုတောင်းပြီး သင်နှင့်ကျွန်ုပ်၏အပြစ်များကြောင့် ယေရှုခရစ်တော်ဟာလက်ဝါးကပ်တိုင်မှာအသတ်ခံရပါတယ်။ ” ထို့နောက်သူမသည် ဓမ္မဟောင်းကျမ်းမှ ကျမ်းပိုဒ်တစ်ပိုဒ်အား ကိုးကားဖော်ပြပါသည်။ “ ထိုသူသည်ငါတို့လွန် ကျူးခြင်းအပြစ်များကြောင့်၊ နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကိုခံရလေ၏။ (ဟေရှာယ ၅၃း၅)

(၁၆၇) ဒေးဗစ်ဟုမ်း ဆိုသောမယုံကြည်သူတစ်ဦးသည် ဟက်ဒင်တမ်မြို့ရှိ သာသနာပြု–ဆရာဂျွန်ဘရောင်းဆိုသော ဘုရားသခင်၏လူတစ်ဦး၏ ဟောပြောမှုများကို လေးစားစွာ နားထောင်လေ့ရှိပါသည်။ သူပြောသည်မှာ “ ဒီတရားဟောဆရာ ပြောသမျှကို ကျွန်တော်မယုံပါဘူး။ ဒါပေမဲ့ တစ်ပတ်တစ်ခါ သူယုံကြည်တဲ့အတိုင်း သူပြောနေတာကို ကျွန်တော်ကြားချင်တယ်။ ” “ဘာကြောင့်လဲ ” ကျွန်တော်စဉ်စားကြည့်

တဲ့အခါတိုင်း “ ဒီပုဂ္ဂိုလ်တရားဟောနေပုံက ယေရှုခရစ်တော်ဟာသူ့ဘေးနားမှာရှိနေတဲ့ပုံဘဲ။ ”

(၁၆၈) ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ပြည်တွင်းစားသုံးရန် အတွက်သာမဟုတ်ပါ။ ပြည်ပသို့တင်ပို့ရန်လည်းဖြစ်သည်။

(၁၆၉) သခင်ဘုရား၏ နောက်ဆုံးမိန့်မှာချက်ပညတ်တော်နှင့်ကင်းကွာနေသော ခရစ်ယာန် တစ်ဦးမျှမရှိသင့်ချေ။

(၁၇၀) အရှေ့တိုင်းသုတ္တံစကားတစ်ရပ်မှာ “ သူများတွေသောက်ဘို့ရေတွင်းကိုကျွန်တော် ကောင်းမွန်စွာတူးပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်ရေငတ်ဘူးလို့ပါဘဲ။

(၁၇၁) ယေရှုခရစ်တော်ထံသို့ သင်ပို့ဆောင်ခဲ့သောလူတစ်ဦးစီအတွက် ဒေါ်လာတစ်ထောင်စီသင်ရရှိခဲ့မည်ဆိုပါက သူတို့နှင့်ပတ်သက်၍ သာ၍ကြိုးစားလုပ်ဆောင်မည်မဟုတ်ပါလား။

(၁၇၂) ကယ်တင်ခြင်းသည် ငြိမ်သက်စွာဖြင့် ရောက်ရှိလာတတ်သော်လည်း ကျွန်ုပ်တို့ ရရှိသောအခါ၌မူ ငြိမ်ငြိမ်လေးနေ၍မရတော့ချေ။

(၁၇၃) သင်ပြိုလဲကျသွားသော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဘယ်သောအခါမျှ မပြိုလဲချေ။ သမ္မာတရားသည် သမ္မာတရားသာဖြစ်သည်။ သင်၏တာဝန်မှာ သမ္မာတရားကို ပေးကမ်းရန်၊ ဝေငှဟောပြောရန်သာဖြစ်သည်။

(၁၇၄) ယေရှုခရစ်တော်၏တပည့်တော်(၇၀)သည် ယေရှုခရစ်တော်၏ အကြောင်းကို ဝေငှဟောကြားရန်ထွက်သွားကြသောအခါ တရားဟောရန်ခန်းမငှားခဲ့ကြချေ။ ဝိညာဉ်များနောက်လိုက်ရန်အတွက် သူတို့၏ဖိနပ်များကိုသာ အသုံးပြုခဲ့ကြသည်။

(၁၇၅) ဗာလမ်၏ မြည်းအားဖြင့်ဘုရားသခင် စကားပြောခဲ့သည်ဆိုပါက သင့်အား

ဖြင့် လည်းဘုရားသခင် စကားပြောနိုင်သည်။
(၁၇၆) ဘုရားသခင်သည် ကျွန်ုပ်အားသက်သာရာရစေသည့် သာသနာ့လုပ်ငန်း အား ပေးအပ်ထားပါသည်။ ကိုယ်ရောစိတ်ပါပင်ပန်းနေသူများ သက်သာရာရစေဖို့ ရန်အတွက် အပင်ပန်းခံလုပ်ဆောင်ရသည့် သာသနာလုပ်ငန်းဖြစ်ပါသည်။

(၁၇၇) ကျွန်ုပ်တို့စကားပြောရမည့်အချိန် ရောက်လာလျှင်လည်းဘယ်တော့မှတိတ်ဆိတ် စွာမနေပါနှင့်။ တိတ်ဆိတ်စွာနေရမည့် အချိန်ရောက်လာလျှင်လည်း ဘယ်တော့မှစကား မပြောပါနှင့်။

(၁၇၈) ဤလောကကြီးသည် ဘုရားသခင်၏ သားသမီးများအတွက် နိုင်ငံရပ်ခြားတိုင်းတစ်ပါးပင်ဖြစ်သည်။ ဤလောကကြီး၌ ကျွန်ုပ်တို့သည် နှစ်သက်ဖွယ်ရာခရီးစဉ်၌ပျော်မွေ့နေသည့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များမဟုတ်ချေ။ သို့သော် ဘုရားသခင် တည်းဟူသော ဘုရင်၏အမှုတော်ကို ထမ်းဆောင်နေရသည့် သံတမန်များဖြစ်သည်။

(၁၇၉) လူတစ်ယောက်အား ဒေါ်လာပေးလိုက်ခြင်းအားဖြင့် သူ့နှလုံးသားမှချီးမွန်းလိမ့်မည်။ သူ့အားအိပ်မက်ရူပါရုံပေးလိုက်ခြင်းသည် သူနှလုံးသားအား စိန်ခေါ်ခြင်းဖြစ်သည်။ သူ့အားယေရှုခရစ်တော်ကို ပေးလိုက်ခြင်းကသူ့နှလုံးသားပြောင်းလဲစေခြင်းပင်ဖြစ်သည်။

(၁၈၀) သဲကန္တာရအတွင်း၌ အကြီးမားဆုံးသော ပြစ်မှုမှာမည့်သည် နေရာ၌ရေရှိကြောင်းကို သိလျက်နှင့် သူတစ်ပါးအား မပြောပြခြင်းပင်ဖြစ်သည်။

(၁၈၁) သူတစ်ပါး၏ ဝိညာဉ်ကိုရသောသူများသည် သူတို့သိသောအကြောင်းအရာကြောင့် သူတစ်ပါး၏အသက်တာအား ပြောင်းလဲခြင်းမဟုတ်ပါ။ သူတို့သိသောသူတစ်ယောက်အား ကောင်းစွာသိကျွမ်းသည်သာမက ထိုသူနှင့်သူတစ်ပါးတို့ မည်မျှသက်ဆိုင်သည်ကိုသိ၍ မိတ်ဆက်ပေးသောကြောင့် သူတစ်ပါးဝိညာဉ်ကိုရသောသူများ ဖြစ်နေကြခြင်းဖြစ်သည်။

(၁၈၂) လူအချို့အား လူတစ်ယောက်အကြောင်းပြောပြနေသောကျွန်ုပ်သည် ဘာမျှ မဟုတ်သော်လည်းထိုလူသည် လူတိုင်းအားကယ်တင်နိုင်သည်။

(၁၈၃) ဂျွန်စကပ်ဒါးဆိုသူသည် ငယ်ရွယ်သော ခွဲစိတ်ဆရာဝန်တစ်ဦးအဖြစ် နယူးယော့စ်မြို့တွင် ထင်ရှားသောသူတစ်ဦးဖြစ်သည်။ တစ်ရက် သူ၏လူနာတစ်ဦး ထံသွားရောက်–လည်ပတ်ရာတွင် စားပွဲပေါ်ရှိဓမ္မဝေစာတစ်စောင်အား အမှတ်တမဲ့ ဖတ်ရှုမိရာမှ အစပြု၍နောက်ဆုံးရလဒ်မှာ သူနှင့်သူ၏ဇနီးသည် နှစ်ဦးစလုံး သီရိလင်္ကာ နှင့်အိန္ဒိယသို့ သွားရောက်၍ သာသနာပြုကြခြင်းပင်ဖြစ်သည်။ သူတို့ ၏သားသမီးကိုးဦးသည် အိန္ဒိယပြည်၌ သာသနာပြုဖြစ်ကြပြီး ငါးဦးသည်သာသနာ ပြုသော ဆေးဝန်ထမ်းများဖြစ်ကြသည်။ ဆယ်ယောက်မြောက်သားသည် သာသနာ ပြုရန်ပြင်ဆင်နေစဉ်၌ သေဆုံးသွားခဲ့သည်။ ၁၉၁၉ခုနှစ်သည် အိန္ဒိယတွင် စကပ်ဒါ ၏သာသနာပြုခြင်း အနှစ်၁၀၀ ပြည့်နှစ်ဖြစ်ပြီး ထိုအချိန်၌သူ၏ မြစ်သုံးဦးတို့သည် အိန္ဒိယသို့လာရောက်ခဲ့ကြသည်။ သူ၏မျိုးဆက် (၃၁)ဆက်တိုင် အိန္ဒိယ၌ လုပ်ခဲ့ ကြပြီး(၇)ဆက်မှာမူနေရာအနှံ့ သာသနာပြုခဲ့ကြသည်။ အခြားခရစ်ယာန်သာသနာ ပြုများလုပ်ဆောင်ခဲ့ကြသော အချိန်ကာလနှင့် နှိုင်းယှဉ်ကြည့်လျှင်စကပ်ဒါမိသားစု သည် နှစ်ပေါင်းခြောက်ရာနီးပါး အိန္ဒိယတွင်သာသနာပြုခဲ့ကြပြီး ကမ္ဘာ့သာသနာ့ သမိုင်းတွင် မည်သူမျှမယှဉ်နိုင်ခဲ့ကြချေ။

(၁၈၄) ခရစ်ယာန်တစ်ဦးဖြစ်ကြောင်း ပြော၍သိစေခြင်းသည် ကောင်းပါသည်။ သို့သော် ခရစ်ယာန်တစ်ဦးဖြစ်ကြောင်း မပြောဘဲသိစေခြင်းကသာအကောင်းဆုံးဖြစ် ပါသည်။

(၁၈၅) အချို့သောသူများသည် သင်၏ပြောဆိုမှုကိုသံသယရှိကောင်းရှိလိမ့်မည်။ သို့သော်သင်၏လုပ်ဆောင်မှုကိုတော့ သူတို့ယုံကြည်ကြပေလိမ့်မည်။

(၁၈၆) လွန်ခဲ့သောနှစ်များမကြာမီကာလ မစ္စစပီမြစ်အတွင်း သင်္ဘောနှစ်စင်းအပြိုင် အဆိုင်စက်ကုန် မောင်းနှင်နေကြသည်။ အသက်ကြီးသော နီဂရိုးအမျိုးသားကြီးတစ် ဦးသည် ကုန်းပတ်ပေါ်မှနေ၍ မိမိနှင့်အတူရှိနေသော လူဖြူတစ်ဦးအားစိတ်ဝင်စား မှုအပြည့်ဖြင့် လှမ်း၍အော်ပြောလိုက်သည်မှာ–“ ဒီသင်္ဘောရဲ့ ကက်ပတိန်(ဦးစီးမှူး)

ကို သေချာကြည့်နေပါ။ ” လူဖြူမှုပြန်၍မေးသည်မှာ “ ဘာကြောင့်သဘော်ကက်ပ တိန်ကို ကြည့်ရမှာလဲ ” နီဂရိုးအမျိုး သားကြီးမှရှင်းပြသည်မှာ “ တစ်ခါတုန်းက ဒီလိုဘဲ သဘော်နှစ်စင်း အပြိုင်အဆိုင်းမောင်းကြတာ ကျွန်တော်ရေထဲပြုတ်ကျသွား တယ်။ ရေလဲမကူးတတ်တော့ ရေနစ်တော့တာပေါ့။ဒါပေမဲ့ သဘောင်္ကက်ပတိန်က ကျွန်တော်ကိုကယ်ခဲ့တယ်။ အဲဒီနေ့ကစပြီးကျွန်တော်လည်း သဘော်စီးတိုင်းသဘော် ကက်ပတိန်ကို ရှာကြည့်တော့တာဘဲ။”

ကျွန်ုပ်တို့သည် အပြစ်ထဲ၌ရှိနေ၍ အပြစ်လှိုင်းတံပိုးများ ကျွန်ုပ်တို့ကိုလွှမ်း မိုးနေသောအခါ ကယ်တင်ခြင်း၏ အရှင်သခင်ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ကို ကယ်တင်ခဲ့ပေသည်။ ထိုအရှင်သခင်အား အခြားသောသူများ တွေ့မြင်သိရှိလာရန် အတွက် ညွှန်ပြရာ၌ ဝမ်းမြောက်ဝမ်းသာရှိသင့်ပေသည်။

(၁၈၇) အာဖရိကန်အချို့သည် မြစ်အတွင်း၌ စက်လှေစီး၍ ခရီးသွားနေကြသည်။ သူတို့၏လက်များသည်လည်း ပစ္စည်းထည့်ထားသည့်အိတ်ကြီးများနှင့် အသီးအနှံ များထည့်ထား သည့်အိတ်များကို ကိုင်စွဲထားကြသည်။ သူတို့သည် ဈေးဝယ်ပြီးပြန် လာကြခြင်းဖြစ်သည် ။ ရုတ်တရက်အမျိုးသမီးတစ်ဦးသည် ခြေချော်ပြီးမြစ်ထဲသို့ကျ သွားသည်။ သူမသည် လက်ချောင်းများနှင့် စက်လှေဘောင်ကိုကိုင်စွဲထားပြီး ကယ် တင်ရန်အော်ဟစ်သော်လည်း စက်လှေပေါ်ရှိ ဒေသခံအာဖရိကန်များသည် ကျောက် တုံးများကဲ့သို့ တုတ်တုတ်မျှမလှုပ်ကြချေ။ နောက်ဆုံးထိုအမျိုးသမီး လက်အံသေလာ ပြီး မြစ်ထဲသို့နစ်မြုပ်သွားပါတော့သည်။

ထိုအကြောင်းအရာအလုံးစုံကိုသိလိုက်ရသော စက်လှေဦးစီးမှူးသည် ခရီး သည် များအား ဆိုးဝါးစွာပြစ်တင်ကြိမ်းမောင်းပြီး “ သူမကိုအဘယ့်ကြောင့်ရေထဲ ဆင်းပြီးမကယ်ကြသနည်း ” ဟုမေးမြန်းသောအခါအားလုံးတညီတညွတ်ထဲသံပြိုင် ဖြေကြသည်မှာ “ တို့ဆင်းကယ်ရင် တို့ရဲ့ပစ္စည်းတွေ အသီးအနှံတွေ ဘယ်လိုလုပ်ရ မလဲ ” ဟူ၍ဖြစ်သည်။

ဤအဖြစ်အပျက်ကိုကြည့်လျှင် ဒေသခံတိုင်းရင်းသားတို့ အသိတရားခေါင်း ပါးမှု၊ ရက်စက်မှုတို့အပေါ် စီရင်ချက်ချကြပေလိမ့်မည်။ ကျွန်ုပ်တို့ယုံကြည်သူများ အနေဖြင့်လည်း မိမိတို့၏နှလုံးသားများကို အနည်းငယ်ပြန်လည် စစ်ဆေးကြည့် ကြပါစို့။ ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လူများစွာတို့သည် ဘုရားသခင်မပါဘဲ၊မျှော်လင့် ချက်မရှိဘဲ၊ ထာဝရခရီးကို ရင်ဆိုင်နေကြရသည်။ ခရစ်ယာန်များစွာတို့သည်

“ ပျက်စီးသူ ကယ်တင်ယူ ” သီချင်းကိုသီဆိုကျူးကြေပြီး ကယ်တင်ခြင်းနှင့် ပတ်သက်၍လုံးဝအလုပ်မလုပ် (သို့မဟုတ်) အနည်းငယ်သာလုပ်ဆောင်နေကြပါ သည်။

(၁၈၈) မြောက်ပိုင်းမြက်ခင်းလွင်ပြင်၌ နေသောဖခင်တစ်ဦးသည် တစ်ရက်တွင် ညမိုးချုပ် မှပြန်လာပါသည်။ သူ၏သားငယ်လေးသည် ဖခင်ပြန်လာသည်ကို မြင် သည်နှင့် မြက်ခင်းကျယ်ကြီးကို ဖြတ်ပြေး၍သူ့ဖခင်ကို မြင်ကွင်းမှလာရောက် ကြိုဆိုပါသည်။ ရုတ်တရက်ချက်ခြင်းဆိုသလို သူ၏သားငယ်သည်မြင်ကွင်းမှပျောက် ကွယ်သွားပါသည်။ ဖခင်ဖြစ်သူသည် သားငယ်ပျောက်ကွယ်သွားသည့် နေရာသို့ မြက်ခင်းရှည်များကို ဖြတ်သန်းသွားပါသည်။ ဖခင်ဖြစ်သူသည် သားငယ်ပျောက် ကွယ်သွားသည့် နေရာသို့မြက်ခင်းရှည်များကို ဖြတ်သန်းကာအပြေးအလွှား ရောက် လာသောအခါ သူ့သားငယ်၏ ရေဗွက်ပမာငိုကြွေးနေသံကို ကြားလိုက်ရပါသည်။ သူ၏သားငယ်သည် ရေတွင်းဟောင်းကြီးထဲသို့ ကျသွားခြင်းဖြစ်သည်။ ဖခင်သည် အဖုံးမရှိသော ရေတွင်းထဲသို့ဆင်းကာ သူ၏သားငယ်ကို ကယ်တင်ပြီးနောက် သူ၏ သားငယ်မှမေးလာသည်မှာ “ အဖေဘာဖြစ်လို့ကျွန်တော့်ကို မြန်မြန်မကယ်တာလဲ။ နောက်ပိုင်းတွင်ဖခင်ဖြစ်သူမှပြန်ပြောသည်မှာ “ကျွန်တော်သားရဲ့မေးခွန်းက ကျွန် တော်ကို သာသနာပြုတစ်ဦးဖြစ်စေခဲ့ပါတယ်။ ကျွန်တော်ဟာ နယ်မြေဒေသများက မြောက်များလှစွာသော လူများ၏သနားစဖွယ်ငိုကြွေးသံများ၊ တောင်းလျှောက်သံ များကို ကြားလိုက်ရပါတယ်။ ဘာဖြစ်လို့မြန်မြန်မကယ်တာလဲ။ ဒို့ဟာဘုရားသခင် ကိုမသိ၊ မျှော်လင့်ချက်မရှိဘဲ သေနေကြရတယ်။ ဧဝံဂေလိသိတင်းကောင်းကို ပြော ကြားဘို့ဘာဖြစ်လို့နှေးကွေးနေရတာလဲ။

(၁၈၉) ပါရှားပြည်တွင် သာသနာပြုနေသော ဒေါက်တာဒေါ်နယ်ကာသည် ဤဒေ သ၌ ဘုရားသခင်၏အစေခံရန် မည်ကဲ့သို့ခေါ်ခြင်း ခံရပါသလဲဟုမေးမြန်းခံရပါ သည်။ သူ၏အဖြေမှာ “ ကျွန်တော်ဟာ အိမ်မှာနေဘို့ခေါ်ခြင်းခံရတာမဟုတ်ပါဘူး။ သွားဘို့ရန်အတွက်အမိန့်ပေးခြင်းခံရတာပါ။” (မဿဲ၂၈း၁၈–၂၀ ၊ မာကု ၁၆း၁၅)

(၁၉၀) ခြေထောက်တစ်ဖက်သာရှိသော စကော့တလန်မှ ကျောင်းဆရာတစ်ဦးသည် တရုတ်ပြည်တွင်ပါ၀င်ဆက်ကပ် လုပ်ဆောင်ရန်အတွက် ဂျေ–ဟတ်ဆင်တေလာ ထံ

သို့ရောက်လာပါသည်။ “ ခြေထောက်တစ်ဖက်ထဲနဲ့တရုတ်ပြည်မှာ သာသာနာပြုဘို့ သွားလိုပါသနည်း” ဟု ဟတ်ဆင်တေလာကမေးသောအခါ သူ၏အဖြေမှာ “ ခြေထောက်နှစ်ဖက်ရှိတဲ့ သူတွေသွားတာသိပ်မတွေ့ရလို့ ကျွန်တော်သွားမှဖြစ်မယ်။ ” ထိုလူကို သာသနာပြုအဖြစ် ရွေးချယ်လိုက်ကြပါသည်။

(၁၉၁) စစ်မှန်သော သာသနာပြုတစ်ဦးအတွက် လိုအပ်သည်မှာ မိမိ၏တိုင်းပြည်၊ မိမိ၏ဒေသ၊ မိမိ၏အစည်းအရုံး၊ မိမိ၏မိသားစုမှထွက်ခွါလာခြင်းထက် မိမိ၏ ဇာတိစိတ်နယ်ပယ်မှ ထွက်ခွာလာရန် သာ၍အရေးကြီးသည်။

(၁၉၂) ကယ်တင်ခြင်းမရသေးသော လူတစ်ဦးစီနှင့်ပတ်သက်၍ ခရစ်ယာန်တစ်ဦး လုပ်ဆောင်ရမည့် လုပ်ငန်း၏တန်ဖိုးရှိမှုအပေါ် သူတို့ခေတ်၊ သူတို့အချိန်အခါမှာ နာမည်ကျော် ကြားသောလူသုံးဦးပြောခဲ့သောစကားများမှာ “ ကျွန်ုပ်အသက်ရှင်နေသမျှကာလပတ်လုံး တရားဟောချက်များနဲ့ပတ်သက်ပြီး တစ်နေ့ထက် တစ်နေ့ပို၍ စိတ်ချမှုရှိလာလေပါဘဲ။ ” ဘယ်အကြောင်းကြောင့်ဘဲဖြစ်ဖြစ် အိမ်ပေါ်မှာပြောနေတဲ့ စကားတွေဟာ ကောင်းကင်ပေါ်က ကြယ်အောက်မှာ ပြောနေကြတာပဲဖြစ်တယ်။ သခင်ယေရှုက အင်မတန်ကြီးကျယ်တဲ့ တရားဟောချက်တစ်ပုဒ်ကို နိကောဒင်တစ်ဦးထဲရှိနေပေမဲ့ ဟောပြောခဲ့တယ်။ ရှုခါမြို့ရှိ ယာကုပ်ရေတွင်းအနီးတွင် အမည်ပင်မသိရသော မိန်းမတစ်ယောက်အား နူးညံ့သိမ်မွေ့ မှုအပြည့်ဖြင့် ဗျာဒိတ်တော်စကားအဖြစ်ဖော်ပြသော စကားများအသုံးပြု၍ သခင်ယေရှုတရားဟောခဲ့တယ်။ အင်မတန်ချမ်းသာတဲ့ အခွန်ခံဇက္ကဲရဲ့စိတ်နှလုံးသားကို ပြောင်းလဲစေတဲ့တန်ခိုးပါသော တရားဟောချက်တစ်ပုဒ်ကို သခင်ယေရှုဟောပြောခဲ့တယ်။ ဤစကားများကိုပြောသူမှာ “ ဟင်နရီဝက်(ဒ်) ” ဆိုသူဖြစ်သည်။

မူးဒီပြောခဲ့သော စကားများကိုလည်းစဉ်းစားကြည့်ပါ။ “ ကျေးဇူးတော်အထိရောက်ဆုံးနှင့် အအောင်မြင်ဆုံး လုပ်ဆောင်မှုကြီး ပြီးမြောက်သွားစေရန် လူထုကြီး တစ်ရပ်လုံးပြစ်ဒဏ်စီရင်မှုများမှ ကင်းလွတ်ပြီးဆိုသည့်သတင်းကို တစ်ဦးချင်းစီသည်တစ်ဦးချင်းဆီသို့ ဝါယာမစိုက်ထုတ်၍ ပြောကြားသွားသည့်နည်းလမ်းမှ တစ်ပါးအခြားမရှိပါ။

ထရန်ဘူး(လ်)၏စကားကိုလည်း ဆင်ခြင်ကြည့်ပါဦး (၁၀)နှစ်တိုင်တိုင် ကျွန်ုပ် တရားဟောခဲ့ခြင်းအားဖြင့် လူပေါင်းငါးထောင်မှခြောက်ထောင်၊ လူပေါင်း

တစ်သောင်းမှ တစ်သောင်းငါးထောင်ထိ စုစည်းနိုင်ခဲ့ပါတယ်။ ကျွန်ုပ်ဟာအပတ်စဉ် စောင်ရေတစ်သိန်းထုတ်ဝေတဲ့ တနင်္ဂနွေဥပုတ်စာဖြေသတင်းစဉ် "ဂျာနယ်မှာလည်း အယ်ဒီတာအဖြစ်တာ ဝန်ယူလုပ်ကိုင်ခဲ့ဘူးပါတယ်။ ကျွန်ုပ်မြင်တွေ့ခံစားခဲ့ရတာက တော့ လူထောင်ပေါင်းများစွာ ထံသို့ ကျွန်ုပ်ရေးသားသော စာများရောက်ရှိသွားခြင်း ထက် လူတစ်ဦးချင်းစီကို ကျွန်ုပ်တိုက်ရိုက် တွေ့ဆုံပြောကြားခြင်းက သာ၍အကျိုး ကျေးဇူးရှိတယ်ဆိုတာပါဘဲ။ ထို့ကြောင့်ဤစကားကို ဉာဏ်ပညာနှင့်ဆင်ခြင်၍ ဤစ ကားအတိုင်း ကျင့်ကြံပြုမူကြပါစို့။ ကျွန်ုပ်တစ်ဦး ချင်းစီသည် လူတစ်ဦးစီ၏ နှလုံး သားများသို့အရောက် သခင်ခရစ်တော်၏ အကြောင်းကိုဝေငှကာ ချစ်ခြင်းမေတ္တာအ ပြည့်ဖြင့် ယုံကြည်ကိုးစားပြီး သစ္စာရှိစွာ အစေခံ ကြပါစို့။

(၁၉၃) အာဖရိကခရစ်ယာန်တစ်ဦး မှမေးခဲ့သည်မှာ " သင်သည်အာဖရိကတိုက်မှ လူများမိစ္ဆာဒိဋ္ဌိ အယူဝါဒကိုစွန့်လွှတ်၍ အလင်းတရားဘက်သို့ ပြန်ရောက်လာအောင် တရားဟော မည်လား။ 'အမေရိကန်မှလူများအလင်းတရားကိုကျောခိုင်း၍ မိစ္ဆာ ဒိဋ္ဌိအယူဝါဒဘက်သို့ ဦးလှည့်လာကြခြင်းအားတားဆီးရန်တရားဟောမည်လား။

(၁၉၄) ကျွန်ုပ်သည် တယ်လီဖုန်းထဲမှ တစ်ဆင့်တစ်စုံတစ်ဦးထံမှ ညစ်ညမ်းစွာဆဲ ရေး တိုင်းထွာပြောဆိုမှုကိုခံခဲ့ရပါသည်။ ကျွန်ုပ်သည် ချက်ခြင်းပင် တယ်လီဖုန်း ထဲမှာပင် သူ့အားသက်သေခံဝေငှလိုက်သောအခါ အခြေအနေတစ်မျိုးပြောင်းလဲ သွား၍ သူသည် ဘီးတပ်ကုလားထိုင်နှင့် သွားလာနေရသူဖြစ်ပြီး အထီးကျန်စွာ မေတ္တာငတ်နေသူ တစ်ဦးဖြစ်ကြောင်း သိလိုက်ရပါသည်။ သူသည်တယ်လီဖုန်းထဲ မှာပင်ဆုတောင်း၍ ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် နှလုံးသားထဲမှ လက်ခံလိုက်ပြီး ကျွန်ုပ်ထံသို့နေ့တိုင်း နီးပါးပင်တယ်လီဖုန်းဖြင့် ဆက်သွယ်စကား ပြောပါတော့သည်။ (ဆာမရွှန်)

(၁၉၅) ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးက ဖတ်ရှုနေသော သမ္မာကျမ်းစာအုပ်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးမှာ လိုအပ်နေသော ယုံကြည်မှု အယူဝါဒ များဖြစ်သည်။ ကျွန်ုပ်တို့သည် ကမ္ဘာလောကကြီးမှ အာရုံပြုဂရုစိုက်နေ သည့် တရားဟောချက်များဖြစ်သည်။ (ဒေါက်တာဘီလီဂရေဟမ်)

(၁၉၆) ကျွန်ုပ်တို့၏တနင်္ဂနွေ ဥပုတ်စာဖြေကော်မတီတွင် အလုပ်လုပ်နေသော လူငယ်တစ်ဦးမှ အောက်ပါအတိုင်း သူ၏အတွေ့အကြုံတစ်ရပ်ကို ရှင်းပြပါသည်။ နက်(ရှ်)ဗီးမြို့ရှိ အသင်းတော်တစ်ပါးမှ ကြိုတင်အကြောင်းကြားထားခြင်းမရှိဘဲ တရားဟောရန် ရုတ်တရက်ဖိတ်ကြားလာပါသည်။ သူသည်လည်းချက်ခြင်းပင် စိတ်အာရုံထဲမှာနှိုးဆော်ခံရသည့်အတိုင်း "သူတစ်ပါးပစ္စည်းကိုမခိုးရ" ဟူသောခေါင်းစဉ်ဖြင့်ဝေငှဟောပြောလိုက်ပါသည်။

နောက်တစ်နေ့နံနက် ဘတ်(စ်)ကားစီးသောအခါ ဒရိုင်ဘာကိုကားခတစ်ဒေါ်လာ ပေးလိုက်ပါသည်။ ဒရိုင်ဘာမှငွေအကြွေများ ပြန်အမ်းပါသည်။အကြွေများကို သူရေတွက် ကြည့်သောအခါ ၁၀တန်ငွေအကြွေများလိုအပ်သည် ထက်ပိုအမ်းထားသည်ကို တွေ့ရပါ သည်။ ပထမဦးဆုံးသူခေါင်းထဲဝင်လာသော အတွေးမှာ " ဘတ်(စ်)ကားကုမ္ပဏီကတော့ ဒီငွေအကြွေတွေကို ဘယ်တော့မှသတိထားမိမှာ မဟုတ်ပါဘူး။ " ချက်ခြင်းပင် " ကိုယ်နှင့်မဆိုင်တဲ့ငွေကိုမယူရဘူး။ "ဟူသောမှန်ကန်သည့်အတွေးပြန်ဝင်လာသောအခါ ဒရိုင်ဘာထံသို့သွား၍ပိုနေသောငွေအကြွေများကိုပြန်ပေးလိုက်ပါသည်။ ဒရိုင်ဘာဖြစ်သူမှ ပြန်ပြောလိုက်သော အောက်ပါစကားကြောင့် အင်မတန်မှ သူအံ့အားသင့်သွားပါသည်။ " ဒီငွေအကြွေစေ့အများကြီးကို တမင်သက်သက် ကျွန်တော်ပြန်အမ်းလိုက်တာပါ။ မနေ့ကဆရာ့ရဲ့ တရားဟောချက်ကို ကျွန်တော်နားထောင်ခဲ့ရပါတယ်။ ခုနက ဆရာအကြွေစေ့တွေ ရေတွက်နေတာကို ကျွန်တော်မှန်ထဲကနေကြည့်နေခဲ့ပါတယ်။ အဲ့ဒီပိုနေတဲ့အကြွေတွေဆရာယူသွားရင် ဆရာ့ရဲ့တရားဟောချက်ကို နောက်နောင်ဘယ်တော့မှ ကျွန် တော်စိတ်ချယုံကြည်တော့မှာမဟုတ်ဘူး " အကယ်၍ငွေအကြွေများသူယူသွားပါက မည်မျှဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းပါလိမ့်မည်နည်း။ ထိုကြောင့် တရား ဟောချက်တစ်ပုဒ်၏ လွှမ်းမိုးနိုင်မှုအတိုင်းအတာကို စဉ်းစားပါ။ သင်တစ်ခါမျှ မရောက်ရှိသေးသော နေရာများ တွင်လည်းသင်၏အရိပ်များရှိနေပါလိမ့်မည်။

(၁၉၇) ဒေါက်တာမေဆင်ဆိုသော သာသနာပြုပုဂ္ဂိုလ်တစ်ဦးသည်တိုက်ခိုက်ရန်အတွက်အမြဲတမ်းအဆင့်သင့်ဖြစ်နေတက်သော တောင်ပေါ်လူရိုင်းမျိုးနွယ်တစ်စုထံ သွားရောက်၍စာပေသင်ကြားရင်း သာသနာပြုနိုင်သော ဆရာတစ်ဦးအလိုရှိသဖြင့် အသက်တာပြောင်းလဲလာသူ ဘုတ်မန်း အားသွားရောက်မေးမြန်းခဲ့သည်။ အကယ်၍သွားမည်ဆိုပါက ဘုတ်မန်း အနေဖြင့်တစ်လလျှင် လေးရူပီး ရရှိမည်ဖြစ်သည်။

ထိုကိစ္စအတွက် ဆုတောင်းကြပြီးနောက် မကြာမီဒေါက်တာမေဆင်မှ ဘုတ်မန်းအား မေးမြန်းသည်မှာ " ကောင်းပြီ " ခင်ဗျားဘယ်လိုဆုံးဖြတ်ပါသလဲ။ တစ်လလေးရှုပီးနှင့် အလုပ်သွားလုပ်နိုင်ပါသလား။ ဘုတ်မန်းက ပြန်ဖြေသည်မှာ" တစ်လလေးရှုပီ အတွက် ကျွန်တော်အဲဒီကိုမသွားနိုင်ပါဘူး။ခရစ်တော်အတွက် ကျွန်တော်သွားမှာပါ။ "

(၁၉၈) သန်းကြွယ်သူဌေးကြီးတစ်ဦးသည် နိုင်ငံရပ်ခြားသာသနာပြုခြင်းကို လုံးဝအား မပေးချေ။ တစ်ရက်ဘုရားရှစ်ခိုးကျောင်းတွင် အလှူငွေကောက်ခံချိန်၌သူ့ရှေ့သို့ရောက် လာသော အလှူငွေကောက်ခံသူအား ခေါင်းယမ်းပြပြီး လေသံဖြင့် "ငါ ဘယ်တော့မှ သာသနာပြုဖို့အလှူငွေမထည့်ဘူးကွ။ " အလှူငွေကောက်ခံသူမှ တိုးတိုးလေးပြန်ပြော သည်မှာ– " ဒါဆိုရင်အလှူငွေအိတ်ထဲက နည်းနည်းယူလိုက်ပါ။ ဒီအလှူငွေတွေက သာသနာပလူတွေအတွက်ဘဲ။ "

(၁၉၉) စစ်မှန်သောခရစ်ယာန်ဆိုသည်မှာ လောကကြီးကို မချစ်ဘဲ လောကီသားများအား ချစ်သောသူဖြစ်သည်။

(၂၀၀)"ခင်ဗျားနဲ့ခင်ဗျားမိန်းမကွဲတော့မယ်လို့ ကျွန်တော်ကြားတယ်။" နာမည်ကြီး တရားသူကြီးတစ်ဦးအား သူ့မိတ်ဆွေဖြစ်သူမှ မေးမြန်းလိုက်ခြင်းဖြစ်သည်။ " မင်း ဘယ်လောက် သတ္တိရှိလို့သူများကိစ္စကို စပ်စုရတာလဲ။ " တရားသူကြီး၏မျက်နှာသည် ဒေါသဖြင့်နီမြန်း လာပြီး " ငါနဲ့ငါ့မိန်းမဟာ တစ်ယောက်နဲ့တစ်ယောက်သိပ်ချစ်ကြတာကွ" သူ၏မိတ်ဆွေ မှထပ်မံ၍ " ဟုတ်ရဲ့လား။ ကျွန်တော်ခင်ဗျားတို့ရဲ့ မိသားစုဆရာဝန်ဆီက ကြားခဲ့ရတာကတော့ ခင်ဗျားမိန်းမဟာ သိပ်ကြာကြာအသက်မရှင်ရတော့ဘူးတဲ့ သူကတော့ခရစ်ယာန် ဆိုတော့ သူ့ရဲ့ကယ်တင်ရှင်ရှိတဲ့ ကောင်းကင်ဘုံကိုပြန်သွားမှာဘဲ။ ခင်ဗျားကောသေရင် ဘယ်သွားမှာလဲ" တရားသူကြီးသည်မတ်တပ်ရပ်လျက် ငြိမ်သက်စွာစဉ်းစားယင်း ထိုစကား၏ထိုးနှက်မှုကြောင့် သူ၏မျက်နှာသည် ဖြူဖပ်ဖြူရော်ဖြစ်လာကာ သူ၏နှုတ်မှထွက်လာသည့်စကားမှာ " အိုးဘုရားသခင်၊ ကျွန်တော့်ကို ကယ်တင်ပါ။ ကျွန်တော်ဟာနှစ်ပေါင်းများစွာ ကိုယ်တော့်ထံမှ ထွက်ပြေးနေခဲ့ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါဘုရား သခင်၊ ကျွန်တော့်ကို ကယ်တင်ပါ။"

(၂၀၁) ဝီလီယံကယ်ရီ၏ အမြင့်ဆုံးမျှော်လင့်ချက်မှာ သူ၏သားဖဲလစ် သာသနာပြု ပုဂ္ဂိုလ် တစ်ဦး ဖြစ်လာရန်ဖြစ်သည်။ သူ၏သားဖဲလစ်မှာမူ နိုင်ငံတစ်နိုင်ငံတွင် ဗြိတိသျှအစိုးရ၏ သံအမတ်ကြီးဖြစ်နေပြီး ထိုနိုင်ငံအစိုးရ၏ တရားဝင်ဂုဏ်ပြု ချီးမြောက်မှုများကြောင့် ဝိညာဉ် ရေးရာခမ်းခြောက်လျှက်ရှိသည်။ စိတ်ဓာတ်ကျလျှက်ရှိသော ဖခင်ဖြစ်သူမှသူ၏သားအတွက်ဆုတောင်းချက်တင်သည်မှာ “ ဗြိတိသျှအစိုးရ၏ သံအမတ်ကြီးရာထူးမှပြုတ်သွားရန် သူ၏သားအတွက် ဆုတောင်းပေးကြပါ ဟူသတည်း။

(၂၀၂) ဘုရားသခင်၌သားတော်တစ်ပါးတည်းသာရှိပြီး ထိုပုဂ္ဂိုလ်မှာ သာသနာပြုသော ပုဂ္ဂိုလ်ဖြစ်သည်။ (လိဗင်းစတုန်း)

(၂၀၃) ဘုရားသခင်အား အပြစ်သားများအကြောင်းပြောပါ။ ပြီးမှအပြစ်သားများအား ဘုရားသခင်အကြောင်းပြောပါ။

(၂၀၄) လာဇရု၏အိမ်တွင် ခရစ်တော်သည် အိမ်တွင်းသာသနာပြုသော ပုဂ္ဂိုလ်ဖြစ်သည်။ ဂရိလူမျိုးများသူ့ထံရောက်လာသောအခါခရစ်တော်သည် နိုင်ငံခြားသာသနာပြုပုဂ္ဂိုလ်ဖြစ်သည်။ ရှမာရိမြို့၌ခရစ်တော်သည် မြို့တွင်းသာသနာပြုသော ပုဂ္ဂိုလ်ဖြစ်သည်။ သမ္မာကျမ်းစာ ကိုဖွင့်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်အား ဗိမာန်တော်ရှိလူတို့အား ပို့ချသောခရစ်တော်သည် တနင်္ဂနွေဥပုသ်စာဖြေကျောင်းဆရာဖြစ်သည်။ မျက်စိမမြင်သောသူတောင်းစားတစ်ဦးအား မျက်စိပြန်မြင်စေသောအခါ ခရစ်တော်သည် ဆင်းရဲသားများအားသာသနာပြုသော ပုဂ္ဂိုလ်ဖြစ်သည်။ ဇက္ခဲ၏ ဝိညာဉ်မျက်စိကိုပွင့်စေသော ခရစ်တော်သည် ချမ်းသာ သောသူများအား သာသနာနာပြု သောပုဂ္ဂိုလ်ဖြစ်သည်။ နောက်ဆုံးလက်ဝါးကားတိုင်ပေါ်၌ပင်လျှင် ခရစ်တော်သည်ဓါးပြများ၊ လူဆိုးသူခိုးများအား သာသနာပြုသောပုဂ္ဂိုလ် ဖြစ်သည်။ သူ၏နောက်ဆုံးမိနို့မှာချက်သည်လည်း သာသနာပြု ခြင်းဆိုင်ရာအမိန့် ပြန်တမ်းဖြစ်သည်။

(၂၀၅) ဝမ်းမြောက်ဖွယ်ရာ ဧဝံဂေလိသတင်းကောင်းဆိုသည်မှာ ဆက်သွယ်ပြောကြားမှုမရှိ ခဲ့လျှင် ဘာမျှမဟုတ်ချေ။ (ဂျေဘီ- ဖိလစ်)

(၂၀၆) ဇဝံဂေလိသတင်းကောင်း ဝေငှခြင်းနှင့်ပတ်သက်၍ အသိတရားနည်းပါးခြင်းသည် ပြဿနာမဟုတ်ပါဟုယူဆခြင်းသည် ဧဝံဂေလိသတင်းကောင်းအတွက်အန္တရာယ်ဖြစ်စေသည်။

(၂၀၇) ကျွန်ုပ်တို့သည် ဤလောကကြီးအားခရစ်တော်ထံသို့မယူဆောင်သွားနိုင်ပါ။ သို့သော်ခရစ်တော်အား ဤလောကကြီးထံသို့ ခေါ်ဆောင်လာနိုင်သည်။

(၂၀၈) ကျွန်ုပ်တို့၏နှလုံးသားထဲတွင် ခရစ်တော်၏ မျက်မှောက်တော်နှင့်ပြည့်ဝနေပါက ဧဝံဂေလိရောဂါကူးစက်ခြင်းအား မရှောင်မလွှဲနိုင်ချေ။

(၂၀၉) ကယ်တင်ခြင်းမရသေးသောသူများ၏ အခြေအနေနှင့်ပတ်သက်၍ ဘုရားသခင်၌အမှတ်မထင်ဆိုသောအခြေအနေဘယ်သောအခါမျှမရှိချေ။

(၂၁၀) အောင်မြင်သောလူကိုများသည့် တံငါတစ်ဦးဖြစ်လာရန်အတွက် လိုအပ်သည့်အ ချက်(၈)ချက်ကို ဟီဘစ်(ချ်)ကအောက်ပါအတိုင်းဖော်ပြထားပါသည်။

(၁) သင်၏အလုပ်ကို ချစ်မြတ်နိုးပါ။
(၂) စိတ်ရှည်သည်းခံပါ။
(၃) ငါးများ၏အကျင့်စရိုက်ကိုလေ့လာပါ။
(၄) ပွင့်လင်းစွာ ဖြားယောင်းသွေးဆောင်၍မိမိရရချည်နှောင်ပါ။
(၅) ငါးများသွားရာလမ်းကြောင်းကို လေ့လာပါ။
(၆) ငါး၏လှုပ်ရှားမှုကို လေ့လာပါ။
(၇) အချိန်ပေးပါ။
(၈) ကောင်းမွန်သည့်ငါးစာကို အသုံးပြုပါ။

(မာကု ၁း ၁၇– ယောဟန် ၁း ၄၁)

(၂၁၁) တစ်ခါက ကျွန်ုပ်သည် မြစ်ကြောင်းအတိုင်း လမ်းလျှောက်လာယင်း အဘိုးအိုတစ်ဦး ငါးမျှားနေသည်ကို ကြည့်မိသည်။ သူသည်ငါးတစ်ကောင်ပြီး တစ်ကောင်မျှားနေတာ လက်မလည်အောင်ငါးရနေသည်။ “တော်လိုက်တာအဘိုးရယ်ဒီမြစ်

ကြောင်းတစ်လျှောက် ကျွန်တော်တွေ့လာခဲ့တဲ့ ငါးမျှားနေတဲ့လူတွေ ဒီလိုငါးရနေတာ ကျွန်တော်မတွေ့ခဲ့ရဘူးဟု ကျွန်ုပ်သူ့အားထုတ်ဖော် ချီးကျူးမိသည်။ အဖိုးအိုသည် မတ် တပ်ရပ်လိုက်ပြီးသူ၏ငါးမျှားတံကို မြေကြီးပေါ်၌ ထောက်ထားလိုက်ကာ ကျွန်ုပ်အားစကားပြောလာသည်မှာ "ငါးမျှားတဲ့အခါလိုက်နာရမယ့် စည်းကမ်း(၃)ခု ရှိတယ်ဆရာရဲ့ဒါကို ဂရုမစိုက်ရင်ငါးရမှာမဟုတ်ဘူး။

(၁) ငါးမျှားနေတာကိုဘဲအာရုံစိုက်ပါ။ တခြားဘာကိုမှ ဂရုမစိုက်ပါနဲ့။

(၂) မှန်ကန်ကောင်းမွန်တဲ့ငါးစာကို အသုံးပြုပါ။

(၃) သည်းခံစိတ်ရှည်ပါ။

ကျွန်ုပ်သည် ထိုနေရာမှထွက်ခွာလာရင်း " လူကိုမျှားတဲ့အခါမှာလည်း ဒီနည်းလမ်း တွေကို သုံးရင်ကောင်းမှာဘဲ "ဟုတွေးမိပါသည်။

(၂၁၂) ငြိမ်ငြိမ်လေးနေခြင်း (ရေငုံနုတ်ပိတ်နေခြင်း) သည် ရွှေဖြစ်ကောင်းဖြစ်လိမ့် မည်။ သို့သော် မကြာခဏဆိုသလိုပင် မှားယွင်းပြီး အပြစ်ဖြစ်တတ်ပါသည်။ ခရစ် ယာန်များ အတွက်ပုံမှန် လုပ်ဆောင်ရမည့်အရာမှာ မိမိသိသည့်အတိုင်းပြောဆိုရန်၊ မှားယွင်းမှုကို ပွင့်လင်း စွာဆန့်ကျင်ရန်၊ ရိုးသားဖြောင့်မတ်မှုအား စိန်ခေါ်လာသည့် အခြေအနေမျိုး၌ လွတ်လပ်စွာဆွေးနွေးမှုကို စောင့်ထိန်းရန်၊မှားယွင်းမှုအတွက် ပြော သင့်သည်ကို မပြောသင့်သောအပြစ်ဖြစ်၍ နှုတ်ကပတ်တော် (ဘုရားသခင်၏စ ကား)ကို လေ့လာခြင်း၌ အားနည်းမှုနှင့် မထင်ပေါ်မကျော်ကြားသည့် သက်သေခံမှု အတွက် အဖိုးအခမပေးလိုခြင်းတို့ကို ဖြစ်စေသည်။ ဝိညာဉ်တော်၏ဦးဆောင်မှုကို ခံယူ၍ (၂တိ ၂း၁၅) ကောင်းမွန်မှုကိုထင်ရှားစိမ့်သောငှါ သီးသန့်ခွဲခြားထားသော သူဖြစ်သည်။ (၁ကော ၁၁း၁၉) ကျွန်ုပ်တို့သည် စုံစမ်းစစ်ဆေးရန်ဆန္ဒမရှိ၊ ရှောင်ရှား လိုသောသူ၊ ကြောက်ရွံ့တတ်သောသူဖြစ်နေလျှင် မည်ကဲ့သို့ ဖြောင့်မတ်စွာနေထိုင် နေနိုင်ပါမည်နည်း။ အကယ်၍ မိမိ၏ပြောကြားမှုကြောင့် လူတစ်ဦးလမ်းမှန်သို့ ရောက်သွားမည်ဆိုပါက သက်သေခံရန် အဘယ့်ကြောင့်ရွံ့နေရမည်နည်း။ယုံကြည် ရန်အတွက် ပြဿနာရှိသောသူ အများနှင့်ဆန့်ကျင်သည့် ဝါဒရှိသောသူ မိမိအကြောင်း ပြချက်နှင့် မိမိမှန်ကန်သည်ဟု အထင်ရောက်နေသော သူများသည်လည်း ဝန်ခံ တတ်သောသူ ဖြစ်လာရန်အတွက် ဘုရားသခင်ထံ အကူအညီတောင်းခံသင့်ပါသည်။ ဘုရားသခင်၏ဖြောင့်မတ်စွာစီရင်နေမှုများကိုပြောရမည်မှာ ကျွန်ုပ်တို့၏တာဝန်ဖြစ် သည်။ အကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် ဤကိစ္စကို မပြောဘဲနေမည်ဆိုပါက

တိတ်ဆိတ် နေခြင်း သည် မည်သို့မျှရွှေမဖြစ်လာနိုင်ပေ။

(၂၁၃) ဒေါက်တာတော(လ်)မိတ်ကပြောသည်မှာ ကောင်းမွန်စွာနားလည်သဘော ပေါက် မှုရှိသော ခရစ်ယာန်တစ်ဦးထံ၌ ကြားနာဘို့ရန် အခွင့်ထူးရှိပေသည်။ တရားဟောခြင်းနှင့်ပတ်သက်၍ သူ၏ထင်မြင်ယူဆချက်ကိုမေးကြည့်ရာ " တရားဟောခြင်းသည် အင်မတန်အံ့သြဘွယ်ရာကောင်းပါသည်။ ဟုမှတ်ချက်ပြုပါသည်။တဖန် စီအိပ်(ချ်)စပါဂျင်ထံသို့သွား၍ တရားဟောခြင်းနှင့် ပက်သက်သော သူ၏သက်ဆိုင်မှုကိုမေးကြည့်ရာ " အင်မတန် အံ့သြဖွယ်ရာကောင်းသော ကယ်တင်ရှင်ဟု ပြောပါသည်။ ထိုမေးမြန်းသောသူမသိလိုက် ရသည့်အကြောင်းမှာ " စပါဂျင်၏ တရားဟောခြင်း အတတ်ပညာသည် သူဝေငှဟောပြော သည့်ကယ်တင်ရှင်ကြောင့် သာလျှင်ဖြစ်ကြောင်း " ပင်တည်း (၁ကော ၁း၂၃–၂၄၊ ၂ကော ၄း၅၊ ၁သက် ၁း၅)

(၂၁၄) ဆိုဖီ၏တရားဟောချက်များဟူ၍ ကျော်ကြားသည့် ဆိုဖီ ဆိုသောအမျိုးသမီးသည်ကြမ်းတိုက်သော သန့်ရှင်းရေးအလုပ်သမဖြစ်သည်။ သူ့ကိုကြမ်းတိုက်ရန် ခေါ်သောအခါ သူမသည် ကြမ်းတိုက်ယင်း တရားဟောလေ့ရှိသည်။ တစ်နေ့သောအခါ သူမ၏တရားဟောမှုနှင့်ပတ်သက်၍ ဟာသလုပ်နောက်ပြောင်ကြသည်ကို သူမကြားရသည်။ " ဆိုဖီလေ–စီးကရက်စတိုးရှေ့မှာထောင်ထားတဲ့ ရက်အင်ဒီးယန်းသစ်သားရုပ်ကြီးကို လူထင်ပြီးတရားဟောနေတယ်။ "ဟူ၍ နောက်ပြောင်ကြခြင်းဖြစ်သည်။ ဆိုဖီ၏တုံ့ပြန်ပြောဆိုမှုမှာ– " အေးကျွန်မမျက်စိအမြင်မှားလို့ အရုပ်ကိုတရားဟောမိရင် ဟောမိမယ်။ ဒါပေမဲ့ဒါက ဘယ်သူ့ကိုမှ ခရစ်တော်အကြောင်းသက်သေမခံတဲ့ သစ်သားရုပ် ခရစ်ယာန်တွေထက်တော့ သစ်သားရုပ်ကို တရားဟောတာက အများကြီးသာပါသေးတယ်။

(၂၁၅) ၁၈၅၉ ခုနှစ်က အိုင်ယာလန်ပြည် နိုးထမှုကြီး၌ အသိပညာနည်းပါးသော လူတစ်ဦး အသက်တာပြောင်းလဲခဲ့ပါတယ်။ သူသည် သူ့အတွက် သခင်ခရစ်တော် လုပ်ပေးခဲ့သော အရာများကို ပြောပြခြင်းမှလွဲ၍ အခြားဘာကိုမှ မဟောမပြောတတ်ပေ။ သူသည် စကော့တလန်ပြည်တွင်း စက်ရုံအချို့၌ အလုပ်လုပ်ကိုင်ခဲ့ရာ အချို့စက်ရုံကြီးများ၌ အလုပ်သမား ၁၃၀၀ ခန့်အလုပ်လုပ်ကြသည်။ သူနှင့်ပတ်သက်၍ မှတ်သားစရာကျန်ခဲ့သည်မှာ ရိုးသားလှ သည့်သူ့သက်သေခံချက်ကြောင့် အလုပ်သမား ၆၀၀ ထက်မနည်းအသက်တာ ပြောင်းလဲခဲ့ကြရခြင်းပင် ဖြစ်ပါသည်။

(၂၁၆) စာရေးသူမတတ်နိုင်သော်လည်း၊ စာရေးသူကြောက်ရွံ့နေသော်လည်း၊စာရေးသူမှ မဖြစ်နိုင်သော်လည်း၊ သူရေးခဲ့သောစာအုပ်များကအခြေအနေ၊ အချိန်အခါ၊ နေရာမရွေး တရားဟောနိုင်ပေသည်။

(၂၁၇) နာမည်ကျော်သာသနာပြုဆရာ အဒေါနီယံဂျပ်ဆင်သည် ဖါးလော(ချ်) အရပ်ရှိ အိမ်၌ နေထိုင်နေစဉ်က ဖြစ်ပါသည်။ သူ၏နေရာမှ ကွန်နက်တီကပ်သို့ သွားလိုလျှင် ကျောက်သားတမံကြီးကို လမ်းပြုလုပ်ထားသော လမ်းအတိုင်းသွားလာကြရသည်။ ထိုအချိန်က နယူးအင်္ဂလန်နှင့်နယူးယော့ အကြားဆက်သွယ်ရာ၌ ထိုကျောက်သားတာတမံလမ်းကြီးသည် အဓိကဆက်သွယ်ရေး လမ်းမကြီးဖြစ်သည်။ ထိုမြို့ရှိ ကလေးငယ်များသည် ညနေပိုင်း၌ နာမည်ကျော်ကြားသည့် ပုဂ္ဂိုလ်များကို တွေ့ရလို့တွေ့ငြား မျှော်လင့်ချက်ဖြင့် ဆိပ်ခံတံတား၌ ဆော့ကစားလေ့ရှိကြသည်။ ထိုလမ်းမကြီး၌ ရထားများလည်းပြေးဆွဲပြီး လှေများနှင့်တကွ နေရာထိုင်ခင်း အစားအသောက်များပါသော အထူးရထားနှင့် အမြန်ရထားနှစ်စင်းရှိသည်။ တစ်နေ့အထူးရထားဆိုက်ရောက်လာသောအခါ ကလေးငယ်တစ်ဦးသည် လူတစ်ဦး၏မျက်နှာကို သတိထားကြည့်မိရာမှသူသည် အံ့သြမှု၊ စိတ်လှုပ်ရှားမှု တို့ဖြင့် အင်မတန်မှသိလိုစိတ်ပြင်းပြလာခဲ့သည်။ လူသားတစ်ဦး၏ မျက်နှာ၌ထိုကဲ့သို့ တောက်ပထွန်းလင်းနေမှုမျိုးကို သူတစ်ခါမျှမတွေ့ခဲ့ဘူးပါ။ သူသည်ချက်ခြင်းသိလိုက် သည်မှာ ဤတောက်ပထွန်းလင်းနေသော မျက်နှာပိုင်ရှင်သည် သူတစ်ခါတွေ့ဘူးသည့် နာမည်ကျော်သာသနာပြုဆရာကြီးပင်ဖြစ်သည်။ သူသည်ထိုလမ်းအတိုင်း သာသနာပြုဆရာကြီးဂျပ်ဆင် နောက်သို့လိုက်ပြီး အကယ်၍ဖြစ်နိုင်လျှင် သူလည်းထိုကဲ့သို့ဖြစ်လိုကြောင်း တောင်းဆိုမိပါသည်။ ဆရာကြီးဂျပ်ဆင်သည် ထိုကလေးငယ်နှင့်ပြန်လိုက်လာပြီး စကားပြောလာပါသည်။ ထိုကလေးငယ်နှင့် စကားစမြည်ပြောဆိုကြရာ၌ ဆရာကြီးဂျပ်ဆင်သည် ပတ်ဝန်းကျင်ရှိ ကလေးငယ်များကိုပင် သတိမထားမိတော့ပေ။ ထိုကလေးငယ်သည်လည်း ကောင်းကြီးမင်္ဂလာနှင့် ပြည့်ဝနေသောမျက်နှာကို မတ်တပ်ရပ်လျက် ငြိမ်သက်စွာဖြင့် စိတ်ဝင်တစားကြည့်ရင်း မိမိ၏မျက်ရည်များကိုပင် မသုတ်နိုင်တော့ချေ။ နှစ်ပေါင်းများစွာကြာလာသောအခါ ထိုအလေးငယ်ကိုယ်တိုင်နာမည်ကျော် သာသနာပြုဆရာကြီး ဖြစ်လာပါသည်။ သူ၏နာမည်မှာ ဟင်နရီခလေးထရမ်းဘူး(လ်) ဖြစ်ပြီးသူသည် “ အဒေါနိယံဂျပ်ဆင် ၏မျက်နှာကို

မြင်တွေ့ခဲ့ရသော သူငယ်လေး ”ဟုခေါင်းစဉ်တပ်ထားသော စာအုပ်ကို ရေးသားခဲ့သည်။ ဒေါက်တာထရမ်းဘူး(လ်) ကိုယ်တိုင်ပင်လျှင် ဘုရားသခင်၏အစေကိုခံရင်း နှစ်ပေါင်းများစွာ အမှုတော်ဆောင်ခဲ့သော်လည်း ထိုတောက်ပထွန်းလင်းနေသော မျက်နှာကိုဘယ်သောအခါမျှ မမေ့နိုင်ခဲ့ပေ။ ဒေါက်တာထရမ်းဘူး(လ်)ကိုယ်တိုင်ပြောဆိုသက်သေခံခြင်းသာမက ပုံနှိပ်ထားသော စာမျက်နှာများမှတစ်ဆင့် ထိုသတင်းကို လူများစွာကြားသိကြပေလိမ့်မည်။ အမှန်မှာ ထွန်းလင်းတောက်ပသော မျက်နှာသည် နားမလည်နိုင်စရာ ထူးခြားဆန်းကြယ်မှုမဟုတ်ချေ။ လွန်ခဲ့သောရာစုနှစ်များစွာကပင် ဆာလံဆရာသည် ထိုအကြောင်းကို သိရှိခဲ့ပြီးအောက်ပါအတိုင်း ရေးသားထား ခဲ့ပါသည်။ “ ထာဝရဘု ရားကိုမျှော်ကြည့်ကြလော့။ အလင်းကို ရကြလိမ့်မည်။ ”တရုတ်ပြည်၌ ခရစ်ယာန်များကို ညှင်းဆဲခဲ့သောအရေးအခင်းပေါ်ပေါက်ခဲ့စဉ်က တရုတ်ခရစ်ယာန်များသည် ရုပ်ဖျက်၍ မရချေ။ သူတို့၏မျက်–နှာတောက်ပမှုက သူတို့ကို သစ္စာဖောက်နေသည်။ သနားဖွယ်ရာပင်။ ထို့ကြောင့် ခရစ်ယာန်တိုင်းသည် ဘုရားသခင်ဘက်သို့ အမြဲတမ်းမျက်နှာလှည့်ထားပါက မိမိတို့ပင်မသိနိုင်သော မျက်နှာအလင်းကို ရကြလိမ့်မည်။

(၂၁၈) “ လုံခြုံမှု၊သေချာမှု၊ နှစ်သက်မှု ”ဆိုသောစာအုပ်ကို ရေးသားသူ ဂျော့ကပ်တင်းဆိုသူသည် တခါက နောဖေ့ရွာရှိ တဲငယ်များအနီးမှဖြတ်၍ စက်ဘီးစီးသွားပါသည်။ ရုတ်တရက် ပြင်းပျသောဆန္ဒစိတ်လှုံ့ဆော်လာမှုကြောင့် “ ဤလောက၏အပြစ်ကိုယူဆောင်သွား သောဘုရားသခင်၏ သိုးသူငယ်ကိုကြည့်လော့ ”ဟု နှစ်ကြိမ် တိုင်အော်ဟစ်ကြွေးကြော်လိုက်သည်။ နောက်(၆) လခန့်ကြာသောအခါ ထိုရွာ၌ပင်သူသည် တစ်အိမ်ပြီးတစ်အိမ် လှည့်လည်၍တရားဟောပါသည်။ တဲတစ်တဲသို့ ဝင်၍အိမ်ရှင်အမျိုးသမီးအား “ ကယ်တင်ခြင်းရပြီလား”ဟုမေးကြည့်ရာ ထိုအမျိုးသမီး မှ မိမိကယ်တင်ခြင်းရပြီးဖြစ်ကြောင်း၊ လွန်ခဲ့သော(၆)လခန့်က သူမသည် ပရိဒေဝသောကမီး တောက်လောင်နေပြီး ဘုရားသခင်အား ကူညီမစပါရန် တောင်းလျှောက်မိကြောင်း၊ ထိုအချိန်မှာ “ ဤလောက၏အပြစ်ကို ယူဆောင်သွားသော ဘုရားသခင်၏သိုးသူငယ်ကို ကြည့်လော့”ဟူသောအသံပေါ်ထွက်လာကြောင်းနှင့် သူမက ဘုရား သခင်အား နောက်တစ်ကြိမ်ထပ်ပြောပါရန် တောင်းဆိုသော အခါ ဘုရားသခင်က နောက်တစ်ကြိမ်ထပ်ပြောကြောင်း သက်သေခံပါသည်။

(၂၁၉) ငယ်ရွယ်သောသာသနာပြုဆရာတစ်ဦးက ဝယ်လင်တန်မြို့စားကြီးအားမေး သည် မှာ “ အင်မတန်ခေါင်းမာတဲ့လူမျိုးကို ဝမ်းမြောက်ဖွယ်ရာဧဝံဂေလိသတင်း စကားဟောကြားရတာ အလကားဘဲ၊ ကျေးဇူးတော်ဟာ သူတို့နဲ့မထိုက်တန်ဘူး လို့တစ်ခါတစ်လေ မစဉ်းစားမိဘူးလား ” မြို့စားကြီးမှ ချက်ခြင်း ပြန်ဖြေသည်မှာ “ ဆရာလေး မင်းအတွက် အမိန့်ကတော့ ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေ လိတရားကို ဟောပြောကြလော့ ” ဆိုတာပါဘဲ။

(၂၂၀) လွန်ခဲ့သောနှစ်အနည်းငယ်ခန့်က “ အင်ဒီယာနာပိုလီ ” မြို့ရှိ လူငယ်တစ် ဦးသည် ခရစ်ယာန်ယုံကြည်ခြင်းတရား၌ အသိဉာဏ်ဆိုင်ရာ ပြဿနာခက်ခဲမှုများ ရှိကြောင်းပြော လာပါသည်။ ထိုသတင်းကိုကြားသောထိုမြို့မှ လူသိများသော သာ မန် ပုဂ္ဂိုလ်တစ်ဦးသည် ထိုလူငယ်၏လိပ်စာကို တောင်းပြီးတစ်ညနေ၌ သွားရောက် ပါသည်။ ထိုနောက် ထိုလူငယ် ၏အခန်းထဲ၌အတူထိုင်၍ ဧဝံဂေလိသတင်းစကား ဟောပြီးဆွေးနွေးကြပါသည်။ ပြဿနာတစ်ရပ်ကိုဖြေရှင်းပြီး နောက်ထပ်ပြဿနာ တစ်ရပ်ကို ဖြေရှင်းကြပြန်ရာ ညသန်းခေါင် တစ်နာရီထိုးသည့် အထိပင်တည်း။ နောက်ဆုံး၌ ထိုသူသည် လူငယ်အတွက် ဒူးထောက်ဆု တောင်းပေးပါသည်။ ထို့ နောက် ယေရှုခရစ်တော်ကို လက်ခံပါမည်လားဟုမေးကြည့်ရာ ထိုလူငယ်မှလက်ခံ ပါမည်ဟု ဖြေကြားသောကြောင့် ထိုနေရာ၌ပင်အတူတကွ ဆုတောင်း၍ ယေရှုခရစ် တော်ကို ခေါ်ဖိတ်လက်ခံစေပါသည်။ ထို့နောက်ထိုသူသည် သူ၏သင်းအုပ်ဆရာ ထံသို့သွား၍ထိုအကြောင်းကို ပြောပြပြီး “ ကျွန်တော်မှာ ရင်သိမ့်တုန်စရာအတွေ့ အကြုံ အများကြီး ရှိခဲ့ပါတယ်။ ဒါပေမဲ့ ဒီတစ်ခါတွေကြုံရတာကတော့ ရင်အခုန် ရဆုံးပါဘဲ ” ဟုပြောကြားခဲ့ပါသည်။ ထိုသူ၏နာမည်မှာ ဘင်ဂျမင်ဟာရီဆင်ဖြစ်ပြီး နောင်အချိန်မှာ အမေရိကန်ပြည်ထောင်စု ဒုတိယသမ္မတ ဖြစ်လာခဲ့ပါသည်။

(၂၂၁) ချား(လ်)ဘရက်လောက်ဆိုသူသည် လန်ဒန်မြို့၌ဘုရားမဲ့ဝါဒီသမားတစ်ဦး အဖြစ်ထင်ရှားပါသည်။ လန်ဒန်မြို့ကျူးကျော်ရပ်ကွက်များ၌လည်းဟု(ချ်)ပရိုက်ဟု ချက် ဆိုသောသာသနာပြုဆရာ တစ်ဦးသည် သူ၏သာသနာလုပ်ငန်း၌ အံ့သြဘွယ်ရာအမှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နာမည်ကြီးပါသည်။ တစ်နေ့ သောအခါ ချား(လ်)ဘရက်လောက်က ဟု(ချ်)ပရိုက်ဟုချက်အား ခရစ်ယာန် ယုံ ကြည်မှုတရား နှင့်ပတ်သက်၍ သူနှင့်စကားရည်လုရန် စိန်ခေါ်လိုက်ပါသည်။

မစ္စတာဟုချက်သည် ထိုစိန်ခေါ်မှုကို ချက်ခြင်းလက်ခံလိုက်ပြီး ထပ်မံ၍ဖြည့်စွက်တောင်းဆိုသည်မှာ "သူ့အနေဖြင့်သူ၏ဟောပြောမှုကြောင့် ရှက်ကြောက်ခြင်းတရား၊ အပြစ်တရား၏လွှမ်းမိုးမှုအောက်မှ လွတ်မြောက်လာသူလူ (၁၀၀) ကို သက်သေအဖြစ်ခေါ်လာရန်၊ အကယ်၍ လူ(၁၀၀)မရှိပါကသူ၏ဟောပြောမှုကြောင့် ဘဝအသက်တာတွင် အင်မတန်ဝမ်းမြောက်ခြင်း ခံစားရသူလူ (၅၀) ကိုခေါ်လာနိုင်ကြောင်း၊ အကယ်၍ (၅၀) မရှိပါက လူ (၂၀)၊ လူ(၂၀) မရှိပါက(၁၀) ယောက်၊ နောက်ဆုံး (၁၀)ယောက် မပြည့်ပါက တစ်ယောက်ခေါ်လာနိုင်လျှင်ပင် မိမိအနေဖြင့် လက်ခံပါကြောင်း၊ မိမိကတော့ လူ(၁၀၀) ကိုခေါ်လာမည်ဖြစ်ကြောင်း ပြောဆို၍ ထပ်မံစိန်ခေါ်လိုက်ပါသည်။ ထိုအခါလန်ဒန်တစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြင့်စိတ်ဝင်တစားဖြစ်လာကြပြန်သည်။

နောက်ဆုံးရလဒ်မှာ – မစ္စတာဘရက်လောက်သည် အကြီးအကျယ်စိတ်အနှောင့်အယှက်ဖြစ်သွားပြီး စိတ်ပျက်ဒေါသထွက်ကာ စကားရည်လုရန်သူ၏ စိန်ခေါ်မှုကို အများပြည်သူ ရှေ့မှောက်၌ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

(၂၂) သာသနာပြုသောလူငယ်တစ်ဦးသည် ခလေးသူငယ်ဥပုတ်စာဖြေသင်တန်းကျောင်း၌ အလုပ်စဝင်ပေသည်။ ကလေးသူငယ်များအဖို့ သူတို့၏ လူငယ်ဆရာလေးသည် ကလေးများအပေါ်အကြင်နာတရားထားပြီးနည်းစနစ်တကျ သင်ကြားနိုင်၍ ပြီးပြည့်စုံလှပေသည်။ မကြာမီမှာပင် ထိုလူငယ်ဆရာ၌ စိတ်ပျက်မှုများပေါ်ပေါက်လာ၍ထိုစိတ်ဓာတ်ကျမှုသည် ဥပုတ်စာဖြေသင်တန်းကိုပါ ရိုက်ခတ်လာကာ သူသည် ကလေးသူငယ်များကိုစွန့်ခွာ တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ နောက်ဆုံးအပတ် တနင်္ဂနွေနေ့နံနက်စောစောတွင်သူသည် သင်တန်းကျောင်းမှထွက်ခွာလာစဉ် ကလေးနှစ်ဦးစကားပြောနေသည်ကို ကြားရသည်။ ကလေးတစ်ဦးက "သူတို့ဆရာထွက်သွားတော့မည့်အကြောင်းနှင့် ဘယ်တော့မျှပြန်လာတော့မည်မဟုတ်ကြောင်း" ပြောသည်။ နောက်တစ်ဦးက "ဘာကြောင့်လဲ။ သူသွားမှာမဟုတ်ဘူး "ငါဟာ ဒီဥပုတ်စာဖြေကျောင်းမှာ သူ့ရဲ့ပထမဦးဆုံးတပည့် တစ်ဦးဘဲ ပထမဆုံးတနင်္ဂနွေနေ့မှာ –သူတို့ကိုပြောတယ်။ ဘုရားသခင်က သူ့ရဲ့အလုပ်ရှင်ဘဲ။ ဘုရားသခင်ပြောတဲ့အတိုင်း သူလုပ်ရတယ်တဲ့။ ဒါကြောင့် သူထွက်သွားမှာမဟုတ်ပါဘူး" ထိုကလေးငယ်နှစ်ဦး၏ပြောဆိုသံများကိုကြားရပြီးနောက် ထိုလူငယ်ဆရာလေးသည် သူသည်ဘုရားသခင်၏လူဖြစ်ကြောင်း ဝန်ခံ၍ကလေးငယ်များကို စွန့်

ခွာမသွား တော့ချေ။

(၂၂၃) စားသုံးကုန်ပစ္စည်းရောင်းဝယ်သောမီလျံနာသူဌေးကြီး ဟောင်းဝပ်.အီး.ဘတ်ဂျေအာရ်ကပြောသည်မှာ " ဘုရားသခင်သည်သင်းအုပ်ဆရာများကိုသာအထူးသဖြင့် ခေါ်ယူပြီး ဂရုတစိုက်ရှိကာကျန်လူများကိုမူကား အမှုတော်အတွက်မခေါ်ယူဘဲ ဂရုမစိုက်သော ဘုရားသခင်မဟုတ်ပါ။ ခရစ်ယာန်တစ်ဦးအနေဖြင့် မိမိသည်ဘုရားသခင်ဘက်မှာ အချိန်ပြည့်သက်သေခံရမည့် သူတစ်ဦးအဖြစ် ဘုရားသခင်ခေါ်ယူထားကြောင်းသိထားရမည်။"

(၂၂၄) တက္ကဆက်ပြည်နယ် ပိုက်ဟော့(စ်) အရပ်တွင် အယ်လ်ဆီအက်စတာ ဆိုသူသစ်ခုတ်သမား တစ်ဦးရှိပါသည်။ သူသည် သူ၏ သစ်ခုတ်ပစ္စည်းများနှင့်အတူ ခမ္ဘသစ်ကျမ်းစာ အုပ်ကို အမြဲဆောင်ထားလေ့ရှိပြီး တွေ့သမျှလူတိုင်းကို သက်သေခံလေ့ရှိသောကြောင့် "သက်သေခံသော သစ်ခုတ်သမား" ဟုသူကိုခေါ်ကြသည်။ သူခရစ်ယာန်စဖြစ်ကတည်းက လူပေါင်းတစ်ရာကျော်ကို ခရစ်တော်ထံသို့ခေါ်ဆောင်ခဲ့ပြီဖြစ်ကြောင်း သာသနာပြု ဆရာတစ်ဦးကပြောပြပါသည်။ တရားဟောဆရာထံမှ တရားဟောချက်ကို မကြားရသော်လည်း အလုပ်သမားတစ်ဦးထံမှ တရားဟောချက်ကိုလူများစွာကြားခဲ့ကြရပါသည်။

(၂၂၅) ပြန်လည်ပြုပြင်ပြောင်းလဲရေး ခေတ်အစပိုင်းတွင် ဘက်စလေအရပ်မှမာတင်ဆို သူသည် ခရစ်တော်ကို သိကျွမ်းပြီးခရစ်ယာန်တစ်ဦးဖြစ်လာသည်။ သို့သော်သူသည်လူအများ ရှေ့မှောက်တွင် ယုံကြည်သူတစ်ဦးဖြစ်ကြောင်း ဝန်ခံရန်ကြောက်ရွံ့နေခဲ့သည်။ ထို့ကြောင့်သူသည် သားရေပြားပေါ်တွင် " ဂရုဏာကြီးလှသော ခရစ်တော်ဘုရား ကိုယ့်တော့်အသွေးတော်ကြောင့်သာ ကျွန်တော့်အတွက် ကိုယ်တော်ဝေဒနာခံစားခဲ့ရတာကို ကျွန်ုပ်သိပါတယ်။ကိုယ်တော့်ကို ကျွန်တော်ချစ်တယ်။ သိပ်ချစ်တယ် ဟု ရေးသားပြီးဝှက်ထားခဲ့ပါသည်။ ထိုစာကို နှစ်ပေါင်းတစ်ရာကျော်အထိ မတွေ့ခဲ့ကြချေ။

တစ်ချိန်တည်းမှာပင် မာတင်လူသာသည်လည်း ခရစ်တော်ကို ယုံကြည်လက်ခံပြီး အသက်တာကို ပြောင်းလဲလာခဲ့သည်။ သူပြောသည်မှာ " ငါရဲ့အရှင်ဟာ လူတွေရှေ့မှာငါ့ကို ဝန်ခံတယ်။ ငါလည်းဘုရင်တွေရဲ့ ရှေ့မှာခရစ်တော်ကို ဝန်ခံဘို့မတွန့်ဆုတ်ဘူးဟူ၍ ဖြစ်သည်။ တစ်ကမ္ဘာလုံးနီးပါး မာတင်လူသာကို သိကြပြီး

ယနေ့အထိ အမှတ်ရနေကြပါသည်။ သို့သော် ဘက်စလေအရပ်မှ မာတင်ကိုမူမည်သူမျှမသိကြချေ။

(၂၂၆) သမ္မတဂျွန်အက်(ဖ်) ကနေဒီလုပ်ကြံခံရပြီးနောက် ဝမ်းနည်းကြေကွဲနေသော ဥပုတ်စာဖြေဆရာမတစ်ဦးသည် ဒါးလက်(စ်) နေ့စဉ်သတင်းစာတွင်ဝမ်းနည်းကြောင်း သဝဏ်လွှာရေးသားခဲ့သည်။ သူမပြောပြသည်မှာ သူမ၏ ဥပုတ်စာဖြေသင်သင်တန်းတွင် တစ်ခါမျှ သခင်ယေရှုကိုကယ်တင်ရှင်အဖြစ် လက်မခံခဲ့သော လီးဟာဗေးအော့စဝဲလ် ဆိုသူသည် ဂျွန်အက်(ဖ်)ကနေဒီ ကို လုပ်ကြံသူဖြစ်ခဲ့ပါသည်။ (၅)နှစ်ကြာပြီးနောက် ကယ်လီဖိုးနီးယားနယ် ပါစာဒီးနီးယားရှိ " နာဇရင်း " ဥပုတ်စာဖြေကျောင်းဆရာမတစ်ဦး ကလည်း ညည်းတွားလျက်ပြောပြသည်မှာ သူမ၏အခန်းထဲတွင် အမြဲတမ်းပြဿနာလုပ် လေ့ရှိသော (၁၂)နှစ်အရွယ်ရှိအသားမဲလူငယ်ကလေးတစ်ဦးရှိကြောင်း၊ ထိုလူငယ်သည်ဆုံး မခြင်း ကိုမနာခံဘဲနှစ်ကြိမ်၊ သုံးကြိမ်ခန့်သင်တန်းလာတက်ပြီးနောက် မလာတော့ကြောင်းသူမသည်လည်း ထိုသူငယ်ကိုထပ်မံ၍လိုက်ပါခေါ်ဆောင်လိုစိတ်မရှိတော့ကြောင်းပြောခဲ့ပါသည်။ ထိုသူငယ်၏နာမည်သည် ဆာဟန်ဆာဟန် ဖြစ်ပြီးနောက်ပိုင်းတွင် ဆီနိတ်တာအမတ် ရောဘတ်အက်(ဖ်)ကနေဒီကို လုပ်ကြံသတ်ဖြတ်သူဖြစ်ခဲ့ပါသည်။

(၂၂၇) အမေရိကန်ပြည်တွင်းစစ်ပွဲပြီးဆုံးပြီး မကြာမီကာလတွင် ဗာဂျီးနီးယားပြည်နယ်ရှိ ရစ်(ချ်)မွန် အသင်းတော်တစ်ပါး၌ ဝတ်ပြုစည်းဝေးစတင်ပြီး ပွဲတော်မင်္ဂလာကျင်းပသောအခါ ထိုလူမဲသည် ပထမဦးဆုံးပလ္လင်တော်ရှေ့သို့သွား၍ ဒူးထောက်ရမည့် နေရာတွင် ဒူးထောက်နေပါတော့သည်။ ဗိမာန်တော်ထဲမှာပရိသတ်များသည် ထိုအဖြစ်အပျက်ကြောင့် အသံဗလံများထွက်လာပြီး ဒေါသလှိုင်းတံပိုးထလာ ကြပါတော့သည်။ ထိုအချိန်တွင် ပရိတ်သတ်များထဲမှလူဖြူတစ်ဦးသည် ရုတ်တရက်ထရပ်လိုက်ပြီးပလ္လင်ရှေ့သို့ လျှောက်သွားကာ လူမဲညီအစ်ကို၏ဘေးတွင် ယှဉ်လျက်ဒူးထောက်လိုက်ပါတော့သည်။ ထိုကဲ့သို့ပုံသက်သေကောင်းပြသူမှာ ရောဘတ်(အီး)လီးဆိုသူပင်ဖြစ် ပါသည်။

(၂၂၈) တစ်ခါက ဧဝံဂေလိဆရာတစ်ဦးသည် လူငယ်တစ်ဦးအား သူ၏အပြစ်အ–တွက် သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်၌ ကိုယ်စားအသေခံပေးခဲ့ကြောင်း

ပြောပြကာ ထိုလူငယ်အားသခင်ယေရှုထံသို့ ပို့ဆောင်ပေးခဲ့ပါသည်။ မကြာမီမှာပင် ထိုလူငယ်ဝန်ခံ ပြောကြားသည်မှာ “ ပထမမိမိကိုယ်ကို သခင်ယေရှုထံဆပ်ကပ်အပ်နှံပြီး သခင်ယေရှုနှင့် အတူတကွ အသက်ရှင်လျှောက်လှမ်းရမယ် ”ဟူ၍ပင်ဖြစ်သည် “ ဒါပေါ့။ မှန်တာပေါ့ ”ဟူ၍ဇဝ်ဂေလိဆရာမှ ပြောဆိုပြီးထိုလူငယ်လေးသည် ကယ်တင်ရှင် သခင်ယေရှုနှင့် အတူဝမ်းမြောက်စွာ ထွက်ခွာသွားပါတော့သည်။ နောက်တစ်ညတွင် ဇဝ်ဂေလိဆရာထံသို့ ထိုလူငယ်လေးသည် တောက်ပသောမျက်လုံးများနှင့် ပြန်လည်ရောက်ရှိလာပါသည်။ “ လာသား ဘာကိစ္စရှိလို့လဲ။ ငါထင်တာမင်းမနေ့ညကဘဲ သခင်ယေရှုလက်ခံယုံကြည်ပြီးပြီ မဟုတ်လား။ ”“ဟုတ်ပါတယ်ဆရာ။ ”“ဒါဆိုအခုဘာလာလုပ်တာလဲ”“ အခုကျွန်တော် ကျွန်တော့်အမေကို ခေါ်လာတယ်ဆရာ ”နောက်တစ်ည၌ ထိုလူငယ်လေးထပ်မံ ရောက်ရှိလာပြန်သည်။ “ ကဲသား–အခုဘယ်သူ့ကို ခေါ်လာသလဲ။ ”“ကျွန်တော့်အဖိုးကို ခေါ်လာပါတယ်။ ”ဤလူငယ်လေးသည် မိမိအိမ်၌ကိုယ်တိုင်ဇဝ်ဂေလိဝေငှကာ မျိုးဆက်သုံးဆက်အား ခရစ်တော်ထံပို့ဆောင်နိုင်ခဲ့ပါသည်။

(၂၂၉) ဂျီနီဗာမြို့မှ ဒေါက်တာမီလန်သည် ပဲရစ်မြို့သို့ သွားစဉ်လမ်းခရီး၌ လူငယ်တစ်ဦးနှင့် ခရစ်ယာန်အယူဝါဒအကြောင်း စကားလက်ဆုံကျခဲ့ပါသည်။ ခရစ်ယာန်ဘာသာတရားအကြောင်းကို ထိုလူငယ်မှပင် စတင်ပြောဆိုခဲ့ခြင်းဖြစ်ပါသည်။ ဒေါက်တာမီလန်သည် ပြောဆိုငြင်းခုန်စရာကိစ္စရပ်တိုင်း၌ သမ္မာကျမ်းစာမှကျမ်းပိုဒ်များကိုသာ ကိုးကား၍ပြောဆိုခဲ့သည်။ နောက်ဆုံး၌ အဘယ်ကဲ့သို့ဖြစ်လာမည်ကိုလုံးဝစိုးရိမ်ခြင်းမရှိဘဲ သမ္မာကျမ်းစာကိုသာ မှီခိုကိုးကားခဲ့သည်။သမ္မာကျမ်းစာကိုသာအဖော်ပြု၍ တစ်ပိုဒ်ပြီးတစ်ပိုဒ်အသုံးပြုပြောဆိုခဲ့သည်။ နောက်ဆုံး၌ ထိုလူငယ်သည် “ ခင်ဗျားရဲ့သမ္မာကျမ်းစာကို ကျွန်တော်မယုံဘူးဆိုတာ သိရဲ့သားနဲ့ ဘာဖြစ်လို့သမ္မာကျမ်းစာကိုဘဲ ကိုးကားပြောဆိုနေရတာလဲ ”ဟုအော်ဟစ်ခဲ့သည်။ ဒေါက်တာမီလန်မှ ပြန်လည်ပြောဆိုခဲ့သည်မှာ “ ငါသည် (သမ္မာတရား) ဖြစ်သည်ကိုသင်မယုံခဲ့လျှင် သင်၏အပြစ်ထဲ၌ သေရလိမ့်မည်။ ”ဟူ၍ဖြစ်သည်။ နှစ်အနည်းငယ်ကြာပြီးနောက် ဒေါက်တာမီလန်သည် သူမမြင်ဘူးသောလက်ရေး နှင့်ရေးထားသည့်စာတစောင်ကို လက်ခံရရှိခဲ့သည်။ ထိုစာထဲတွင် ရေးထားသည်မှာ “ ခင်ဗျားဟာနှုတ်ကပတ်တော်ဓါးနဲ့ ကျွန်တော့်ကို တချိန်ပြီးတစ်ချိန် ထိုးခုတ်ခဲ့တယ်။ ကျွန်တော်ကလည်း ခင်ဗျားရဲ့ လက်ထဲမှာ ကောင်းကင်ဓား မဟုတ်ဘဲနဲ့ ခင်ဗျားရဲ့ကိုယ်

ပိုင်ခါး(စကား) ဖြစ်ဖို့ တစ်ချိန်လုံးကြိုးစားခဲ့ပေမဲ့ မရခဲ့ဘူး။ ကျွန်တော်နောက်ဆုံး ခံစားသိရှိခဲ့တာကတော့ "ကျွန်တော်ဟာ ခင်ဗျားနဲ့ စကားများရန်ဖြစ်ခဲ့တာမဟုတ် ဘဲဘုရားသခင်နဲ့ရန်ဖြစ်ခဲ့တာပါလား" ဆိုတာပါဘဲ။ ထိုအခါမှပင်ဒေါက်တာမီလန် သည်လွန်ခဲ့သောဆယ်နှစ်ခန့်က ပဲရစ် မြို့သို့သွားသောခရီးစဉ်၌ ဆုံတွေ့ခဲ့ရသောလူ ငယ်လေးကို ပြန်လည်သတိရမိ ပါတော့ သည်။

(၂၃၀) စည်းဝေးပွဲတစ်ရပ်၌ လူငယ်တစ်ချို့သည် "သင်တို့သည် ဤလောက၏ ဆားဖြစ် ကြသည်။" ဟူသောကျမ်းပိုဒ်ကို ဆွေးနွေးခဲ့ကြပါသည်။ ဆားဟာနှစ်လို ဖွယ်ရာ အနံ့အရသာပေးစွမ်းနိုင်တယ်။" ဟုတစ်ဦးကဆိုပြီး နောက်တစ်ဦးက "ဆား ဟာအစားအစာတွေ မပုပ်မသိုးမပျက်မစီးအောင် လုပ်ပေးနိုင်တယ်။" ဟုဆိုပြန် သည်။ နောက်ဆုံးတွင် တရုတ်ခရစ်ယာန် အမျိုးသမီးလေးတစ်ဦးက မည်သူမျှမစဉ်း စားမိသောအချက်ကို တင်ပြ လာသည်မှာ "ဆားဟာရေငတ်တဲ့ အစွမ်းသတ္တိကို ပေးနိုင်တယ်။ ချက်ခြင်းပင်တစ်ခန်းလုံး တတ်ဆိတ်ငြိမ်သက်သွား၍ အားလုံးစဉ်း စား မိလိုက်ကြသည်မှာ–" ငါဟာ ခရစ်တော်ကို တစ်စုံတစ်ယောက်ဆာငတ်လာ အောင် လုပ်ခဲ့ဘူးရဲ့လား။ "

(၂၃၁) လွန်ခဲ့သောနှစ်ကာလ တစ်ရက်ခန့်က လက်နက်ဖျက်သိမ်းခြင်းအခမ်း အနားတွင် ဂျော့(ချ်)ဘုရင်မင်းမြတ် မိန့်ခွန်းပြောကြားခဲ့သည်။ ထိုအစီအစဉ်ကို ကိုလံဘီရာအသံလွှင့်ဌာနက တစ်ကမ္ဘာလုံးသို့တိုက်ရိုက်အသံလွှင့်နေခဲ့စဉ် တစ်စုံ တစ်ဦးက ဝါယာကြိုးကိုတိုက် မိခဲ့ပြီး ထိုဝါယာကြိုးပြုတ်လုမတတ်ဖြစ်၍ အသံ လွှင့်နေမှု ပြတ်တောက်ကာနီးဖြစ်ခဲ့သည်။ အော်ပရေတာချုပ်မှချက်ခြင်းပင် ထို ဝါယာကြိုးကို သူ၏လက်ဖြင့်ဆုတ်ကိုင်ထားခဲ့သည်။ ဘုရင်၏မိန့်ခွန်းကို ရပ်နီးရပ်ဝေးမှ နားထောင်နေကြသော လူသန်းပေါင်းများစွာ ကြားခဲ့ရပေသည်။ သူ ၏ရဲဝံ့စွာဖြင့် အနာခံကြိုးပမ်းမှုမရှိခဲ့လျှင် ဘုရင်မင်းမြတ်၏မိန့်ခွန်းကို လူအများ ကြားရတော့မည်မဟုတ်ချေ။ ကောင်းကင်ဘုံမှ ဘုရင်မင်းမြတ်ဖြစ်သော ဘုရားသခင် သည်လည်း ပျောက်ဆုံးနေသော လူသားများထံသို့ သူ၏သတင်းစကားကိုယုံကြည် သူများမှ တဆင့်ကြားပြောနေပါသည်။ ထိုကဲ့သို့ ပြောကြားရာ၌ ဝါယာကြိုးကဲ့သို့ သော ကြားခံဆက်သွယ်မှုအဖြစ် သူရွေးချယ်ထားသော သစ္စာရှိယုံကြည်သူများ၊ သာသနာပြုများစွာတို့သည် ဤကမ္ဘာပေါ်တွင် ဆင်းရဲဒုက္ခဝေဒနာကို မကြာခဏခံ

စားကြရသည်။ ဝေးလံခေါင်သီသော အရပ်ဒေသများ၌ဖျားနာမှု၊ ရောဂါဝေဒနာများ ခံစားကြရသည့်အပြင် လောကဆိုင်ရာဥစ္စာပစ္စည်းများ ဆုံးရှုံးခံကြရသည်။ တစ်ချို့ ဆိုလျှင်အသက်ပင် အသေခံကြရသည်။ အဘယ်ကြောင့်ဆိုသော် လန်ဒန်မြို့မှလာ သော ငြိမ်းချမ်းရေးဆိုင်ရာမိန့်ခွန်းထက် သာ၍အရေးကြီးသော ကောင်းကင်ဘုံမှလာ သော မိန့်ခွန်းဖြစ်သောကြောင့်ဖြစ်သည်။ ထိုကြောင့်မည်မျှပင် အဖိုးအခပေးရပါစေ ဝါယာကြိုးကိုဆုပ် ကိုင်ထားရမည်။ ဘုရားသခင်၏ အသင်းတော်သည် ထိုကဲ့သို့ ဆုပ်ကိုင်ထားလိုသော သူများစွာကို လိုအပ်နေပေသည်။

(၂၃၂) အက်(စ်) အိပ်(ချ်)ဟဒ်ဒလေဆိုသူက ဂျယ်ရီမက်အော်လေး၏ ဟောင်ဝါရီ သာသနာပြုအဖွဲ့အစည်းနှင့်ပတ်သက်၍ အောက်ပါအဖြစ်အပျက်ကို ပြောပြခဲ့သည်။ တစ်ညမှာ ဝတ်ပြုစည်းဝေးအပြီးခရစ်တော်ကို လက်ခံယုံကြည်လိုသူများနဲ့ဆုတောင်း ခံလိုသူများကို ပလ္လင်ရှေ့ကိုထွက်လာဘို့ ဖိတ်ခေါ်ခဲ့ပါတယ်။ သူငယ်တစ်ယောက် အရှေ့ကိုထွက်လာပြီး ဆုတောင်းဘို့ရာဒူးထောက်တာနဲ့ကျွန်တော်လည်းသူဘေးမှာ ဒူးထောက်လိုက်ပါတယ်။ သူကစတင်ဆုတောင်းနေပြီး သူ့ရဲ့ဆုတောင်းချက်က လည်းတစ်ချက်ထဲကို ထပ်ခါတလဲလဲ ရွတ်ဆိုနေခြင်းဖြစ်ပါတယ်။ အဲဒါကတော့ “အဖဘုရား ကျွန်တော်ကို ဂျိုးနဲ့တူစေပါ။”လို့ဖြစ်ပါတယ်။အဲ့ဒါနဲ့ ကျွန်တော်လည်း သူ့ကို “သခင်ယေရှုနဲ့တူပါစေလို့ဘုရားသခင်ထံဆုတောင်းပါ။” လို့ပြောလိုက် တဲ့အခါ သူကကျွန်တော်ကိုမျက်လုံးဖွင့်ကြည့်ပြီး “သခင်ယေရှုကဂျိုးထက်ပို ကောင်းလို့လား ”ဟောင်ဝါရီမှာရှိတဲ့သူအားလုံးက ဂျိုးကိုချစ်ကြပါတယ်။ ဂျိုးဟာ စတင်ပြောင်းလဲလာချိန်ကစပြီး နှစ်နှစ်လုံးလုံးသူ့ အသက်တာကို သခင်ဘုရား ထံ ပို့ဆောင်ပေးမှတော့ ဟောင်ဝါရီမှာရှိတဲ့လူ တွေရဲ့မျက်ရည်များနဲ့အတူကျွန်တော်တို့ လည်းဂျိုးကို အပြီးတိုင်မြုပ်နှံလိုက်ပါတော့တယ်။

(၂၃၃) အေးချမ်းသော ဆောင်းအခါသမယ၌ အာဖရိကတိုက်မှ သာသနာပြုဆရာ ကြီးဒေါက်တာမော့ဖက်သည် တရားဒေသနာဝေငှရန်အတွက် စကော့တစ်(ချ်) အသင်းတော် တစ်ပါးသို့ ရောက်ရှိလာခဲ့ပါသည်။ အမှန်တကယ်သူ၏ရည်ရွယ်ချက် မှာ အာဖရိကတိုက် သို့သာသနာပြုရန်အတွက် ယောက်ျားများအား အကူအညီ တောင်းရန် ဖြစ်သည်။ ထိုအ သင်းတော်အတွင်းသို့ ဒေါက်တာမော့ဖက်ရောက်ရှိ လာပြီး ပလ္လင်ပေါ်မှနေ၍လူများကို ကြည့်လိုက်သောအခါ လူအနည်းငယ်သာရှိပြီး

အားလုံးနီးပါး မိန်းမများဖြစ်နေကြသည်။ ယောက်ျားဆို၍ အောင်ဂင်တီးမည့်လူငယ် လေးတစ်ဦးထဲရှိသည်။ ဒေါက်တာမော့ဖက်ရွေး ချယ်ထားသော ကျမ်းပိုဒ်မှာ "အ ချင်းလူတို့ သင်တို့အားငါခေါ်၏။ လူသားတို့အားအသံကိုငါလွှင့်၏။" (သုတ္တံ ၈း၄) ဖြစ်သည်။ သူသည်တရားဟောချက်ပြောင်းရန် စဉ်းစားမိသေးသော်လည်းယောက်ျား များအတွက်ပြင်ဆင်ထားသည့် ထိုတရားဟောချက်ကိုပင် ဟောပြောဝေငှခဲ့ပါသည်။ အောင်ဂင်တီးသော လူငယ်လေးသည် အထူးအာရုံစိုက်လျက်နားထောင်ခဲ့ပြီး သူကြီး ပြင်းလာသောအခါ ဆေးပညာဘွဲ့ကိုရရှိခဲ့သည်။ သူသည်ဒေါက်တာမော့ဖက်၏ ကိုယ်ကျိုးစွန့်ပြီး ဘဝအသက်တာတစ်ခုလုံးအား အာဖရိကတိုက်အတွက် အပ်နှံ၍ သာသနာပြုရန် မေတ္တာရပ်ခံသည့်တရားဟောချက်အား အမြဲတမ်းသတိရနေခဲ့သည်။ ထိုလူငယ် လေး၏နာမည်မှာ လီးဗင်းစတုန်း ဟူ၍ပင်ဖြစ်ပါသတည်း။

(၂၃၄) ဘန်နော့ဘန်း၏သူရဲကောင်းဖြစ်သူ နိုဘယ်ဆုရ ဘရုပ်(စ်) သေဆုံးသော အခါ သူ၏နှလုံးသားအား ငွေကြုတ်ထဲတွင်ထည့်ကာ လူမဲတစ်ဦးဖြစ်သော ဒေါက် ကလပ်(စ်) ဆိုသူမှ စစ်တပ်နှင့်အတူ သယ်ဆောင်လာခဲ့သည်။ လမ်းတွင်ရန်သူ များနှင့်တိုက်ပွဲဖြစ်ပွားပြီး ဒေါက်ကလပ်(စ်)ကျဆုံးသွားသည်။ သူမသေဆုံးမီ ဘရုပ်(စ်)၏နှလုံးသား ထည့်ထားသောငွေကြုတ်အား တိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေ သောလူများစွာ သတ်ပုတ်နေသည့် နေရာသို့ပစ်ထည့်လိုက်ကာ သူ၏ စစ်သားများ အား ထိုနှလုံးသားနောက်သို့လိုက်ကာ အောင်ပွဲရယူကြဖို့အားပေးခဲ့သည်။ ယနေ့ ခရစ်တော်၏နှလုံးသားသည် မယုံကြည်သူများ စွာရှိနေသည့် အရပ်ဒေသများ၌ ရှိ နေသည်။ ထို့ကြောင့်ယုံကြည်သူ ခရစ်ယာန်များအနေ ဖြင့်ခရစ်တော်၏ နှလုံးသား ကဲ့သို့ မယုံကြည်သူများအတွက်ခံစား၍ နှလုံးခုန်သင့်ပါသည်။

(၂၃၅) တစ်ခါက ကျွန်တော်ဆံပင်ညှပ်ဆိုင် တစ်ဆိုင်မှာရှိနေစဉ် လူတစ်ဦးဆိုင်အ တွင်းထဲသို့ဝင်လာပါသည်။ သူကိုမြင်သည်နှင့် သမ္မတဟောင်း ဝုဒ်ရိုးဝီလ်ဆင်ကို သတိရပါ သည်။ သူသည် ကျွန်ုပ်ကဲ့သို့ပင် ခရီးတစ်ထောက် နားသည့်ပုံစံမျိုးရှိပြီး ကျွန်ုပ်၏ဘေးနား ကပ်ရက်ခုံမှာဝင်ထိုင်ပါသည်။ သူ၏နှုတ်မှပြောသမျှစကားလုံး သည် သူ့အား ဆံပင်ညှပ်ပေးနေသောသူ၏ ဘဝအသက်တာရှင်သန်ခြင်းနှင့်စပ်ဆိုင် ပါသည်။ မကြာမီမှာပင်ကျွန်ုပ်သတိထားမိသည်မှာ ကျွန်ုပ်သည်ဧဝံဂေလိတရားဟော ပွဲသို့ ရောက်နေသကဲ့သို့ဖြစ်ပြီး ထိုပုဂ္ဂိုလ်မှာလည်း မစ္စတာမူးဒီဖြစ်ကြောင်း သိလာ

သည်။ ထိုဆိုင်တွင်းမှ သူထွက် သွားပြီးမှ ကျွန်တော်လည်းအေးဆေးစွာထွက်လာခဲ့ပါသည်။ ကျွန်တော်သတိထားမိသည်မှာ ဆံပင်ညှပ်ဆိုင်အတွင်းမှာရှိသော သူအားလုံးတို့၏ အတွေးထဲမှာ သက်ရောက်မှုတစ်ခု စီရှိနေကြပေသည်။ ထိုသူ၏နာမည်ကိုပင်သူတို့မသိကြပါ။ သို့သော်တစုံတရာက သူ၏အသက်ရှင်ခြင်းနှင့်ပတ်သက်၍ စဉ်းစားစေပါသည်။ ကျွန်တော်ခံစားရသည်မှာ ထိုနေရာသည် သူရှိနေစဉ်အချိန်၌ ဘုရားသခင်ကို ကိုးကွယ်ဝတ်ပြုရာနေရာတစ်ခုဖြစ်ခဲ့သည် ဟူ၍ပင်။

(၂၃၆) စီတီ–စတပ်(ဒ်) သည် အသက် (၁၆)နှစ်အရွယ်၌ပင် ခရစ်ကက်ကစားနည်း၌ အလွန်ကျွမ်းကျင်သူတစ်ဦးဖြစ်ခဲ့ပြီး အသက်(၁၉)နှစ်အရွယ်၌ အင်္ဂလန်နိုင်ငံ ဘီတန်ခရစ်ကက်အသင်း ကက်ပ္ပတိန်ဖြစ်လာပြီး ကမ္ဘာကျော်အားကစားသမားတစ်ဦးအဖြစ်ကျော်ကြား လာခဲ့သည်။ သို့သော်ဘုရားသခင်အတွက် ခြားနားသောအစီအစဉ်တစ်ရပ်ရှိနေသည်။ ကင်းဘရစ်(ဒ်) တက္ကသိုလ်တက်ရောက်နေစဉ်တွင် ဒီအယ်(လ်) မူးဒီ၏ တရားဟောချက်ကို ကြားရပြီး သူအသက်တာပြောင်းလဲသွားခဲ့သည်။ မကြာမီမှာပင် သူ့ဘဝအသက်တာတစ်ခုလုံးအား ဘုရားသခင်ထံဆက်ကပ်အပ်နှံလိုက်ပြီး သူ၏အမွေဥစ္စာရှိသမျှအားလည်း သခင်ဘုရား ၏အမှုတော်မြတ်အတွက်ပေးလှူခဲ့သည်။ သူ၏ခရစ်ကက်အသင်းမှကစားဖော်များ အသက်တာပြောင်းလဲလာရန်အတွက်လည်း အချိန်ပေးခဲ့သည်။ နောက်ဆုံးအချိန်ပြည့်အမှု တော်ဆောင်ရန်အတွက် ဘုရားသခင်၏လမ်းပြမှုကို ခံစားရသောအခါ၌လည်း ဟတ်(ဒ်) ဆင်တေလာ၏ တရုတ်ပြည်သာသနာတွင် ဝင်ရောက်ဆက်ကပ်လုပ်ဆောင်ခဲ့ပါသည်။ သူနိုင်ငံရပ်ခြား၌ရှိနေစဉ် ယနေ့ကာလတန်ဘိုးအားဖြင့် ဒေါ်လာသန်းတစ်ဝက်နှင့်ညီမျှ သောဥစ္စာပစ္စည်းများကို အမွေရရှိပြန်သည်။ ထိုဥစ္စာပစ္စည်းများကိုလည်း(၂၄)နာရီအတွင်း သခင်ဘုရား၏ အမှုတော်အတွက် ပေးလှူလိုက်သည်။

မကြာခင်သူနှင့်သူ၏ဇနီးသည် ကျန်းမာရေးမကောင်းသောကြောင့် အင်္ဂလန်နိုင်ငံသို့ အတင်းပြန်ပို့ခံရသည်။ သို့သော်မကြာမီမှာပင်အာဖရိကတိုက် အတွက်သူ့အား ဘုရားသခင်ခေါ်ပြန်သည်။ သူ့အားပြောကြသည်မှာ “ အာဖရိကတိုက်ကို သွားရင် အသက် ရှင်မှာမဟုတ်ဘူး။ သေမှာဘဲ ”ဟူ၍ပင်ဖြစ်သည်။ သူ၏တစ်ခုတည်းသောအဖြေမှာ “ သေရင်လည်း ခရစ်တော်အတွက်ပဲသေချင်တယ်။ ”ဒီအခွင့်အရေးကို ရှာနေတယ်။ သေသည့်တိုင်အောင် သစ္စာရှိချင်တယ်။ သူသည် ဘုရားသခင်၏ အိမ်တော်သို့မခေါ်မယူ မခြင်းအာဖရိကတိုက်တွင် အစေခံနေခဲ့ပေ

သည်။

(၂၃၇) လပ်(ဒ်)စစ်(ချ်)နော်မန်ဆင် ဆိုသူသည် အင်နိုနီးရှားနိုင်ငံ၊ စူမားတြားကျွန်း ပေါ်ရှိ ဘတစ်ဟူသောတောင်ပေါ်လူမျိုးစုများအား သာသနာပြုရန် ရောက်ရှိလာခဲ့သည်။ သူ့အားထိုလူမျိုးစုက သူတို့ဒေသတွင် နှစ်နှစ်နေထိုင်ခွင့်ပြုခဲ့သည်။ ထိုအချိန်အတွင်းသူသည် ထိုလူမျိုးစု၏ဓလေ့ထုံးစံ– ယဉ်ကျေးမှုနှင့် အုပ်ချုပ်ရေး စသည်တို့ကို လေ့လာခဲ့သည်။ တစ်ရက်တွင် ထိုလူမျိုးစု၏အကြီးအကဲဖြစ်သူမှ သူ့အား မေးလာသည်မှာ " ဒို့လူမျိုးစုရဲ့ ဘာသာနဲ့ ခရစ်ယာန်ဘာသာဘာကွာခြားချက်တွေ ရှိသလဲ။ ဒို့ရဲ့ဘာသာမှာလည်းမခိုးရဘူး၊ သူများမိန်းမကို မပြစ်မှားရဘူး၊ မမှန်သော သက်သေမခံရဘူး စတဲ့ပညတ်တွေရှိတာ ဘဲ။ " သာသနာပြုဆရာပြန်ပြောသည် မှာ " ငါ့ရဲ့သခင်ဘုရားကတော့ သူ့ရဲ့ပညတ်ချက်တွေကို စောင့်ထိန်းနိုင်ဖို့ အစွမ်းတန်ခိုးပေးတယ်။ " လူမျိုးခေါင်းဆောင်မှ " မင်းငါ့နဲ့ ငါ့ရဲ့လူမျိုးတွေကို သင်ပေးနိုင်မလား။ " ဟူ၍တောင်းဆိုလာသည်။ " မဟုတ်ဘူး။ ငါမသင် ပေးနိုင်ဘူး။ ဒါပေမဲ့ သူ့ရဲ့စကားကို နားထောင်ချင်လို့ဒီစွမ်းအားကို တောင်းခံမယ်ဆိုရင်တော့ ဘုရားသခင်ပေးနိုင်ပါတယ်။" ဟုသာသနာပြုဆရာမှ ပြန်ပြောခဲ့သည်။ ထိုလူမျိုးစု ခေါင်းဆောင်မှသူ့အား ထိုဒေသတွင်နောက်ထပ်(၆)လ ထပ်မံနေထိုင်ခွင့်ပြုခဲ့သည်။ ထိုအချိန်ကာလအတွင်းသူသည် " ဘုရားသခင်၏တန်ခိုးတော် " အကြောင်းကိုသာ သင်ကြားနေခဲ့သည်။ နောက်ဆုံးတွင် လူမျိုးစုခေါင်းဆောင်မှ " မင်း ဒီမှာဘဲနေပါတော့။ မင်းရဲ့ ဘုရားသခင်က ဒို့ရဲ့ဘာသာတရားထက်ပိုကောင်းတယ်။ ဒို့ရဲ့ဘာသာက ဒို့ကိုကိုယ်ဖါသာကိုလုပ်ခိုင်းတယ်။မင်းရဲ့ဘုရားကတော့ "လာပါ။ ငါမင်းနဲ့အတူရှိမယ်။ အတူသွားမယ်ကောင်းတဲ့အရာတွေလုပ်နိုင်ဖို့မင်းကို ငါခွန်အား ပေးမယ်လို့ပြောတယ် " ဟုဝန်ခံခဲ့ပေသည်။

ယနေ့ထိုဒေသ၌ ဘတစ် ခရစ်ယာန်အသင်းတော်နှင့် လွတ်လပ်သော ဘတစ် ကိုယ်ပိုင်ခရစ်ယာန်အဖွဲ့အစည်းများရှိနေပေပြီ။ လူအင်အားမှာ လေးသိန်းခွဲ ရှိပေသည်။

(၂၃၈) အီဘရိုက်ဟူသော လူမျိုးစု၏အကြီးအကဲဖြစ်သူသည် ငြိမ်းချမ်းအေးဆေး စွာဖြင့် သမ္မာကျမ်းစာဖတ်နေစဉ် ပြင်သစ်လူမျိုး ကုန်သည်တစ်ဦးမှ စကားလာပြောပါသည်။ " ဒီသမ္မာကျမ်းစာကို ဘာကြောင့်ဖတ်နေရတာလဲ သာသနာပြုတွေကမင်း

ကို ထိန်းချုပ်သွား လိမ့်မယ်။ မင်းဟာသနားစရာဘဲ– ဘာမှမသိရှာဘူး။ ဒီကျမ်းစာအုပ်ကိုလွှင့်ပစ်လိုက်။ ဒီကျမ်းစာက ဘယ်သူကိုမှ ကောင်းတာမလုပ်ပေးဘူး။ ” အဲဒီဘရိုက် လူမျိုးစုအကြီးအကဲဖြစ်သူမှ အေးဆေးစွာဖြင့် ပြန်ပြောလိုက်သည်မှာ “ ဒီကျမ်းစာအုပ် ကြောင့်သာမဟုတ်ရင်အခု လောက်ဆိုရင် မင်းဟာငါ့ရဲ့ရေပူအိုးကြီးထဲရောက်နေပြီ။

(၂၃၉) နက်နဲစွာသဘောပေါက်ခြင်း၊ ရဲရင့်စွာသက်သေခံခြင်း၊ အမြဲတမ်းတည်ရှိနေခြင်း၊ တားဆီး၍မရနိုင်အောင် လွှမ်းမိုးနိုင်ခြင်းတို့၌ စာပေလုပ်ငန်းအား အခြားမည်သည့်လုပ်ငန်း မျှမမှီနိုင်ချေ။

(၂၄၀) ချီကာဂိုမြို့မှ ဗိုလ်မှူးကြီးကလပ်ကီသည် ဝိညာဉ်ကယ်တင်ခြင်းလုပ်ငန်းကို အားကြီးစွာ လုပ်ဆောင်သူတစ်ဦးဖြစ်သည်။ သူသည်တစ်ပတ်လျှင်(၆)ရက်အလုပ်လုပ်ပါသည်။ သို့သော်ညစဉ်ညတိုင်း သူ၏သာသနာပြုခန်းမတွင် လူခြောက်ရာ ခုနစ်ရာခန့်အား တရားဟောလေ့ရှိသည်။ လူထုပရိတ်သတ်ထဲတွင်အရက်သမား၊သူခိုး၊ ခါးပိုက်နှိုက်၊ လောင်းကစားသမားစသည်ဖြင့် မျှော်လင့်ရာမဲ့သူများပါဝင်ကြသည်။ ကျွန်တော်သည်လည်း သူ၏တရားဟောပွဲသို့ ပုံမှန်သွားရောက်နားထောင်လေ့ ရှိပါသည်။ သူသည် ကျွန်တော်ကြားဘူးသော တရားဟောဆရာများထဲတွင် စကားပြော လေးလံထိုင်းမှိုင်းဆုံး တရားဟောဆရာတစ်ဦးဖြစ်သည်။ သို့ရာတွင် အပျင်းပြေလမ်းလျှောက်၍ လာရောက် နားထောင်သူများကိုပင်လျှင် လေးကန်ဖင့်ထိုင်းသော ထိုတရားဟောဆရာ၏ တရားဟောချက်ကတိမ်းမူးဖွယ်ရာဖမ်းစားညှို့ယူနိုင်စွမ်းရှိသည်။ ချီကာဂိုမြို့ရှိ နာမည်ကြီးတရားဟောဆရာများသည်လည်း သူ့ကိုကူညီရန်အတွက် တရားဟောပွဲသို့ လာရောက်ကြပါသည်။ သို့သော်ထိုသူများသည်လည်း သူ၏တရားနာယူခြင်းအားဖြင့် အသက်တာများစွာ ပြောင်းလဲလာကြသည်။ ကျွန်တော် သည်လည်း နားလည်နိုင်စွမ်းမရှိတော့ဘဲ အံ့သြဖွယ်ရာထိုအမှုအရာ၏ လို့ဝှက်ချက်ကို လေ့လာစူးစမ်းမိပါသည်။ သူ၏လို့ဝှက်ချက်မှာ “ မေတ္တာတရား” ပင်ဖြစ်ပါသည်။ သူ၏တရားဟောပွဲသို့လာရောက်သူများကို သူချစ်မြတ်နိုးပါသည်။ ထိုမေတ္တာ၏ သက်သေမှာ သူ၏မျက်ရည်များပင်ဖြစ်ပါသည်။ ထိုနေရာ၌သူစတင်တရားဟောကာစ၌ ဟောပြောရင်း မျက်ရည်ကျလာသောအခါ ရှက်သောကြောင့် သူ၏နှလုံးသားကို မာကျောစေပြီးမငိုဘဲ ဆက်လက်ဟောပြောလာပါသည်။ မငိုဘဲ၊

မျက်ရည်မကျဘဲ တရားဟောနိုင်သော်လည်း သူ၏တရားဟောချက်၌ တန်ခိုးမပါ တော့ချေ။ ထို့ကြောင့်သူ၏ မျက်ရည်များကို ပြန်ပေးပါရန်ဘုရားသခင်ထံဆုတောင်း ရပါသည်။ အဓိကမှာ တရားနာသူပရိသတ် ကိုချစ်သော မေတ္တာပင်ဖြစ်ပါသည်။ ချစ်ခြင်းမေတ္တာသည်သာ အရာရာကိုအောင်မြင်နိုင်သော တန်ခိုးဖြစ် ပါသည်။

(၂၄၁) သမ္မတကြီးရစဘဲလ့်ပြောခဲ့သည်မှာ " ကျွန်တော်သမ္မတဖြစ်လာတော့ သိခဲ့ ရတာတစ်ခုက နိုင်ငံရပ်ခြားမှာ ရှိကြတဲ့အမေရိကန်တွေထဲမှာအကောင်းဆုံး အမေရိ ကန်တွေဟာ လက်ဝါးကပ်တိုင်အတွက် သာသနာပြုကြတဲ့ သာသနာပြုဆရာတွေဘဲ ဖြစ်ပါတယ်။ ယနေ့သူတို့လိုသာသနာပြုတွေကို ရှာလို့မတွေ့တော့တာ ရှက်စရာပါ ဘဲ။ မြင့်မြတ်တဲ့ သာသနာ ပြုသူတွေ၊ တန်ဘိုးရှိတဲ့သာသနာပြုတွေဖြစ်ကြဖို့လိုပါ တယ်။ ဥပမာအနေနဲ့ တရုတ်ပြည်မှာ သွားရောက်သာသနာပြုသူတွေဟာ စစ်ပွဲ အတွင်းမှာ သက်သေခံနိုင်ကြတယ်။ ချီးမွမ်းနိုင် ကြတယ်။ သူတို့ရဲ့ရဲရင့်မှုဟာ ခံနိုင် ရည်ရှိပြီး အလွန်စိတ်လှုပ်ရှားဖွယ်ရာကောင်းတဲ့ ရဲစွမ်းသတ္တိဖြစ်ပါတယ်။

(၂၄၂) စာပို့သမားတစ်ဦးက သူ၏စာပို့လုပ်ငန်းကို လုပ်ကိုင်နေစဉ်လုံခြုံမှုကို ကောင်းမွန်စွာ ခံစားရသည့်အကြောင်း ကျွန်ုပ်အားပြောပြသောအခါ " အဘယ့် ကြောင့်နည်း " ဟုပြန်မေးလိုက်ပါသည်။ သူပြန်ပြောသည်မှာ " သူစာပို့နေစဉ် အစိုး ရသည် သူ၏အားကိုးအား ထားရာဖြစ်ကြောင်းနှင့် အစိုးရ၏အရင်းအမြစ်အားလုံးက သူ့ကို အာမခံထားကြောင်းပြော ပြပြီး သူ၏စာပို့အိတ်ထဲ၌ ပို့(စ်)ကဒ်ကလေး တစ် စောင်သာရှိစေကာမူ မည်သူမှသူ့ကို ကိုယ်ထိလက်ရောက်မစော်ကားရဲကြောင်း၊ပြည် နယ်ရဲတပ်ဖွဲ့ကြီး၏ အင်အားရှိသမျှသည် ဤပို့(စ်)ကဒ်တစ်စောင် လုံခြုံစွာဖြင့် ပို့ ဆောင်ပေးနိုင်ရန် တာဝန်ယူထားကြောင်း ပြောလာပါသည်။ သူ၏စကားကို နား ထောင်ပြီး ကျွန်ုပ်စဉ်းစားမိသည်မှာ " ကျွန်ုပ်တို့၏ကိုယ်ခန္ဓာ၊ ကျွန်ုပ်တို့၏ပစ္စည်း ဥစ္စာနှင့် ကျွန်ုပ်တို့၏ဘဝအသက်တာ အင်အားများအတွက် သင်နှင့် ကျွန်ုပ်မည်မျှ အထိ လုံခြုံစိတ်ချမှုရှိသနည်း။ ဧဝံဂေလိသတင်းစကားသမ္မာတရားတည်းဟူ သော မီးတောက်မီးလျှံကို သယ်ယူပို့ဆောင်ခြင်းနှင့် လုံခြုံစိတ်ချမှုမည်ကဲ့သို့ ပတ်သက်နေ ပါသနည်း။

သူ၏တပည့်တော်များကို သခင်ယေရှုပြောကြားခဲ့သော စကားတော်သည် ယနေ့ ကျွန်ုပ်တို့နှင့်လည်း များစွာပတ်သက်နေပါသည်။ " ကောင်းကင်ဘုံ၌၄င်း၊

မြေကြီးပေါ်၌၄င်း စီရင်ပိုင်သောအခွင့်ရှိသမျှတို့ကို ငါခံရပြီ။ သင်တို့သွား၍လူမျိုးတကာတို့ကို ငါတပည့်ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ဗတ္တိဇံကိုပေးကြလော့။ ငါသည်သင်တို့အားပေးသမျှသော ပညတ်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြ ဝါဒပေးကြလော့။ ငါသည်လည်းကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူအစဉ်မပြတ်ရှိသည်။ ”ဟု တပည့်တော်တို့အားမိန့်တော်မူ၏။ (မဿဲ ၂၈း၁၈–၂၀)

(၂၄၃) အဘယ့်ကြောင့် သာသနာပြုကြရသနည်း။

–အဘယ့်ကြောင့်ဆိုသော် ဤလောကကြီးကို ကယ်တင်ရန်အတွက် ဘုရားသခင်သည်မိမိ၌ တစ်ပါးတည်းသောသားတော်ကို စေလွှတ်ခဲ့ခြင်းသည်အကြီးမြတ်ဆုံးသာသနာပြုခဲ့ခြင်းကြောင့်ဖြစ်သည်။

–အဘယ့်ကြောင့်ဆိုသော် ဤလောကကြီးထဲသို့ တစ်စုံတစ်ဦးက ခရစ်တော်ကို မခေါ်ဆောင်သွားလျှင် ဤလောကကြီးသည် ခရစ်တော်ထံသို့ ဘယ်သောအခါမျှရောက်လာလိမ့်မည် မဟုတ်သောကြောင့်ဖြစ်သည်။

–အဘယ့်ကြောင့်ဆိုသော် သခင်ယေရှုကိုယ်တိုင်က တပည့်တော်ဖြစ်စေရန်တခုတည်းသောနည်းလမ်းမှာ သာသနာပြုခြင်းဖြစ်သည် ဟုသွန်သင်ခဲ့သောကြောင့်ဖြစ်သည်။

–အဘယ့်ကြောင့်ဆိုသော် သွားပါဟုဆိုသော သူ၏အမိန့်တော်ကို နားမထောင်ခဲ့လျှင်ကျွန်ုပ်သည် သူ့ကိုချစ်သည်ဟုပြောပြီး ချစ်ကြောင်းကိုသက်သေမပြနိုင်သောသူ ဖြစ်သွားလိမ့်မည်။

–အဘယ့်ကြောင့်ဆိုသော် ကယ်တင်ခြင်းဆိုသည်မှာ အရာခပ်သိမ်းကိုရရှိခြင်း ဟုအဓိပ္ပါယ်ရလျှင် ထိုအရာများကို သူတစ်ပါးအား ကျွန်ုပ်မဝေမျှရမချင်း ကျွန်ုပ် ပျော်ရွှင်နိုင်မည်မဟုတ်။

–အဘယ့်ကြောင့်ဆိုသော် သာသနာပြုခြင်းကို ယုံကြည်လက်ခံမှုမရှိသော ခရစ် ယာန်တစ်ဦး၏ကမ္ဘာလုံးဆိုင်ရာရှုမြင်မှုသည် ဝမ်းနည်းဖွယ်ရာနှင့် ဆုံးရှုံးမှုများကိုသာအစဉ်အမြဲ တွေ့မြင်ရလိမ့်မည်။

–အဘယ့်ကြောင့်ဆိုသော် သမိုင်းတစ်လျှောက်နှင့်ယနေ့ထိတိုင် သေရေး၊ ရှင်ရေးကာလများ၌ အကြီးဆုံးသော မျှော်လင့်ချက်မှာ သာသနာပြုခြင်းတစ်ခုတည်းသာဖြစ်သောကြောင့် ဖြစ်သည်။

(၂၄၄) သခင်ဘုရား ဝိညာဉ်အချို့ကို ကျွန်ုပ်နှလုံးသားပေါ်သို့တင်ပေးပါ။ ထိုဝိညာဉ်များ ကို ကျွန်ုပ်မှတစ်ဆင့်ချစ်ပါ။ ထိုဝိညာဉ်များပြောင်းလဲလာရန်အတွက် ကျွန်ုပ်လုပ်ဆောင်ရမည့် အပိုင်းကို ကျိုးနွံစွာဖြင့် လုပ်ဆောင်ပါရစေ။

(၂၄၅) ဤလောကကြီးထဲမှာ ဧဝံဂေလိတရားဝေငှခြင်းသည် လူအချို့ကိုသာ၍ ကောင်းသောသူများဖြစ်စေပြီး လက်မခံသောသူများအား ဆိုးသောသူများဖြစ်စေသည်။ ဧဝံဂေလိတရား ဟောပြောခြင်းနှင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအားလူများထံသို့ပေးကမ်းသောအခါ လူတို့အားကယ်တင်နိုင်မည်ဖြစ်သလို လူတစ်ချို့၏ ကဲ့ရဲ့ပြစ်တင်ခြင်း ကိုလည်းခံရပါလိမ့်မည်။

(၂၄၆) အပြင်ဘက်မှအပြစ်သားတစ်ဦး အသင်းတော်အတွင်းသို့ ရောက်ရှိလာရန် မလွယ်ကူကြောင်း ပြောလေ့ရှိကြသကဲ့သို့ အသင်းတော်အတွင်းမှ သန့်ရှင်းသူများ အပြင်သို့ ထွက်လာရန်မှာလည်း လွယ်ကူလေ့မရှိပါ။

(၂၄၇) ယနေ့ခရစ်ယာန်လောကကြီးသည် ကြီးစွာသောအိပ်စက်ခြင်းဖြင့် အိပ်စက်နေပါသည်။ သူတို့နိုးထလာပြီး အပြင်သို့ထွက်လာရန် ဘယ်အရာကတတ်နိုင်ပါမည်နည်း။ ဘုရားသခင်၏စကားတော်သည် မိုဃ်းကြိုးပစ်သကဲ့သို့ကျယ်လောင်စွာ ထွက်ပေါ်လာခြင်းကို ကျွန်ုပ်နှစ်သက်မိပါသည်။ (ဂျော့ (ချ်)ဝိုက်ဖီလ်း)

(၂၄၈) နှုတ်ကပတ်တော် ဝေငှဟောပြောခြင်းဆိုသည့် စကားအား ဓမ္မသစ်ကျမ်း၌မူရင်းဂရိဘာသာစကား (၄)မျိုးဖြင့်ဖော်ပြထားကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။

(၁) ကာရာဆို (Kerusso) - ထုတ်ပြန်ကြေညာခြင်း ဧဝံဂေလိသတင်းစကားကို လူထုပရိသတ်ထံ လူသိရှင်ကြားထုတ်ဖော်ကြေညာခြင်း

(မဿဲ ၁၁း၁။ မာကု ၁း၄၊ ၃း၁၄၊ ၁၆း၂၀။ ရောမ ၁၀း၁၅။)

(၂) ယူအဂလီဆို (Euaggeliso) – ဝမ်းမြောက်ဖွယ်ရာသတင်းကောင်းအားပြောကြားခြင်း (ဤစကားလုံးအား ဧဝံဂေလိ– ဧဝံဂေလိပြောကြားသူ ဧဝံဂေလိလုပ်ငန်းစသဖြင့် သုံးစွဲကြသည်။) (မဿဲ ၁၁း၅၊ လုကာ ၄း၁၈၊ ၇း၂၂။ ၁ကော ၁း၁၇။ ဂလာတိ ၁း၈။ ဟေဗြဲ၄း၂။)

(၃) ကာတက်ဂျီလို (Kataggello) – စေ့စေ့စပ်စပ်လုံးလုံးလျားလျား ကမ်းကုန်အောင်ပြောကြားခြင်း (တမန်တော် ၄း၂၊ ၁၃း၃၈၊ ၁၅း၃၆။ ကောလောသဲ ၁း၂၈။)
(၄) လာလီယို (Lalio) –စကားလက်ဆုံပြောကြာခြင်း။ တရားဝင်ဆွေးနွေးခြင်း။ (မဿဲ ၂း၂။ တမန်တော် ၁၁း၁၉၊၁၄း၂၅)

နှုတ်ကပတ်တော်ဟောပြောကြားခြင်း (Preach) ဆိုသည့်စကားလုံးအားဓမ္မသစ်ကျမ်း၌ (၁၁၂) ကြိမ်တွေ့ရှိရပြီး (၆) ကြိမ်သာလျှင်သမာရိုးကျ ပုံစံမျိုးဖြင့် ဖော်ပြထားသည်။ ဤစကားလုံးအားဓမ္မသစ်ကျမ်း၏ အဓိကဆိုလိုချက်မှာ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏ အရှင်၏သတင်းကို လူထုပရိသတ်ထံ ထုတ်ပြန်ကြေညာခြင်း၊ ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ပြောကြားခြင်း၊ ဧဝံဂေလိသတင်းကောင်းနှင့် ပတ်သက်သောသမ္မာတရားကို ဘာတစ်ခုမျှမချန်ထား မကွယ်မဝှက်ဘဲစေ့စေ့ စပ်စပ်ပြောကြားခြင်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်အားဖော်ပြသည့် တစ်ပါးတည်း သောသားတော် “ သခင်ယေရှု”လောကသို့ ဆင်းသက်လာခြင်း၊ သူ၏ကယ်တင်ခြင်းအမှု၊ သူ့ကိုယုံကြည်သူများ ထာဝရအသက်ရရှိသည့် အကြောင်းများအား ခရီးသွားသော်၄င်း၊ ကျွန်ုပ်တို့နှင့်တွေ့ဆုံရသောသူများနှင့် ဆွေးနွေးပြောဆိုခြင်း တို့ပင်ဖြစ်သည်။

(၂၄၉) တစ်ကြိမ်သောအခါက တရားဟောပွဲကြီးတစ်ပွဲ ပြီးဆုံးသွားသော အချိန်၌ ကျွန်ုပ်မိခင်၏ လက်မောင်းတစ်ဖက်အား မူးယစ်ဆေးဝါးသုံးစွဲနေသည့် ပြည့်တန်ဆာမတစ်ဦးက သူမ၏လက်သည်းရာများ ထင်ကျန်သည်အထိ တင်းကျပ်စွာဆုတ်ကိုင်လိုက်ပြီး မေးလာ သည်မှာ “ သင်ပြောတာဘာလဲ။ ယေရှုကိုလက်ခံလိုက်ရုံဘဲဟုတ်လား။ ကျွန်မလုပ်ရမှာက ယေရှုကိုလက်ခံယုံကြည်ရုံဘဲ။ ကျန်တာအားလုံးသူလုပ်ပေးမယ် ဟုတ်လား။ ကျွန်မဘာမှနားမလည်တော့ဘူး၊ မြန်မြန်ပြောစမ်းပါ။ ကျွန်မစိတ်အသိတွေဟာ မူးယစ်ဆေးဝါးတွေကြောင့် ရှုပ်ထွေးနေတယ်။ကျွန်မကိုယ်ခန္ဓာဟာလည်း ပြည့်တန်ဆာအလုပ်ကြောင့် သိပ်အားနည်းနေပြီ၊ ကျွန်မဘာမှမလုပ်နိုင်တော့ဘူး။ ကျွန်မလုပ်ရမှာက ယေရှုကိုလက်ခံရုံဘဲလား။ ” ကျွန်ုပ်၏မိခင်မှ မေတ္တာအပြည့်ဖြင့် ပြန်လည်ပြောကြားသည်မှာ “ ဟုတ်တယ်။ ချစ်တဲ့သမီးလေးရယ်။ သမီးလုပ်ရမှာက ယေရှုကိုသာလက်ခံလိုက်ပါ။ကျန်တာအားလုံးသူ တာဝန်ယူပါလိမ့်မယ်။ ထိုပြည့်တန်ဆာမက ပြန်ပြောသည်မှာ “ ကောင်းပြီ။ ငါသူ့ကိုလက်ခံလိုက်ပါပြီ။ ကျွန်ုပ်မိခင်က သူ့အားထပ်မေးသည်မှာ “ ကဲမင်းအိမ်ကိုသွားပြီး မင်းရဲ့

ပစ္စည်းတွေသွားယူ သိမ်းဆည်းကြရအောင်။” ထိုအမျိုးသမီးက“ ကျွန်မဘာဝဟောင်း ကပစ္စည်း တွေဘာမှမလိုချင်တော့ဘူး။ ကျွန်မလိုချင်တာယေရှုဘဲ။ အဲဒီအချိန်မှာဘဲ ကယ်တင်ခြင်း တပ်မှတီးဝိုင်းသည် ထိုနေရာအနီးမှ ဖြတ်သွားသည်နှင့်ကြုံ၍ ထိုအမျိုးသမီးသည်လည်း ထိုတီးဝိုင်းနှင့်လိုက်ပါသွားပါသည်။ စွန့်ပစ်ခံရခြင်း၊ စိတ်ဓာတ်ကျခြင်း၊ လူ့လောက၏အမှိုက်စသည်တို့မှာ နောက်တွင်ကျန်ခဲ့ပါပြီ။ ကယ်တင်ခြင်း တပ်တီးဝိုင်းမှသူမကို ခေါ်ဆောင်သွားပါပြီ။ သူမသည်နောက်ထပ်နှစ်နှစ်သာ အသက်ရှင်ခဲ့ပါသည်။ သို့သော်သူမ မသေဆုံးမီမှာ သူမအားလမ်းကြိုလမ်းကြားများ၏ တမန်တော် မင်းသမီးလေးတစ်ပါးအဖြစ် လူသိများခဲ့ပါသည်။ လမ်းကြိုလမ်းကြားများမှ နှလုံးသားများစွာတို့တွင် ဘုရားသခင်၏မေတ္တာတော်တင်ရှိလာသည့်အထိသူမလုပ်ဆောင်နိုင်ခဲ့ပါသည်။ ကမ္ဘာ့အမျိုးသမီးထုတွင် အားအနည်းဆုံးသောသူတစ်ဦးအားဘုရားသခင်သည် အားကြီးစွာအသုံးပြုနိုင်ခဲ့ပါ သည်။

(၂၅၀) ဆပ်ပြာစက်ရုံပိုင်ရှင် မယုံကြည်သူတစ်ဦးနှင့် သတင်းကောင်းဝေငှသော ဧဝံဂေလိဆရာတစ်ဦး လမ်းအတူတူလျှောက်ယင်း စကားပြောလာကြပါသည်။ ဆပ်ပြာစက်ရုံပိုင်ရှင်မှ ရုတ်တရက်ပြောလိုက်သည်မှာ “ မင်းရဲ့သတင်းကောင်းက အလုပ်မဖြစ်ပါဘူးကွာ။ ဒီလောကကြီးကို ကြည့်လိုက်စမ်းပါ။ မကောင်းတဲ့သူတွေနဲ့ မကောင်းမှုတွေ အခုထက်ထိ ဒုနဲ့ဒေးဘဲ။ ဧဝံဂေလိဆရာသည် ဘာမျှပြန်မပြောနိုင်ဘဲ ဆက်လျှောက်လာရာမှရေမြောင်း ထဲတွင် ကလေးငယ်တစ်ဦးသည် ရွံ့များနှင့်မုန့်လုပ်၍ ညစ်ပတ်စွာကစားနေသည်ကို တွေ့လိုက်ရရာမှအခွင့်အရေးကို အမိအရယူပြီး ပြန်ပြောလိုက်သည်မှာ “ ဒီလောကကြီးမှာ ဆပ်ပြာဆိုတာလည်း အလကားပါဘဲဗျာ” ကြည့်လိုက်ပါဦး။ ညစ်ပတ်လိုက်တာ ”စက်ရုံပိုင်ရှင်မှ ပြန်ပြောသည်မှာ “ ဟ–ဆပ်ပြာဆိုတာက သူ့ကိုသုံးမှအသုံးဝင်တာကွ။” ဧဝံဂေလိဆရာက “ ဟုတ်လိုက်တာလေဗျာ။ ကျွန်တော်ပြောတဲ့ ဧဝံဂေလိသတင်းကောင်းဆိုတာလည်း ဒီအတိုင်း ဘဲဗျ” ဟူသတည်း။ (ရော ၅း၁၄။ ဆာလံ ၅၁း၇။ ၁ယော ၁း၇။)

(၂၅၁) တစ်ခါတရံ လူနှစ်ရာသုံးရာခန့်ရှိသော လူထုအား ကျွန်ုပ်စိန်ခေါ်လေ့ရှိပါသည်။ “ ဒီမှာရှိတဲ့လူအားလုံးထဲမှာ သခင်ယေရှုဘုရားအတွက် သစ္စာရှိစွာ သက်သေခံတဲ့သူ ဘယ်နှစ်ဦးရှိလဲဆိုတာ ကျွန်တော်အခုချက်ချင်း သက်သေပြလို့ရပါတယ်။ ”လူထုဘက်မှထိုင်၍စဉ်းစားနိုင်သည်မှာ “ ဟား–ဟား–ဟား– ငါသစ္စာ

မရှိဘူးဆိုတာ သူမသိနိုင်ပါဘူး။ ငါသက်သေမခံတာသူဘယ်လိုသိနိုင်မလဲ။ သူငါ့ကိုလက်ညှိုးမထိုးနိုင်ပါဘူးကွာ။

ကျွန်ုပ်ပြောလိုက်သည်မှာ " အခုထိုင်နေတဲ့လူတွေထဲမှာ ကိုယ့်ရဲ့ပိုက်ဆံအိတ်၊ လက်ဆွဲအိတ်၊ အိတ်ထောင်ထဲမှာ ဇဝ်ဂေလိဝေစာ ဆောင်ထားတဲ့လူတွေ မတ်တပ်ရပ်ပါ။" လူထုထဲမှနှစ်ဦးသုံးဦးခန့်သာ မတ်တပ်ရပ်ပါသည်။ မိမိတို့အားဖြင့်ဘုရားသခင်သည် လူများအားအချိန်မရွေး ပြောင်းလဲစေနိုင်ကြောင်းသိရှိကာ ထိုအခွင့်အရေးကို မျှော်လင့်နေသူများသာ ဝေစာများကိုဆောင်လေ့ရှိပါသည်။ ထိုသူများသည်သာသခင်ဘုရားအတွက် သစ္စာရှိစွာသက်သေခံမည့်သူများ ဖြစ်ကြပါသည်။

(၂၅၂) အာဖရိကတိုက်ရှိ လူမျိုးစုများထံသို့ သာသနာပြုရန် သွားရောက်ကြသူများသည် သမ္မာကျမ်းစာကိုထိုလူမျိုးများ နားလည်နိုင်ရန်အတွက် သူတို့၏ဘာသာစကားအားဖြင့် ဘာသာပြန်ရာ၌ အခက်အခဲများစွာကို ရင်ဆိုင်ရပါသည်။ ဥပမာ– (သင်တို့အပြစ်သည် ကတ္တီပါနီနှင့်အမျှနီသော်လည်း မိုဃ်းပွင့် (နှင်းပွင့်) ကဲ့သို့ဖြူစင်စေလိမ့်မည်။) ထိုဒေသ ရှိလူများတို့သည် နှင်းပွင့်ကိုမမြင်ဘူးသောကြောင့်ထိုစကားလုံးသည် သူတို့အတွက်အဓိပ္ပါယ်မရှိပါ။ သူတို့နားမလည်နိုင်ပါ။ သို့သော်သူတို့၌ အုန်းပင်များရှိပါသည် အုန်းပင်များကို လှုပ်ခါ၍ ကျလာသောအုန်းသီးများကိုခွဲ၍စားလေ့ရှိပါသည်။ သာသနာပြုဆရာ များမှထိုကျမ်းပိုဒ်ကိုဘာသာပြန်လိုက်ကြသည်မှာ (သင်တို့အပြစ်သည် ကတ္တီပါနီနှင့်အမျှ နီသော်လည်း အုန်းသီးအသားကဲ့သို့ဖြူစင်စေလိမ့်မည်။) အခြေအနေအတိုင်းအတာတစ် ရပ်အထိတော့အဆင်ပြေသွားပါသည်။

(၂၅၃) အများပြည်သူအပန်းဖြေသည့် ပန်းခြံအတွင်း၌လူတစ်ဦးသည် ဘုရားသခင်နှင့် ကျမ်းစာကိုဆန့်ကျင်၍ ယေရှုကိုယုံကြည်သူများအား သူ၏မေးခွန်းများကို ဖြေရန်စိန်ခေါ် နေပါသည်။ မည်သူမျှထ၍သူ၏ မေးခွန်းများကိုဖြေရန်မကြိုးစားကြချေ။ သူကထပ်မံ၍စိန်ခေါ်ပါသည်။ " ယေရှုအတွက် ဘယ်သူမှမတ်တပ်မရပ်ကြတော့ဘူးလား။" နောက်ဆုံးတွင် မိန်းကလေးနှစ်ဦး မတ်တပ်ထရပ်လာပါသည်။ " ဦးလေး–ကျွန်မတို့ယေရှုအတွက် မတ်တပ်ရပ်မယ်။ " ထိုသူသည်ကသိကအောက်ဖြစ်သွားပြီး မဲ့ပြုံးပြုံးကာ လှောင်ရယ်ရယ်လိုက်ပြီး " ကဲမင်းတို့ဘာပြောမလဲ။ လာဒီမှာလာရပ် " သူသည်ထိုကလေးမနှစ်ဦးအား အုတ်ခုံပေါ်တွင် မတ်တပ်ရပ်ခိုင်းလိုက်

ပါသည်။ သူ့အတွက်ကတော့ ထိုကလေးမနှစ်ဦးသည် ရယ်စရာဟုသာ သဘောထား ပါသည်။ ထိုကလေးမနှစ်ဦးသည် မတ်တပ်ရပ် နေရာမှ သီချင်းတစ်ပိုဒ်ကို စတင် သီဆိုပါသည်။ “ ယေရှုဘို့ရပ်လျက်တိုက်ကြ–ကားတိုင်စစ်သူရဲများ အောင်လံကို လွှင့်၍တိုက်ကြ။ ဆုံးခြင်းမခံနိုင်ရာ အောင်မြင်ခြင်းမှအောင်မြင်ခြင်းသို့ ....

ရဲရင့်လှသောထိုကလေးမနှစ်ဦး၏ ပြုမူသီဆိုမှုကိုမြင်ရသော ပရိတ်သတ်ထဲ မှခရစ်ယာန်များတို့သည်လည်းခုန်ထလာကြပြီး ခရစ်တော်အတွက်စတင်သက်သေခံ ပါတော့သည်။

(၂၅၄) နာမည်ကြီး အင်္ဂလိပ်ဇဝ်ဂေလိဆရာ ဂျော့(ချ်)ဝိုက်ဖီး(လ်) ပြောခဲ့သော စကားတစ် ခွန်းမှာ– “ အိုသခင်ဘုရား– ကျွန်ုပ်အားဝိညာဉ်များပေးပါ။ (ဒါမှမဟုတ် ရင်) ကျွန်ုပ်ဝိညာဉ် ကိုယူပါ။

– ဟင်နရီမာတင်ဆိုသော သာသနာပြုဆရာတစ်ဦးကမူ အိန္ဒိယကျွန်းစု အပေါ် ၌ဒူး ထောက်လျက် ဆုတောင်းခဲ့သည်မှာ– “ ကိုယ်တော်အတွက် ဒီနေရာမှာ ကျွန်ုပ် အားကျွမ်း လောင်ခွင့်ပြုပါ။

– မြောက်အမေရိကန် အင်ဒီယန်း သာသနာပြုဆရာဒေးဗစ်ဘရိန်းနတ်(၁၇၁၈– ၁၇၄၇)ကမူ – “ သခင်ဘုရား–သူတို့အတွက် ကျွန်တော့်ကိုယ်ကို ဆပ်ကပ်အပ်နှံ ပါတယ်။ ကျွန်တော်ဟာသူတို့အတွက် ထာဝရဖြစ်စေပါ။ ဒါကလွဲပြီးတခြားဘယ် အရာမျှ ကျွန်တော်မလိုချင်ပါ ” ဟူ၍ပြောခဲ့ပါသည်။ သူမသေဆုံးမီ (၇)ရက်ခန့်တွင် သူ၏ ဒိုင်ယာရီထဲ၌ ရေးသားခဲ့သော နောက်ဆုံးစကားလုံးများမှာ “ အို သခင်ယေရှု ဘုရားကြွလာပါ။ လျှင်မြန်စွာ ကြွလာပါ။ အာမင် ” ဟူ၍ဖြစ်ပါသည်။

– သောမတ်(စ်)ကမ်းပစ်(စ်) (၁၃၇၉–၁၄၇၁) ကမူ– “ ပင်ပန်းမှုများ၊ ခက်ခဲမှု များ၊ အားနည်းမှုများ ပေးပါ။ ထိုအရာများအားဖြင့် ဘုရားသခင်၏ အလိုတော်ကို နားလည်သဘောပေါက်ပြီး ကျွန်ုပ်ကို နေရာကျစေပါ။

– ဒီအယ်(လ်)မူးဒီ ကမူ “ ကျွန်ုပ်ကို ကယ်တင်သော အရှင်ဘုရားကျွန်ုပ်ကို အသုံးပြုတော်မူပါ။ မည်သည့်ရည်ရွယ်ချက်၊ မည်သည့်လိုအပ်မှုအတွက် မဆိုဒီမှာ ကျွန်တော့်ရဲ့ နှိမ့်ချတဲ့နှလုံးသား၊ ဘာမျှမရှိတဲ့ ကျွန်တော်ရဲ့ဘဝအတွက် အဆင်သင့် ရှိပါတယ်။ ကျေးဇူးတော်၊ ဂရုဏာတော်နှင့်ပြည့်စေမူပါ။

– မာတင်လူသာ–(တီကောင်များမစားခိုင်းမီ ပူပင်သောကဝေဒနာအပြည့်ဖြင့် သူ၏ဆုတောင်းသံ) စစ်မှန်၍ထာဝရတည်သောဘုရား ဤလောကကြီး၏ ပညာ

နှင့် အကြောင်းပြချက်များကို ဆန့်ကျင်ရာ၌ ကျွန်ုပ်အားဖြင့်ဖြစ်စေပါ။ ကျွန်ုပ်ကို အသုံးပြုတော်မူပါ။ သုံးကိုသုံးပါ။

– ဂျွန်မက်ကမ်ဇီးဆိုသော လူငယ်သာသနာပြုတစ်ဦးကမူ– လော့စီမြစ်ကမ်းပါး၌ဒူးထောက်ယင်း "ဘုရားသခင်– ဤကမ္ဘာကြီးပေါ်မှာ အမှောင်ဆုံးနေရာသို့ကျွန်ုပ်ကို စေလွှတ်တော်မူပါ။" ဟုဆုတောင်းခဲ့ပါသည်။

– အိန္ဒိယသာသနာပြုဆရာဟင်ဒီ၏ ဆုတောင်းသံမှာ "အဖဘုရား ဤဝိညာဉ်များကို ကျွန်ုပ်အားပေးပါ။ (သို့မဟုတ်) ကျွန်ုပ်သေပါရစေ။

– မစ္စ(စ်) ကောမ်စတော့ကမူ အိန္ဒိယနိုင်ငံတွင် ကလေးသာသနာလုပ်ငန်း မစတင်မီ ဆုတောင်းခဲ့သည်မှာ "သခင်ယေရှုဘုရား သူတို့အတွက် ဤအမှုကို ကျွန်ုပ်ပြုပါ၏။ "

– ဖီဂျီကျွန်းစုများ၌သာသနာပြုနေသော ဂျွန်ဟတ်ဆိုသူသည် အိပ်ယာပေါ်၌ မသေဆုံးမီဆုတောင်းခဲ့သည်မှာ "သခင်ဘုရား ဖီဂျီကို ကယ်တင်ပါ။ ဖီဂျီမှာ ရှိတဲ့ လူများကို ကယ်တင်ပါ။ သူတို့ကို သနားပါ။ " ဟူ၍ဖြစ်သတည်း။

(၂၅၅) အင်္ဂလန်နိုင်ငံ၌ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးသည်သေခါနီးမိန်းမတစ်ဦးအား မည်သည့်နေရာ၌ကယ်တင်ရှင်နှင့်တွေ့ရှိခဲ့ကြောင်းကို မေးမြန်းကြည့်သောအခါ သူမကသူ့အား စီ–အိပ်(ချ်)စပါဂျင်၏ တရားဟောချက်တစ်ပိုင်းပါဝင်သည့် အမရိကန်ဂျာနယ်တစ်စောင်မှစုတ်ဖြဲထားသည့်စက္ကူတစ်ရွက်အား ပေးလာပါသည်။ ထိုစက္ကူသည် သူမထံသို့ဩစတေးလျနိုင်ငံမှ ပို့လိုက်သောပစ္စည်းအား ထုပ်ပိုးထားသည့်စက္ကူဖြစ်သည်။ ထိုစက္ကူပေါ်တွင် ပုံနှိပ်ထားသည့် စီအပ်(ချ်)စပါဂျင်၏ စာသားများက သူမကိုခရစ်တော်ထံပို့ဆောင်၍ ပြောင်းလဲစေခဲ့သည်။ ဤဖြစ်စဉ်ကို စဉ်းစားကြည့်သောအခါ အင်္ဂလန်တွင်ဟောသော တရားဟောချက်ကို အမေရိကန်နိုင်ငံတွင် ပုံနှိပ်ပြီး ဩစတေးလျနိုင်ငံသို့ ရောက်ရှိလာ၍ထိုအမျိုးသမီးကို ပြောင်းလဲစေခဲ့ပါသည်။

(၂၅၆) အင်္ဂလန်နိုင်ငံရှိ အောဟဲလိုးအသင်းတော်၌ရှိသော မစ္စတာ သောမတ်လက်(စ်)အား မစ္စတာ ဝက်(စ်)လီက သူ၏ဝတ်ရုံအား ခရစ်ယာန်ဘုန်းတော်ကြီးများ ဝတ်ရုံချိတ်သည့်အခန်းတွင် သွားထားပြီး ပုံပြင်ဆန်လှသည့် အောက်ပါဇာတ်လမ်းအားပြောပြခဲ့ပါသည်။ "နှစ် ငါးဆယ်ကြာခဲ့ပြီဆရာရေ ကျွန်တော်ဒီအသင်းတော်မှာ

ပထမဦးဆုံးတရားလာဟောတုံးကပေါ့။ ပြန်စဉ်းစားကြည့်ရင် သဘောကျစရာတော့ သိပ်မကောင်းပါဘူး။ တရားဟောဘို့ဒီကို ရောက်လာတဲ့ကျွန်တော့်မှာ တရားဟော ချက်မပါလာခဲ့ဘူး။ တရားဟောဘို့ပလ္လင်ပေါ်ကိုတက်သွားတဲ့အခါ အင်မတန်မှစိတ် ရှုတ်ထွေးပြီး အကြီးအကျယ်စိတ်လှုပ်ရှားနေတယ်။ ဒါကိုသတိထားမိတဲ့ အမျိုးသမီး တစ်ဦးကကျွန်တော့်ကို မေးပါတယ်။ ဆရာဘာဖြစ်နေတာလဲ။ ကျွန်တော့်မှာ တရား ဟောချက်ပါမလာခဲ့ဘူး။ ဒါဘဲလားဆရာ သူမသည်ကျွန်တော်ပုခုံးပေါ်သို့ လက်တင် လိုက်ပြီး ဆုတောင်းပါဆရာ တရားဟောချက်အတွက် ဘုရားသခင်ကို စိတ်မချဘူး လား။ ထိုမေးခွန်းသည်ကျွန်တော့်ကို အထိရောက်ဆုံးထိုးနှက်လိုက်ခြင်းဖြစ်ပြီး ထို နေ့က ပလ္လင်ထက်မှလွတ်လပ်စွာဖြင့် လူများစွာလက်ခံသည့် တရားဟောချက်ကို လက်တန်းဟောနိုင်ခဲ့ပါသည်။ နောင်ဘယ်သောအခါမျှ တရားဟောချက်ကို ပလ္လင် ထက်သို့ရေး၍ ယူမသွားတော့ပါ။

(၂၅၇) ရေငုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသော ရေငုပ်သမားတစ်ဦး၏ အိမ် ဧည့်ခန်း၌ ရောက်လာသော ဧည့်သည်များကို အံ့အားသင့်စေသည့် ထူးဆန်းသော အလှဆင်မှုတစ်ခုရှိ ပါသည်။ ၄င်းမှာ ဧည့်ခန်းနံရံတွင် ဒေါင်လိုက်ချိတ်ထားသည့် ကနုကမာမုတ်ကောင်ယောက်သွားလေးတစ်ကောင်ပင်ဖြစ်သည်။ ထိုယောက်သွား၏ ပါးစပ်တွင် ပုံနှိပ်စာရွက် တစ်ရွက်ကို ကိုက်ထားသည်ထိုရေငုတ်သမားကပြောသည် မှာ “ ပင်လယ်ကမ်းရိုးတန်း တစ်နေရာတွင် သူရေငုပ်ခဲ့စဉ်က ပင်လယ်ရေအောက် ကြမ်းပြင်၌ ဤယောက်သွား၏ပါးစပ်တွင် ပုံနှိပ်ထားသောစာရွက်ကို ကိုက်လျှက် ကျောက်ဆောင်ပေါ်တွင် တွေ့ခဲ့ရသည်ဟူ၏။ ထိုစက္ကူစကို သူယူပြီးဖတ်ကြည့် သောအခါ ဧဝံဂေလိသတင်းကောင်း ရေးနှိပ်ထားသည့် ဝေစာတစ်စောင်ဖြစ်နေ သည်။ မမျှော်လင့်သောနေရာ၌ မမျှော်လင့်သောနည်းလမ်းဖြင့်ရရှိ သောသတင်းစ ကားသည် သူ၏နှလုံးသားကို ပြင်းထန်စွာထိရှစေပြီး သူ့အသက်တာကို ပြောင်းလဲ စေခဲ့သည်။ သူပြောသည်မှာ “ ပင်လယ်ရေနက်ထဲထိအောင် သူ့ကိုလိုက်ဖမ်းခဲ့တဲ့ ဘုရားသခင်ရဲ့ဂရုဏာတော်နဲ့ သားတော်ယေရှုရဲ့ချစ်ခြင်းမေတ္တာတော်ကို ဂရုမစိုက် ဘဲ နေလို့မရတော့ပါဘူး။ ကျွန်တော်နောင်တရခဲ့ပါတယ်။ အပြစ်ခွင့်လွှတ်ခြင်းခံရ တဲ့သူတစ်ဦးဖြစ်လာခဲ့ပါတယ်။

(၂၅၈–က) တရားဟောချက်ပြင်ဆင်ခြင်းထက် တရားဟောမည့်သူ၏နှလုံးသားကို

ပြင်ဆင်ခြင်းက သာ၍အရေးကြီးသည်။

(၂၅၈–ခ) ၁၇ ရာစုနှစ်များအတွင်းက အင်္ဂလန်နိုင်ငံတွင် ဖိနပ်ချုပ်သည့် အလုပ်သမားလေးသည် သူ၏အလုပ်ခန်းနံရံတွင် ကမ္ဘာမြေပုံကိုချိတ်ဆွဲထားပြီး တိုင်းနိုင်ငံများအတွက် ဆုတောင်းလေ့ရှိရာမှ ထိုနိုင်ငံများသို့ ကိုယ်တိုင်သွားရောက်ကာ သာသနာပြုဘို့ရန် ဝန်တာစိတ်ကြီးထွားလာခဲ့သည်။ တစ်နေ့တွင်သာသနာပြုဆရာများ၏စည်းဝေကြီး၌သူ၏ ဝန်တာစိတ်ဖြစ်နေမှုကို သွားရောက်ဝေငှမိသောအခါ သာသနာပြုဆရာကြီးတစ်ဦးက " ထိုင်နေစမ်းပါ။ ချာတိတ်ရာ– ဒီနိုင်ငံတွေက ဘုရားကိုမသိသေးတဲ့လူတွေကို ပြောင်းလဲစေချင်တဲ့ အချိန်ရောက်ရင် မင်းနဲ့ငါမပါဘဲ ဘုရားသခင်လုပ်နိုင်ပါတယ်။ "ဟုပြောခြင်းခံခဲ့ရသည်။ သို့သော်ဝီလီယံကယ်ရီဆိုသောထိုလူငယ်လေးသည် သူ၏ဆန္ဒမီးတောက်ကိုမငြိမ်းစေဘဲ အင်္ဂလန်ကမ်းခြေကိုစွန့်ခွာ၍ အိန္ဒိယနိုင်ငံသို့ရောက်ရှိလာကာ သာသနာပြုလုပ်ငန်းကို အသီးအပွင့်ထွက်ပေါ်သည့်အထိ စတင်လုပ်ဆောင်နိုင်ခဲ့ပေသည်။

(၂၅၉) ဘုရားသခင်အား အမြင့်ဆုံးဝတ်ပြုကိုးကွယ်ခြင်း ဆိုသည်မှာ– ဘုရားသခင်၏စကားတော် (နှုတ်ကပတ်တော်) ကို ဟောကြားခြင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုမှတစ်ဆင့်သာလျှင် ဘုရားသခင်၏နာမတော်အား ချီးမြှောက်၍ တန်ဆာဆင်ပြီး ခရစ်တော်နှင့်ဆိုင်သော အကျိုးကျေးဇူးများကို ခံစားနိုင်ခြင်းကြောင့်ဖြစ်သည်။ (မာတင်လူသာ)

(၂၆၀) ကိုရီးယားနိုင်ငံတွင် ခရစ်ယာန်များ ဖိစီးနှိပ်စက်ခံရသော အချိန်ကာလတွင်းမှာ ခရစ်ယာန်တစ်ဦးသည် မတရားစွတ်စွဲခံရပြီး မသင်္ကာမှုဖြင့်ရဲများ၏ ဖမ်းဆီးခံရသည်။အခြားသောအကျဉ်းသားများနှင့် အတူတူ မနေရခြင်းသည်သူတို့အား သက်သေခံရန် အခွင့်အရေးဆုံးရှုံးခြင်းဖြစ်သောကြောင့် ကြေကွဲဝမ်းနည်းခဲ့ရပြီးဘုရားသခင်ထံသာဆုတောင်း ရပါတော့သည်။ မကြာမီမှာပင် သူ့အားကျွန်းတစ်ကျွန်းပေါ်သို့ပြည်နှင်ဒဏ်လွှတ်သည့် စီရင်ချက်ချခြင်းခံရသည်။ နောက်သူ၌အပြစ်မရှိကြောင်းစစ်ဆေးတွေ့ရှိသောအခါ ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ရရှိခဲ့ပါသည်။

သူကကျေနပ်အားရသော မျက်နှာထားဖြင့်ဝမ်းမြောက်စွာ ပြုံးရယ်လျက်ပြောခဲ့သည်မှာ " စဉ်းစားကြည့်ပါ။ ကျွန်တော်ဟာသခင်ယေရှုအကြောင်းကို သူတစ်

ပါးထံပြောပြဘို့ အခွင့်အရေးရခဲ့ပေမယ့် ထောင်ထဲမှာစကားမပြောခဲ့ရဘူး။ ဒါ့ကြောင့် ညည်းတွားခဲ့ရတယ်။ ဒါနဲ့ဘဲဘုရားသခင်က လုံးဝဇဝံဂေလိမလုပ်ရသေးတဲ့ကျွန်း တစ်ကျွန်းပေါ်ကို ကျွန်တော်ကို ပို့လိုက်တယ်။ အဲ့ဒီမှာ ကျွန်တော်အလုပ်အများကြီး လုပ်ခဲ့ရပါတယ်။ ကျွန် တော့်ရဲ့ကုန်ကျစရိတ်တွေကိုတော့ အစိုးရကဘဲတာဝန်ယူခဲ့ ပါတယ်။

(၂၆၁) အဆင့်မြင့်ရေနံကုမ္ပဏီကြီးတစ်ခုသည် အင်ဒိုနီးရှားနိုင်ငံတွင် လုပ်ငန်းစတင် လုပ်ဆောင်ရန် ပြင်ဆင်လာချိန်ဖြစ်သည်။ ကုမ္ပဏီမှတာဝန်ရှိသူများသည် ထိုလုပ် ငန်းကိုဦး ဆောင်ရန် မန်နေဂျာရာထူးအတွက် ဒေသခံအင်ဒိုနီးရှား လူမျိုးများထဲမှ တစ်ဦးကို ရှာဖွေခဲ့ ကြသည်။ သူတို့ကြားသိရသည်မှာ သာသနာပြုဆရာတစ်ဦးထို ရာထူးအတွက် အင်မတန် သင့်လျော် ကြောင်းပင်။ ထို့ကြောင့်ကုမ္ပဏီမှ ထိုပုဂ္ဂိုလ် ထံချဉ်းကပ်ပြီးအလုပ်လုပ်ရန်ကမ်းလှမ်းခဲ့သည်။ လစာမှာတစ်နှစ်လျှင် အမေရိကန် ဒေါ်လာ သုံးသောင်းကျော်ပါသည်။ သို့သော်ထိုသာသနာပြုဆရာမှ ယဉ်ယဉ်ကျေး ကျေးပင်ငြင်းပယ်ခဲ့ပါသည်။ ကုမ္ပဏီမှမကျေနပ်ဘဲလစာကိုတိုးမြှင့်၍ ထပ်မံကမ်း လှမ်းခဲ့ပါသည်။ သူကလည်းလက်မခံခဲ့ပါ။ဆက်လက် ငြင်းပယ်ခဲ့သည်။ နောက်ဆုံး ကုမ္ပဏီဘက်မှပြောလာသည်မှာ “ ကျွန်တော်တို့ပေးတဲ့လစာနည်းတယ်ဆိုရင် ခင် ဗျား ကြိုက်သလောက်တောင်းပါ။ ကျွန်တော်တို့ပေးမယ်။ “ သာသနာပြုဆရာမှတုံ့ ပြန်ဆိုလာသည်မှာ “ လစာကမနည်းပါဘူး။ ဒါပေမဲ့အလုပ်က သေးငယ်လို့ပါ” ဟူသတည်း။

(၂၆၂) ဒေါက်တာရောဘတ်ဝိုင်းဒါးဆိုသူသည် အိန္ဒိယနိုင်ငံရှိတက္ကသိုလ်ကောလိပ် များ၌ ခရစ်ယာန်ကျောင်းသူ/သားများ၏ “ ကိုယ်ကျိုးစွန့်သာသနာလှုပ်ရှားမှုလုပ် ငန်း” ကိုစတင် တည်ထောင်သူတစ်ဦးဖြစ်ပြီး လွန်ခဲ့သောနှစ်များမကြာမီက အိန္ဒိယ တွင်နာမည်ကြီးခဲ့ပါသည်။ တစ်နေ့တွင်သူသည် ဟော်တယ်တစ်ခုရှိ ထမင်းစားခန်း ထဲဝင်သွားပါသည်။ နေရာလွတ်မှာလည်း တစ်နေရာတည်းသာရှိပါသည်။ ထိုနေရာ အနီး၌ စစ်တပ်မှဗိုလ်မှူးများ၊ ရေတပ်အရာရှိများနှင့် အခြားအရာရှိများ၏ ဇနီးသည် များ ထိုင်နေကြပါသည်။ ဒေါက်တာ ရောဘတ်ဝိုင်းဒါး ဝင်ရောက်ထိုင်စားသောက် ပြီး မကြာမီ – ဗိုလ်ကြီးတစ်ဦးမှပြောလာသည်မှာ “ ဒီသာသနာပြုဆိုတဲ့ပုဂ္ဂိုလ်တွေ ဟာ ဘာကြောင့်ကိုယ့်အလုပ်ကိုယ်မလုပ်၊ ကိုယ့်အိမ်မှာကိုယ် အေးအေးဆေးဆေးမ

နေနိုင်ကြတာလဲ။ ကျွန်တော်စဉ်းစားလို့မရဘူးဗျာ။"

ဒေါက်တာဝိုင်းဒါးကပြန်ပြောသည်မှာ "ဗိုလ်မှူးခင်ဗျားကျွန်တော်တစ်ခု မေးချင်ပါတယ်။ ဗိုလ်မှူးရဲ့အမိန့်နဲ့ရှေ့တန်းမှာ တိုက်ခိုက်နေရတဲ့စစ်သားတွေဟာ ရန်သူတွေနဲ့သူနိုင်ကိုယ်နိုင် အကြိတ်အနယ် တိုက်ခိုက်နေရတယ် ဆိုတဲ့သတင်းရရင် ဗိုလ်မှူးဒီစားပွဲမှာ အေးအေးဆေးဆေးထိုင်ပြီး စားသောက်နေနိုင်မလား။ ထုအခါ ဗိုလ်မှူးကြီးသည် မျက်စေ့များနီရဲ တောက်လာပြီးပြန်ပြောသည်မှာ "ခင်ဗျား သိထားရမှာက အစိုးရကိုသစ္စာခံထားတဲ့ကျွန်တော့်ကို ရှေ့တန်းမှာရန်သူကိုတိုက်ခိုက်ဘို့အမိန့်ပေးလာရင် ကျွန်တော်ဟာကျွန်တော့်ရဲ့လက်အောက်ငယ်သားတွေနည်းတူ အသက်ကိုစွန့်ဘို့ ဝန်မလေးဘူးဆိုတာပါဘဲ။

ဒေါက်တာဝိုင်းဒါးက "ဗိုလ်မှူးခင်ဗျား ကျွန်တော်ဟာခရစ်ယာန်တစ်ယောက်ဖြစ်ပါတယ်။ ယေရှုခရစ်တော်ဟာ ကျွန်တော့်ရဲ့ဘုရင်ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နိုင်ငံ တော်သားတစ်ဦးအဖြစ် ကျွန်တော်ဟာ အစေခံနေရပါတယ်။ ကျွန်တော့်ရဲ့ဘုရင်ဟာ သေခြင်းကို အောင်နိုင်ခဲ့ပြီး ကျွန်တော့်ကို အမိန့်ပေးခဲ့ပါတယ်။ "သင်သွား၍လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေကြလော့။" ဆိုတာ ကျွန်တော့်ဘုရင်ရဲ့အမိန့်ဖြစ်ပြီး သူ့ရဲ့အခွင့်အာဏာအောက်မှာ ကျွန်တော်အလုပ်လုပ်နေရပါတယ်။ အဲ့ဒါဟာ ကျွန်တော်ဒီအိန္ဒိယကို ရောက်နေရတဲ့ အကြောင်းအရင်းပါဘဲ။"

(၂၆၃) အလွန်သေးငယ်လှသည့် ဝေစာလေးတစ်စောင်သည် ဒါဝိဒ်၏လောက်လွှဲကဲ့သို့ပင်ဘီလူးကြီးအမျှ ကြီးမားလှသည့်သူများကို ယေရှုခရစ်တော်၏လက်တော်အားဖြင့်လဲပြိုသွား စေနိုင်သည်။

(၂၆၄) "တရားဟောချက်ကတော့ ကောင်းပါတယ်ကွာ။ ဒါပေမဲ့ တို့မှာတစ်ခြားလုပ်စရာ တွေရှိသေးတယ်။ "ဟူသောတရားနာ ပရိတ်သတ်၏စကားသည် တရားဟောဆရာ၏ တန်ဘိုးကို ဖော်ပြနေသကဲ့သို့ပင်ဖြစ်သည်။

(၂၆၅) ယင်ကောင်များကိုဖမ်းရာ၌ ရှာလကာရည်ထက် ပျားရည်ကပို၍ အသုံးဝင်သည်။ ဘုရားသခင်၏မေတ္တာဖြင့် တရားဟောပါ။ (စီ- အိပ်(ချ်)-စပါဂျင်)

(၂၆၆) တနင်္ဂနွေဥပုဒ်စာဖြေကျောင်း (Sunday School) အား နာမည်ကြီး ဓမ္မ

ပညာရှင်များက တည်ထောင်ခဲ့ခြင်းမဟုတ်ပါ။ ၁၇၈၀ ခုနှစ်က စီပွားရေးလုပ်ငန်းရှင် ရောဘတ်ရိုင်း ကီး(စ်) ဆိုသူသည် တနင်္ဂနွေနေ့တွင် လမ်းပေါ်၌ ညစ်ပတ်ပေရေနေ သောကလေးငယ်များ လက်သီးထိုးတမ်း ကစားနေသည်ကို တွေ့ရှိခဲ့ရာမှပထမဦးဆုံး ဥပုဒ်စာဖြေကျောင်းကို အလုပ်သမားများ အားလပ်ရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မမျှော်လင့်ဘဲ စတင်ခဲ့ရသောကြောင့် ရိုင်းကီး (စ်)မှပုံစံသွင်းထားသောတပ် နှင့် ဘီလီငန်းရိုင်းဟူ၍ခေါ်တွင်ခဲ့ပြီး လာရောက်သော ကလေးငယ်များကို ပဲနီစေ့များပေးခဲ့သည်။ သင်ကြားပေးသော ဆရာ/မများကို တနင်္ဂနွေတစ်ရက်လျှင် (၂၅)ဆင့်ပေးခဲ့သည်။ များမကြာမီ ဂျွန်ဝက်စလီကပေးသည့် စနစ်ကို ပထမဦးဆုံးအကြံပေးခဲ့ရာမှထိုလှုပ်ရှားမှုစတင် ပြန့်ပွားလာခြင်းဖြစ်သည်။

(၂၆၇) ကလေးငယ်များ အရုပ်လေးများနှင့် ကစားသည်မှာ ဘာမှားပါသလဲ။ မမှား ပါဘူး။ မှန်ပါသည်ဟုသင်ဖြေပါလိမ့်မည်။ သို့သော်သာသနာပြုဆရာများ အတွက် မူ မှန်ပါသည် ဟုတစ်ခါတစ်ရံမဖြေနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ရုပ်တုဆင်းတု မကိုးကွယ်ရဟု သာသနာပြုဆရာများကပြောလေ့ရှိပါသည်။ မယုံကြည်သူများက သာသနာပြုဆရာများ၏ သားသမီးများ အရုပ်ကလေးများနှင့်ကစားနေသည်ကိုတွေ့ သောအခါ သူတို့၏အတွေးထဲတွင် “ သူတို့အိမ်မှာလည်း ရုပ်ထုကိုးကွယ်မှု ရှိသ လား။” ဟုစဉ်းစားတတ်ကြသည်။ ထို့ကြောင့်သာသနာပြုဆရာများမှ ဒေသခံများ ရုပ်ထုနှင့်အရုပ် (Idols and dolls) မခွဲခြားတတ်မခြင်း မိမိတို့၏သားသမီးများကို အရုပ်များနှင့်ကစားခွင့်မပြုတော့ချေ။ ကလေးငယ် များအတွက်မူကား သူတို့၏ဖခင် ကြီးက စစ်မှန်သောထာဝရဘုရား အကြောင်းကိုကြိုးစား၍ ပြောပြနေသမျှကာလ ပတ်လုံး အရုပ်ကစားချင်စိတ်ကို မြိုသိပ်နေကြရပါတော့သည်။

(၂၆၈) သင်္ဘောကပ္ပတိန်ဘစ်ကဲလ်သည် တစ်ညတာလုံးညတာဝန်ထမ်းဆောင်ပြီး နောက် အနားယူရန်အောက်ဆင်းလာရာ သင်္ဘောကုန်းပတ်အခန်းများအနီးတွင် သင်္ဘောသား များအနက်မှ အံ့ဩဖွယ်ရာအသက်တာပြောင်းလဲလာသူ တစ်ဦးနှင့်ဆုံ မိကြသည်။ ထိုသူသည် ယခင်က အလွန်ဆိုးပေမိုက်မဲသူတစ်ဦး ဖြစ်သည်။ ကပ္ပတိန်ဘစ်ကဲလ်သည် အလွန် ပင်ပန်းနေသော်လည်းထိုသူနှင့်စကားပြောမိသည်။ ကပ္ပတိန်က “ မင်းနောက်ဆိုရင်ကျမ်းစာအုပ်တော့ သေချာပေါက်လိုမှာပေါ့။” “ ဟာမလိုပါဘူးဆရာ။ ” “ ဘာဖြစ်လို့လဲ။” “ အဲဒီကျမ်းစာအုပ်ကဆရာဟာ

နောက်တော့ကျွန်တော့်ဟာ–ဒါပေမဲ့သူ့ရဲ့ကျမ်းစာအုပ်တော့မဟုတ်ဘူး။ ” “ဟ–လုပ်ပါအုံး။ မင်း ဘာကိုဆိုလိုတာလဲ။ ရိုးရိုးလေးပါဆရာရယ်။ သူ့ဆီမှာ နောက်ကျမ်းစာတစ်အုပ်ရှိတယ်။ အဲ့ဒါဆရာဘဲ။ သူကဆရာ့ကို ကြည့်နေတယ်။ ဆရာလဲရင် ယေရှုခရစ်တော် လဲတာဘဲ။ ခရစ်တော်၌ ဆရာအသက်ရှင်နေရင် ခရစ်တော် ထင်ရှားနေတာဘဲ။ ဆရာက သူ့ကျမ်းစာအုပ်ပေါ့။”

သူငယ်ချင်း– ငါဘဝတစ်လျှောက်လုံးမှာ သူခိုး– လူလိမ်– သူလျှို– လူဆိုး– သစ္စာဖောက်လို့လူတွေရေ့မှာကော– လူ့ကွယ်ရာမှာပါ အခေါ်ခံရဘူးတယ်။ ဒါပေမဲ့ ငါမ စိုးရွံ့မတုန်လှုပ်ခဲ့ဘူး။ သခင်ယေရှုရဲ့ကျမ်းစာလို့အခေါ်ခံရတော့ အံ့ဩပြီး တုန်လှုပ်မိတယ်။ မနေ့ညက ငါတစ်ညလုံးမအိပ်ဘူး။ ဒါဟာ တစ်စုံတစ်ယောက်ရဲ့ အမြဲတမ်းစောင့်ကြည့်နေခြင်းကို ခံစားရတယ်။ ငါ့ကိုလည်းလူတွေက အမြဲတမ်းကြည့်နေမှာဘဲ။ ငါ့အသက်တာနဲ့သူတို့ကို ငါဘယ်လိုသက်သေပြရမလဲ။

(၂၆၉) ကောင်းအောင်လုပ်ပေးသော တရားဟောချက်မှသာ ကောင်းသော တရားဟော ချက်ဖြစ်ပါသည်။

(၂၇၀) အချို့သော ခရစ်ယာန်များတို့သည် သမ္မာကျမ်းစာ၏အနက်အဓိပ္ပါယ် နှင့် တကွ ပရောဖက်ပြုချက်များ၏ နက်နဲမှု စသည်တို့ကို အင်မတန်စိတ်ဝင်စား၍လေ့လာကြသော်လည်း သူတစ်ပါးကို ယေရှုခရစ်တော်ထံသို့ မည်ကဲ့သို့ ခေါ်ဆောင်ရမည်နည်းဆိုသည်ကိုမူ စိတ်မဝင်စားကြချေ။

(၂၇၁) ကိုယ်တိုင်မဖျားနာဘူးသော ဆရာဝန်တစ်ဦးသည် ဆရာဝန်ကောင်းတစ်ဦး ဖြစ်လာမည်မဟုတ်ချေ။

(၂၇၂) မိမိ၏အသက်တာသည် သူတစ်ပါးကိုလွှမ်းမိုးသော အသက်တာဖြစ်လိုပါက မိမိ ၏အသက်တာကို အမြင့်တွင်ထားရမည်။

(၂၇၃) လူတစ်ဦး၏ဘဝအသက်တာတွင် တစ်စုံတစ်ယောက်၏လွှမ်းမိုးမှုခံခဲ့ရကြောင်း တွေ့ရှိရစမြဲပင်။

(၂၇၄) နယူးအင်္ဂလန်မှ သိက္ခာတော်ရဆရာကြီး ဝီလီယံဘမ်းနက်သည် မယုံကြည်သူများအား သမ္မာတရားဝေငှရန်အတွက် တရားဟောချက်တစ်ပုဒ်အားများစွာ အချိန်ယူ၍ပင်ပန်းခံကာ ပြင်ဆင်ခဲ့သည်။ သို့သော်တကယ်တမ်းဝေငှဟောပြောသောအခါ နည်းမမှန်လမ်းမ ကျဖြစ်ပြီး အင်မတန်စိတ်ရှုတ်ထွေးလာ၍ ဆုတောင်းကာစည်းဝေး ရုပ်သိမ်းလိုက်ရသည်။ ဤကဲ့သို့မျှော်လင့်မထားသည့်ဆုံးရှုံးမှုများသည့် အံ့အားသင့်စရာမဟုတ်ချေ မကြာခဏ ကြုံတွေ့ရတတ်ပါသည်။ မိမိ၏အဟောအပြောကောင်းခြင်းသည် မယုံကြည်သူများအား ပြောင်းလဲလာရန်မစွမ်းနိုင်ချေ။ ဘုရားသခင်၏ တန်ခိုးတော်ကသာလျှင် ပြောင်းလဲစေနိုင် ပါသည်။

ဆရာကြီးဝီလီယံဘမ်းနက်သိခဲ့ရသည်မှာ “ သူ၏မအောင်မြင်သော တရားဟောချက်သည် သူ့အားဘုရားသခင်ထံသို့ပို့ဆောင်ခဲ့ပြီး ဘုရားသခင်နှင့်များစွာ အချိန်ယူစေခဲ့ပြီး အောင်မြင်သော တရားဟောချက်များစွာကို ဖြစ်ပေါ်စေခဲ့သည်သူမကြာခဏပြောလေ့ရှိသည်မှာ “ မယုံကြည်သူများကို ဆွဲဆောင်နိုင်တဲ့တရားဟောချက်ရဘို့ များများအချိန် ယူပါ။

(၂၇၅) “ ဧဝံဂေလိသတင်းစကားကို ကြားဘူးသလား။” သာသနာပြုဆရာတစ်ဦးမှ တရုတ်အမျိုးသမီးတစ်ဦးကို မေးလိုက်သောမေးခွန်းဖြစ်ပါသည်။ ထိုအမျိုးသမီး၏ အဖြေမှာ “ မကြားဖူးပါဘူး။ ဒါပေမဲ့မြင်ဘူးတယ်။ ကျွန်မတို့နယ်မှာ အင်မတန်ဆိုးသွမ်းရိုင်းစိုင်းတဲ့လူတစ်ဦးရှိတယ်။ သူဟာဘိန်းလဲရှူတယ်။ တစ်ချိန်လုံးတောရိုင်းတိရိစ္ဆာန်တစ်ကောင်လိုကြမ်းတမ်းတယ်။ ဒါပေမဲ့သူယေရှုကို လက်ခံလိုက်တဲ့အချိန်ကစပြီးတော့ လုံးဝပြောင်းလဲသွားတယ်။ သူဟာဘိန်းလဲမရှူတော့ဘူး။နူးညံ့သိမ်မွေ့စွာနဲ့ အသက်ရှင်တယ်။ ဆိုးလဲမဆိုးတော့ဘူး။ သခင်ယေရှုရဲ့အမှုတော်မြတ်နဲ့ ဧဝံဂေလိစကားဟာ ကောင်းမြတ်တယ်ဆိုတာ ကျွန်မမြင်ခဲ့ရပါတယ်။

(၂၇၆) လူငယ်သာသနာပြုဆရာတစ်ဦးသည် နော့ကောင်တီမြို့မှထွက်ခွာရန်အတွက်ပစ္စည်းများ သိမ်းဆည်းထုပ်ပိုးနေစဉ် အဘွားကြီးတစ်ဦးမှသူ့ကို လာနှုတ်ဆက်ပါသည်။ “ ဆရာသွားတော့မယ်ပေါ့။” “ ဟုတ်ကဲ့ ကျွန်တော်သွားတော့မလို့ ပစ္စည်းတွေသိမ်းဆည်းနေတာပါ။” “ ဆရာ ယူသွားလို့မရတဲ့ပစ္စည်းတစ်ခုရှိတယ်။” အဲ့ဒါကို ဆရာချန်ထားခဲ့ရမယ်။ ထိုလူငယ်ဆရာသည် အံ့အားသင့်သွားပြီး။ “ ကျွန်တော်နားမလည်ဘူး။ အဲ့ဒါဘာလဲ။ ” အဘွားကြီးက အေးဆေးစွာဖြင့်ပြန်ပြော

သည်မှာ “ အဲ့ဒါကတော့ မင်းရဲ့သြဇာလွှမ်း မိုးမှုပေါ့။ မင်းအဲ့ဒါကို ထုပ်ပိုးလို့မရဘူး။ ချန်ထားခဲ့ရမယ်။”

(၂၇၇) သင့်နာရီကိုလာကြည့်ပြီး သူတို့၏နာရီနှင့်အချိန်တိုက်သည့် လူများသေချာပေါက် ရှိနေမည်ဆိုသည်ကို စွဲမြဲစွာမှတ်သားထားပါ။

(၂၇၈) သင်၏လမ်းညွှန်မှုထက် သင်၏ခြေရာကသူတစ်ပါးကိုကောင်းကင်နိုင်ငံသို့ သာ၍ပို့ဆောင်ပေးနိုင်ပါသည်။

(၂၇၉) ခရစ်ယာန်တစ်ဦးသည် ဤလောကကြီးထဲသို့ မဝင်ရောက်ဘဲနေလျှင် လောကကြီး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်မလာနိုင်ချေ။

(၂၈၀) သက်သေခံရခြင်း၏ရည်ရွယ်ချက်သည် အငြင်းပွားမှုတစ်ရပ်အား အနိုင်ယူရန်မဟုတ်ချေ။ လူတစ်ဦး၏အသက်တာပြောင်းလဲ၍ ခရစ်တော်၏တပည့်တစ်ဦးဖြစ်လာရန်ဖြစ်သည်။

(၂၈၁) သက်သေခံသည်ဆိုရာ၌ ကျွန်ုပ်တို့လုပ်ကိုင်နေသော အလုပ်တစ်ခုမျှသာမက ကျွန်ုပ်တို့ကိုယ်တိုင်သက်သေဖြစ်နေရမည်။

(၂၈၂) လွန်ခဲ့သောနှစ်ပေါင်းများစွာခန့်က တရုပ်ပြည်တွင်သာသနာပြုဆရာတစ်ဦးသည်ဓမ္မသစ်ကျမ်းကို တရုပ်ဘာသာပြန်ရန်အတွက် နာမည်ကြီးတရုပ်စာရေးဆရာကြီးအား ငှားရမ်းခဲ့သည်။ ထိုစာရေးဆရာကြီးသည် ကွန်ဖြူးရှပ်ဝါဒကို သက်ဝင်ယုံကြည်သူတစ်ဦးဖြစ်ပြီး ခရစ်ယာန်ဘာသာအကြောင်းကို ဤအလုပ်ကိုလက်မခံမီထိ တစ်ခါမှမကြားဘူးချေ။ ထိုစာရေးဆရာကြီးသည် အပင်ပန်းခံနိုင်သောသူဖြစ်သည့်အတိုင်း အကောင်းဆုံးဘာသာပြန်ဆိုမှု ဖြစ်ရန်အတွက် အပတ်တကုတ်ကြိုးစားပါသည်။ဘာသာပြန်ဆိုမှု ပြီးဆုံးသွားသောအခါမှ သာသနာပြုဆရာသည် ထိုစာရေးဆရာကြီး၏ ဝိညာဉ်ရေးအတွက် ကယ်တင်ရှင်လိုအပ်ကြောင်းကို သူမပြောရသေးသည်ကို ပြန်သတိရပြီး ထိုစာရေးဆရာကြီးနှင့် ချိန်းချက်၍ စကားပြောဆိုကြသည်။ သာသနာပြုဆရာက “ ခင်ဗျားကျွန်တော့်ကို အကူအညီပေးခဲ့တဲ့အတွက် ကျေးဇူး

တင်ပါတယ်။ ခင်ဗျားက အင်မတန်ကြီးကျယ်တဲ့ အလုပ်ကြီးတစ်ခုကို လုပ်ဆောင်ခဲ့ပြီးပါပြီ။ ဒီဓမ္မသစ်ကျမ်းစာကို ဘာသာပြန်တဲ့အခါမှာ ခရစ်ယာန်ရဲ့လုပမှုတွေဟာ ခင်ဗျားကိုသွေးမဆောင်ဘူးလား၊ ခင်ဗျားခရစ်ယာန်တစ်ယောက်မဖြစ်ချင်ဘူးလား။"

စာရေးဆရာကြီးမှ " ဟုတ်ကဲ့ ဒါတွေဟာကျွန်တော့်ကို တကယ်စွဲဆောင်ခဲ့ပါတယ်။ ခရစ်ယာန်ဝါဒဟာ လူတွေရဲ့အကျင့်စာရိတ္တအတွက် တကယ့်အံ့ဘွယ်ရာစနစ်တွေပါဘဲ။ ကျွန်တော်ထင်တာက တကယ်လို့များခရစ်ယာန်တစ်ယောက်ကို ကျွန်တော် တွေ့ခဲ့ရရင်ကျွန်တော်ပိုပြီး စိတ်ဝင်စားမိမှာပါ။ခရစ်ယာန်ဖြစ်ရင်လဲဖြစ်လာမှာပေါ့။"

သာသနာပြုဆရာ ..... ဟာ ကျွန်တော်ကခရစ်ယာန်လေ။

စာရေးဆရာ ..... ခင်ဗျားကခရစ်ယာန်လား။ တောင်းပန်ပါတယ် ကျွန်တော်ခင်ဗျားကို စိတ်အနှောက်ယှက်မဖြစ်စေချင်ပါဘူး ဒါပေမဲ့ကျွန်တော်ခင်ဗျားကို သတိထားကြည့်ခဲ့ပါတယ်။ခင်ဗျားကခရစ်ယာန်တစ်ယောက်မဟုတ်ဘူး၊တကယ်လို့ ကျွန်တော်နားလည်သဘောပေါက်ထားတာ မှန်မယ်ဆိုရင် ခရစ်ယာန်တယောက်ဟာ ယေရှုရဲ့နောက်လိုက်ဖြစ်ရမယ် ယေရှုက " သင်တို့သည်အချင်းချင်းချစ်ရမယ် " လို့ ပညတ်ခဲ့တယ်။ ဒါပေမယ့်ခင်ဗျားစကားတွေကို ကျွန်တော်နားထောင်ကြည့်တဲ့အခါ ခင်ဗျားက သူတပါးအတင်းတွေကိုပြောတယ်။သူတပါးနဲ့ပတ်သက်ပြီး မေတ္တာမပါတဲ့စကားတွေဘဲပြောတယ်။ အခြားအရာတွေနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်ဟာခင်ဗျားကိုအနီးကပ် စောင့်ကြည့်ခဲ့ပါတယ်။ နောက်ဆုံးတော့ ခင်ဗျားဟာခရစ်ယာန်မဟုတ်ဘူးလို့ဘဲ ကျွန်တော်ကောက်ချက်ချမိပါတယ်။ တကယ်လို့ ခရစ်ယာန်တစ်ယောက်ကို ကျွန်တော်မြင်ခဲ့ရရင် ကျွန်တော်လည်း ခရစ်ယာန်ဖြစ်ချင်ပါတယ်။

(၂၈၃) မကြာသေးမီက ဟိန္ဒူအမျိုးသမီးတဦးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုကြားနာရပြီး သူတပါးထက်ထူးခြားစွာ အသက်တာပြောင်းလဲလာခဲ့ပါသည်။ ပြောင်းလဲလာပြီးနောက်တွင် သူမ၏ခင်ပွန်းမှသူမကို ညှင်ပန်းနှိပ်စက်ခဲ့ပါသည်။တစ်နေ့သောအခါဓမ္မဆရာတဦးက သူမအားမေးလာသည်မှာ " ခင်ဗျားရဲ့ယောကျ်ားက ခင်ဗျားကိုစိတ်ဆိုးပြီး နှိပ်စက်တဲ့အခါ ခင်ဗျားဘာလုပ်သလဲ။ သူမကပြန်ပြောသည်မှာ " အဲဒီအခါမျိုးမှာသူ့အတွက် ကောင်းကောင်းချက်ပြုတ်ပေးပါတယ်။ သူမကျေနပ်တဲ့အခါ ကျွန်မကြမ်းတိုက်ပါတယ်။ ကြမ်းတမ်းတဲ့စကားတွေပြောလာတဲ့အခါမှာ ကျွန်မကသိမ်မွေ့ညှင်သာစွာပြန်ပြောပါတယ်။ ကျွန်မခရစ်ယာန်

တစ်ယောက်ဖြစ်လာကတည်းက ကောင်းမွန်တဲ့ဇနီးသည် အကောင်းဆုံးမိခင်တစ်ဦး ဖြစ်လာဘို့ကြိုးစားနေပါတယ်။" ဤဖြစ်ရပ်၏နောက်ဆက်တွဲ အကျိုးဆက်မှာ သာသနာပြုဆရာ၏ တရားဟောပြောမှုကို ခေါင်းမာစွာဆန့်ကျင်ခဲ့သော ထိုအမျိုးသမီး၏ခင်ပွန်းသည် သူမ၏လက်တွေ့အသက်ရှင်ပြနေသော ဟောပြောမှုများကို မဆန့်ကျင်နိုင်တော့ဘဲ နောက်ဆုံးတွင်သူမနှင့်အတူတကွ ဘုရားသခင်ထံသူ၏နှလုံးသားကိုဆက်ကပ်အပ်နှံခဲ့ပါတော့သည်။

(၂၈၄) အာဖရိကလူမျိုးနွယ်စုတစ်စု၏ မင်းသားတစ်ပါးသည် သာသနာပြုဆရာတစ်ဦး၏ တရားဟောချက်ကို စကားပြန်လုပ်ပြီးနောက်ပြောလာသည်မှာ " ကျွန်တော်ဟာ ဒီသမ္မာကျမ်းစာအုပ်ကို မဖတ်တတ်ပါဘူး ဒါပေမယ့်ဒီကျမ်းစာထဲမှာရေးထားတာတွေကို ကျွန်တော်ယုံတယ်။ဘာဖြစ်လို့လဲဆိုရင် သူတို့ကိုကျွန်တော်စောင့်ကြည့်နေတာ နှစ်နှစ်ရှိသွားပြီဒီအတောအတွင်း ကျွန်တော့်နဲ့သူတို့ ပတ်သက်သမျှအရာရာတိုင်းမှာ သူတို့ဟာကျွန်တော့်ကို တစ်ခါမှမလိမ်ခဲ့ဘူးဘူး၊ ဒါ့ကြောင့် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်အကြောင်းကို သူတို့ပြောလာတဲ့အခါ ကျွန်တော်ယုံတယ်။ ကျွန်တော်အတွက်ယေရှုအသေခံတယ်ဆိုတာလည်းကျွန်တော်ယုံတယ်။ နောက်တော့ ကျွန်တော်ယေရှုနောက်လိုက်ဖြစ်ခဲ့တယ်။ "

(၂၈၅) သန့်ရှင်းသောသူတစ်ဦး၏ စစ်မှန်သောလက္ခဏာမှာ ဘုရားသခင်ကို သူတပါး လွယ်ကူစွာယုံကြည်နိုင်ရန်အတွက် ပြင်ဆင်ပေးခြင်းပင်ဖြစ်သည်။

(၂၈၆) သားရေများ၊ ပိတ်စများ၊ စက္ကူများအပေါ်၌ရေးသားထားသော ဧဝံဂေလိသတင်းစကားကိုလူအများ ဖတ်ချင်မှဖတ်ပေလိမ့်မည်။ သို့သော်ဧဝံဂေလိသတင်းစကားကို သူတို့၏ဖိနပ်သားရေတွင်ထည့်ထားပါက သူတို့သွားလေရာပါနေပါလိမ့်မည်။

(၂၈၇) ခရစ်ယာန်ဆိုသည်မှာ ဘုရားသခင်က မပြောင်းလဲသေးသောသူများကို စတင်စကားပြောသောအခါ သူတို့ကြည့်ရှုနိုင်ရန်အတွက် စင်မြင့်ပေါ်သို့ ဘုရားသခင်တင်ပေးလိုက်သော သူများဖြစ်သည်။

(၂၈၈) အကယ်၍သင်၏အရင်းနှီးဆုံးမိတ်ဆွေနှင့် သင်၏ကယ်တင်ရှင်ယေရှုခရစ်တော်တို့အကြား သင်သည်မည်သည့်ဘက်မှမလိုက်ဘဲ ကြားနေနေမည်ဆိုပါက သင်၏ယေရှုခရစ်တော်အပေါ် သက်ဝင်ယုံကြည်မှု၌ တစ်စုံတရာမှားယွင်းနေပြီ။

(၂၈၉) ဓမ္မဆရာတစ်ဦးသည် ဟိန္ဒူအမျိုးသမီးများအား တရားဒေသနာဝေငှနေစဉ် အမျိုးသမီးတစ်ဦးသည် အသာလေးအပြင်သို့ထွက်သွားသည်။ မကြာမီသူမသည် ပြန်ဝင်လာပြီး ယခင်ကထက်သာ၍ စိတ်ပါဝင်စားစွာနားထောင်လေသည်။ တရားဟောပြီးသောအခါ ဓမ္မဆရာက “ ကျွန်တော်တရားဟောနေတုန်း ခင်ဗျားဘာလို့အပြင်ကိုထွက်သွားတာလဲ? ”ဟုမေးပါတော့သည်။ ထိုအမျိုးသမီးက “ ကျွန်မအပြင်မှာရှိတဲ့ ဆရာ့ရဲ့အိမ်ဖော်မလေးကို ဆရာဟာ ဆရာ့ရဲ့ သွန်သင်ဟောပြောမှုနဲ့ အညီ အသက်ရှင်နေထိုင်ရဲ့လား လို့သွားမေးတာပါ၊ သူက “ ဟုတ်တယ် ဆရာဟာ အပြောနဲ့အလုပ်နဲ့ညီတယ် လို့ပြောလို့ ကျွန်မပြန်ဝင်လာပြီး ဆရာပြောတဲ့ယေရှုအကြောင်းကို သာ၍စိတ်ပါဝင်စားစွာ နားထောင်တာပါ ”ဟုပြောလိုက်ပါသည်။

(၂၉၀) နတ်ဆိုးသည်လူတစ်ဦးအား ခရစ်တော်ကိုယုံကြည်ပါသည်ဟု ဝန်ခံပြောဆိုသည် အထိ လိုက်လျောနိုင်သော်လည်း ထိုယုံကြည်မှုအားလက်တွေ့ဘဝထဲတွင် အသုံးချလာခြင်းကိုမူ လုံးဝမနှစ်သက်ချေ။

(၂၉၁) လက်တွေ့သက်သေထူမှု တပိုင့် သည် အကြံပေးမှု တဂါလံ ထက်သာ၍ တန်ဘိုးရှိသလို အလုပ်တစ်အောင်စသည်လည်း အပြော တစ်ပေါင် ထက်သည်၍ တန်ဘိုးရှိသည်။

(၂၉၂) သန့်ရှင်းသောအသက်တာ၌အသံရှိသည်။ သင်၏လျှာနှင့်ပါးစပ်ငြိမ်နေသောအခါ၌ ထိုအသံကစကားပြောလာသည်။ ထိုအမှုအရာ၌အဆက်မပြတ်ဆွဲဆောင်မှုရှိသကဲ့သို့ အမြဲတမ်းရှုတ်ချမှုလည်းရှိနေသည်။

(၂၉၃) ကျွန်တော်၌ သူငယ်ချင်းတစ်ဦးရှိသည် လွန်ခဲ့သော ၁၂နှစ်ခန့်ကသူသည် လုယက်မှု၊ ပြန်ပေးဆွဲမှုတို့နှင့် ထောင်ကျခဲ့ပြီး ထောင်ထဲတွင် ယေရှုခရစ်တော်နှင့် တွေ့ခဲ့လေသည်။ ယေရှုခရစ်တော်က “ ငါမင်းနဲ့အတူရှိမယ်။ မင်းရဲ့အပြစ်ဒဏ်ကို

ငါတို့အတူတကွ ဒီထောင်ထဲမှာ ခံစားကြတာပေါ့ဟုပြောခဲ့လေသည်။ ” ၂နှစ်ခန့် ကြာပြီးနောက်တွင် သူထောင်မှလွတ်ခဲ့ပြီးနောက် ဘဝတူအကျဉ်းသားတစ်ဦးထံသို့ နှစ်မျက်နှာခန့်ရှိသော စာတစ်စောင်ကို ရေးသားလေသည်။ ထိုစာထဲတွင် “ သူငယ်ချင်း … မင်းငါ့အကြောင်းကို ကောင်းကောင်းသိပါတယ်။ ငါထောင်ထဲဝင်ကာစ တုန်းက သမ္မာကျမ်းစာတရားဟောဆရာနဲ့ အရာရာတိုင်းဟာယုတ်ညံ့တယ်လို့သတ်မှတ်ခဲ့တာပါ။ ထောင်ထဲမှာရှိတဲ့ ဘုရားရှိခိုးတာတွေ ကျမ်းစာသင်တန်းတွေကိုတက်ရောက်ပါဝင်ခဲ့တာလည်း တခြားသူတွေလို ဘုရားတရားလုပ်ရင် လျှော့ရက်ရပြီး ထောင်ထဲက မြန်မြန်ထွက်ဘို့ပါဘဲ။ ဒါပေမယ့်သူငယ်ချင်းရှိုင်းရေ ငါမင်းကို နှစ်နှစ်ခွဲလောက် စောင့်ကြည့်နေခဲ့တာမင်းမသိဘူး … အလုပ်ရုံထဲမှာ အလုပ်လုပ်တဲ့အခါ ပန်းခြံထဲမှာလေ့ကျင့်ခန်းလုပ်တဲ့အခါ၊ ကစားတဲ့အခါ၊ အတူတကွစားသောက်ကြတဲ့အခါ၊ အကျဉ်းခန်းထဲမှာနေရတဲ့အခါ၊ အရာရာတိုင်းမှာ ငါမင်းကိုကြည့်နေခဲ့တာပါဘဲ ငါအခုခရစ်ယာန်တစ်ဦးဖြစ်လာခဲ့ပြီ။ ဘာကြောင့်လဲဆိုရင်မင်းကြောင့်ဘဲ။ မင်းကိုကယ်တင်ခဲ့တဲ့ ကယ်တင်ရှင်ဟာ ငါ့ကိုလည်းကယ်တင်ခဲ့ပြီ။ အဓိကကတော့ မင်းဟာအရာရာတိုင်းမှာ အမှားတစ်ခုမှမလုပ်ခဲ့လို့ဘဲ။ ” ဟူ၍ပါရှိလေသည်။ ရှိုင်း ထောင်ထဲက လွတ်လာပြီးနောက်ကျွန်တော့်ကိုပြောပြသည်မှာ “ ငါဒီစာကိုဖတ်ပြီးတာနဲ့ ဇောချွေးတောင်ပြန်လာတယ်ကွာ။ ငါစဉ်းစားမိတာက အဲ့ဒီတုန်းက ငါအမှားတစ်ခုလုပ်မိလိုက်ရင် ဘာဖြစ်လာမလဲ?

(၂၉၄) အခြားသို့ပို့ရန်တန်ဘိုးမရှိသော ဘာသာတရားတစ်ရပ်သည် အိမ်၌သိမ်းဆည်းထားလည်း တန်ဘိုးရှိမည်မဟုတ်ချေ။

(၂၉၅) ကျွန်ုပ်တို့၏ကျင့်ကြံပြောဆိုမှုအား မလေးစားသောသူများသည် ကျွန်ုပ်–တို့၏ ကိုးကွယ်ယုံကြည်မှုအား ပြောဆိုလျှင်လည်း ဂရုစိုက်မည်မဟုတ်ချေ။

(၂၉၆) သန့်ရှင်းသူများအား ချီးမြင့်မြှောက်စားခြင်းထက် သာ၍နှိမ့်ချလာစေရန် ပြုလုပ်ရမည့်အချိန်ရောက်နေပေပြီ။

(၂၉၇) သင်လက်ခံယုံကြည်သော ဘာသာတရားတစ်ရပ်ကို ဖွက်ထားရန်လွယ်ကူပါက ပျောက်ဆုံးသွားရန်လည်း မခဲယဉ်းချေ။

(၂၉၈) ဝိညာဉ်များရရှိလိုသောသူသည် ရှေးဦးစွာ ဝိညာဉ်များအတွက်ငိုကြွေးသော သူဖြစ်ရမည်။

(၂၉၉) ခရစ်ယာန်တစ်ဦးဆိုသည်မှာ ကောင်းကြီးမင်္ဂလာခံစားနေရသူ(သို့မဟုတ်) ဆုံးမသွန်သင်ခြင်း(အပြစ်ကိုဖယ်ရှားပေးခြင်း) ခံနေရသူဖြစ်ရမည်။ ကွက်လပ်တစ်ခုကဲ့သို့ လစ်ဟာနေသောသူမဖြစ်သင့်ပေ။

(၃၀၀) အကယ်၍အမှောင်ထဲ၌ ကျွန်ုပ်တို့ရှိနေပါက သူတပါးအားအလင်းထဲသို့ ခေါ်လာ၍မရပေ။

(၃၀၁) သင်၏လုပ်ဆောင်မှုတစ်ရပ်သည် အခြားသူတစ်ဦး၏ ဘဝအသက်တာ၌ ဒီရေလှိုင်းရိုက်ခတ်သကဲ့ သို့ဖြစ်သွားနိုင်သည်။

(၃၀၂) အကောင်းဆုံးသောဓမ္မပညာဆိုသည်မှာ ဘုရားသခင်နှင့်ပတ်သက်သော အသိတရားထက် ဘုရားသခင်နှင့်ပတ်သက်သောအသက်ရှင်မှု ဟုဆိုပါကသာ၍ မှန်ကန်ပါသည်။

(၃၀၃) ခရစ်ယာန်ဝါဒ၏စစ်မှန်သောပြဿနာမှာ ဘုရားမဲ့ဝါဒီ(သို့မဟုတ်) ဘုရားသခင်ကို သံသယရှိမှုတို့မဟုတ်ချေ။ သူတပါးအားလုံးဝ သက်သေခံခြင်းမရှိသော ခရစ်ယာန်တစ်ဦးက သူ၏ဝိညာဉ်ကောင်းကင်ဘုံသို့ ရောက်ရှိရန်အတွက် လျှို့ဝှက်စွာကြိုးပမ်းနေခြင်းဖြစ်သည်။

(၃၀၄) လူများအားခရစ်တော်ထံသို့ ခေါ်ဆောင်လာသည့်အလုပ်အားမရွေးချယ်ပါနှင့်။ ခရစ်တော်ကိုသာ ရွေးချယ်လိုက်ပါ။ ထိုအလုပ်က အလိုအလျောက် ပါလာပါလိမ့်မည်။

(၃၀၅) သက်သေခံခြင်းဆိုသည်မှာ အလွယ်တကူမြင်တွေ့နိုင်သော နှုတ်နှင့်ပြောဆိုခြင်းမဟုတ်။ သမ္မာတရား၏မှန်ကန်မှုကို တင်ပြခြင်းဖြစ်ပြီး သူတို့၏အသက်တာ၌

လွှမ်းမိုးနေသော အမှောင်ထုအင်အားနှင့် တိုက်ခိုက်၍သူတို့အား အလင်းထဲသို့ခေါ် လာကာ သမ္မာတရားအားပေးအပ်ခြင်းဖြစ်သည်။

(၃၀၆) ဒဗလျူဒီဒွန်း ဆိုသောဧဝံဂေလိဆရာ တစ်ဦးသည် စကော့တလန်ပြည်၊ လန်ကတ်ရှိုင်းလားပြည်နယ်ရှိ မားသားဝဲလ်ဆိုသောမြို့ကလေး၏ခန်းမကြီး၌ ဧဝံဂေလိ တရားပွဲကြီးကိုကျင်းပလျက်ရှိသည်။ ထိုမြို့ကလေးသည် ဂလပ်စကိုမြို့ကြီးနှင့် ၁၀မိုင်ခန့်အကွာ၌တည်ရှိသည့် စက်မှုမြို့ကလေးဖြစ်သည်။

ထိုကဲ့သို့တရားဟောပွဲ ကျင်းပနေစဉ်ကာလ၌ ဧဝံဂေလိဆရာဒွန်း၏ မိတ်ဆွေဖြစ်သူ မစ္စတာကား(လ်)ဆိုသူမှာ ကား(လ်)စလီမြို့၌သေဆုံးသွားခဲ့ပြီး အသုဘအခန်းအနားတက်ရောက်ရန် ဆရာဒွန်းအားဖိတ်ကြားခဲ့သည်။ ကာစလီမြို့သည် ဂလက်စကိုမြို့နှင့် မိုင်၁၀၀အကွာတွင်ရှိပြီး မားသားဝဲလ်မြို့၏တောင်ဘက် မိုင်၉၀ ခန့်တွင်ရှိသည်။ ထိုမြို့သို့သွားရောက်၍ အသုဘအခန်းအနားတက်ရောက်ရန် စုံစမ်းကြည့်သောအခါ မနက်ပိုင်းအမြန်ရထားနှင့်လိုက်သွား၍ အသုဘအခန်းအနားတက်ရောက်ပြီး ညနေအမြန်ရထားနှင့် ပြန်လိုက်လာလျှင် တရားဟောပွဲမစမီ အချိန်မီ ပြန်ရောက်နိုင်ကြောင်းသိရသည်။ ဆရာဒွန်းသည်ထိုရထားနှင့် လိုက်သွားရန်ဆုံးဖြတ်ချက်ချပြီး ကား(လ်)စလီမြို့သို့သွားရောက်ခဲ့ပါသည်။ အသုဘအခန်းအနားအပြီး ညနေရထားနှင့် မားသားဝဲလ်မြို့သို့ ပြန်ရန်ဘူတာရုံသို့ ပြန်ရောက်လာသောအခါ အနည်းငယ်နောက်ကျသွား၍ ရထားကိုမမီတော့ချေ။ အမြန်ရထားကြီး ထွက်ခွာသွားခဲ့ပြီ။ မားသားဝဲလ်မြို့သို့ပြန်ရန် ရိုးရိုးရထားတစ်စီးနှင့် ဂလပ်စကိုမြို့ကိုသွားမည့်အမြန်ရထားကြီးတစ်စီးသာကျန်တော့သည်။ ရိုးရိုးနှင့်လိုက်လျှင် တရားဟောပွဲကိုလုံးဝမမီနိုင် အမြန်ရထားကြီးမှာမူ ဂလက်စကိုမြို့ကြီးသို့ တိုက်ရိုက်သွားမည်ဖြစ်ပြီး မားသားဝဲလ်မြို့၌ မရပ်ချေ။ ဆရာဒွန်းအခက်တွေ့လေပြီ။ ဘူတာရုံပိုင်ရှင်ထံချဉ်းကပ်၍ အမြန်ရထားကြီးအား ခေတ္တရပ်ခိုင်းပါမည့်အကြောင်း တောင်းပန်ကြည့်သော်လည်းမထူးခြားချေ။ သို့သော်ဘူတာရုံပိုင်ထံမှစကားတစ်ခွန်း ပြောလာသည်မှာ "ခင်ဗျားသာဒီတိုင်းပြည်ရဲ့ ပါလီမန်အမတ်ဆိုရင် အမြန်ရထားကြီးကိုဒီဘူတာမှာရပ်ဘို့ ကျွန်တော်စီစဉ်နိုင်တယ်။" ဆရာဒွန်းသည်ခေတ္တမျှရပ်၍စဉ်းစားပြီးနောက် ဘူတာရုံပိုင်အားပြန်ပြောသည်မှာ "ကျွန်တော်ဟာပါလီမန်အမတ်ထက် အဆင့်မြင့်တဲ့ ဘုရင့်ထံကအမတ်တစ်ဦးဖြစ်ပါတယ်။ ဘုရင့်တကာတို့ရဲ့ဘုရင်ပြောကြားခိုင်းလိုက်တဲ့စကားကို နားထောင်ဘို့လူတစ်ထောင်ကျော်ဟာ မားသားဝဲလ်မြို့

မှာ ကျွန်တော့်ကိုစောင့်နေကြတယ်။ ” သံအမတ် ... ခင်ဗျားဟာသံအမတ်တစ်ဦးဆို ရင်အမြန်ရထားကြီး ဒီမြို့မှာရပ်ဘို့ ကျွန်တော်စီစဉ်လိုက်မယ်။ ဟု ရုံပိုင်မှပြန်ပြော ပါသည်။ ထို့နောက်ဆရာဒွန်းသည် ရထားစောင့်ယင်းနှင့် သြတ္တပစိတ်ထားကြည် လင်လာရန်အတွက် ရုံပိုင်ထံသို့တဖန်သွားပြီး “ကျွန်တော်ဟာသံတမန်တစ်ဦးဖြစ် တယ်ဆိုတာအမှန်ပါဘဲ။ ဒါပေမယ့် ကျွန်တော့်ရဲ့နိုင်ငံဟာဒီကမ္ဘာမြေနဲ့ မသက်ဆိုင် ပါဘူး ” ဟူ၍သူ၏အနေအထားအား ရုံပိုင်ရှင်ထံပွင့်လင်းစွာ ပြောပြခဲ့ပါသည်။ ရုံပိုင်ကြီးမှ ဆရာဒွန်းအားကြည့်ပြီးနောက် “ကျွန်တော်အားလုံးစီစဉ်ပြီးသွားပြီ။ အမြန်ရထားကြီးဟာ ခင်ဗျားအတွက်ဒီဘူတာမှာရပ်ကိုရပ်လိမ့်မယ်။ ” အတိအကျပါ ဘဲဟူ၍သာပြောလိုက်ပါတော့သည်။

မကြာမီမှာပင် ဆိုက်ရောက်လာသော ရထားကြီး၏ အထူးအခန်းတွင် ဆရာဒွန်း ဝင်ရောက်နေရာယူပြီးနောက် ထိုဘူတာမှထွက်ခွါလာပါသည်။ ဧဝံဂေလိ ဆရာ–ဆရာဒွန်း၏အနီးမှလင်မယားနှစ်ဦးမှာ တစ်ဦးကိုတစ်ဦးကြည့်ပြီး ဒီရထား ကြီးက ဂလပ်စကိုရောက်မှရပ်ရမှာ ဘာဖြစ်လို့ဒီမှာရပ်တာလဲ ? ဒို့မကြာခဏဒီရထား စီးနေတာ ဒီဘူတာမှာတစ်ခါမှမရပ်ပါဘူး။ ဆရာဒွန်းက “ ဘာဖြစ်လို့လဲဆိုရင် သံအမတ်တစ်ဦးကြောင့်ဘဲ သူဟာဒီဘူတာကတက်ပြီး မားသားဝဲလ်မှာ ဆင်းလိမ့် မယ်။ ” ထိုလင်မယားမှ “ ဟာ မားသားဝဲလ်မှာလည်း ဒီရထားမရပ်ဘူး။ နောက်ရပ် မယ့်ဘူတာက ဂလပ်စကိုဘဲ။ ” ဆရာဒွန်းက “မဟုတ်ဘူး ... ဒီရထားဟာသံ အမတ်ဆင်းမယ့် မားသာဝဲလ်မှာရပ်ကိုရပ်လိမ့်မယ်။ ” ထိုလင်မယားမှာအံ့သြစွာဖြင့် “ ဘယ်မှာလဲ အဲ့ဒီသံအမတ်ကြီး လာ တို့သွားကြည့်ကြရအောင် ” ဆိုပြီး အခန်းထဲမှ ထွက်ခါ ရထား၏ကော်ရစ်ဒါအတိုင်း အခြားတွဲသို့ကူးသွားကြပါသည်။ ဘုရင်တို့ ၏ဘုရင်ကတော့ သူ၏သံအမတ်အား အမြန်ရထားကြီးဖြင့် မားသားဝဲလ် သို့ ခေါ် ဆောင်သွားပါပြီ။ (၂ ကော ၅း၂၀)

(၁၀၇) လူတစ်ဦး၏ဝိညာဉ်အား ကယ်တင်ခြင်းသို့ ရောက်ရန်ပို့ဆောင်ပြီးနောက် ခံစားရသောဝမ်းမြောက်ခြင်းမှာ နှုတ်ဖြင့်မြွက်ဆို၍ပင် မရလောက်သည်အထိကြီး မြတ်ပါသည်။ သူတပါး၏ဝိညာဉ်အားရရှိသောအခါ၌ ဝိညာဉ်များအားစာနာသနား စိတ်ဖြင့် သူတို့အတွက်အရှိန်ကြီးသော မေတ္တာရှိသူများဖြစ်လာသည်။ လူတစ်ဦး ကယ်တင်ခြင်း ရပြီးနောက်တွင် သင်သည်လူအုပ်ကြီးအား ကယ်တင်လို သောစိတ် ဖြစ်ပေါ်လာပေလိမ့်မည်။

(၁၀၈) နေမဝင်မီအချိန်လေးတွင် တစ်စုံတဦး၏ပြုမူပြောဆိုမှုသည် တစ်စုံတဦး၏ အသက်တာအား ပြောင်းလဲပေးနိုင်ကြောင်းဆင်ခြင်စဉ်းစား၍ ဤကိစ္စအတွက်အတက် နိုင်ဆုံးကြိုးစားအသက်ရှင်ပါ။

(၁၀၉) ဤဘဝ၌အကြီးမြတ်ဆုံးအရာမှာ လူတစ်ဦးအား ခရစ်တော်ထံသို့ပို့ဆောင် ပေးခြင်းဖြစ်သည်။

(၁၁၀) ကျွန်ုပ်တို့အနေဖြင့် ခရစ်တော်အတွက်ဝိညာဉ်များကို ရရှိခြင်းသည် ကျွန်ုပ် တို့သေဆုံးသွားသော်လည်း ဝမ်းမြောက်ခြင်းကို ဆက်လက်ခံစားနေရပါလိမ့်မည်။

(၁၁၁) ရှင်ပြန်ထမြောက်ရာနံနက်ခင်းသည် ခရစ်တော်ပြန်လည်ကြွလာသည်အထိ တိုင်းတာ၍မရနိုင်သည့်အထင်ရှားဆုံး၊ အကြီးကျယ်ဆုံး၊ အကြီးမြတ်ဆုံး ဖြစ်ရပ်အ ဖြစ်တည်ရှိနေပါလိမ့်မည်။

(၁၁၂) ဝိညာဉ်များကိုကယ်တင်ခြင်းဆိုသည်မှာ ကမ္ဘာပေါ်တွင်ကျွန်ုပ်တို့လုပ်ရမည့် အလုပ်တစ်ခုပင်ဖြစ်သည်။

(၁၁၃) အကယ်၍သင်သည် ဧဝံဂေလိမလုပ်ပါက အသက်မရှိသောကျောက်ဖြစ်ရုပ် ကြွင်းဖြစ်သွားနိုင်သည်။

(၁၁၄) သင်၏ဘဝအသက်တာ တစ်လျှောက်လုံး၌ ဝမ်းမြောက်ဖွယ်ရာသတင်း ကောင်းဝေငှသော ဧဝံဂေလိလုပ်ငန်းအတွက် ငိုကြွေးဆုတောင်းအသနားခံပါ။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ နေ့စဉ်ကျင့်ဝတ်သည် သာသနာပြုရန် တာဝန်ဖြစ်သည်။ မဟာအမှုတော်မြတ်ဟုဆိုရာ၌ သတင်းကောင်းပြောကြားဝေငှရန် တာဝန်၊ အ ခွင့်အရေးရယူမှုနှင့်တကွ ဆုတောင်းပေးခြင်း၊ ကြားဝင်ဆောင်ရွက်ေ ပးခြင်းသာမက ကိုယ်ရေးကိုယ်တာကိစ္စ၊ ငွေရေးကြေးရေးအကြောင်းအရာများပါ ပါဝင်ဆက်စပ်လျှက်ရှိသည်။

(၃၁၅) ကောင်းမွန်စွာနေထိုင်အသက်ရှင်ပါမှ သင်၏အသုဘ၌ သင်းအုပ်ဆရာသည် အမှန်တရားကို ပြောကြားနိုင်ပါလိမ့်မည်။

(၃၁၆) လမ်းညွှန်ဆိုင်းဘုတ်သည် မဖြောင့်ဘဲကောက်ကွေးနေပါက အချိန်ကုန်ခံ၍ လမ်းညွှန်ဆိုင်းဘုတ်မှားနေကြောင်းကိုထိုင်ပြောနေခြင်း၊ အဘယ့်ကြောင့်ဤသို့ဖြစ်ရခြင်းများကိုဆင်ခြင်ပေးခြင်းထက် လမ်းညွှန်ဆိုင်းဘုတ်ကိုလမ်းအတိုင်းဖြောင့်မတ်စွာပြနိုင်ရန် ပြန်လည်ပြုပြင်လိုက်ခြင်းက သာ၍ကောင်းပါသည်။

(၃၁၇) အလွန်ဆိုးရွားသောနောက်ခံသမိုင်း ရှိခဲ့သည်ပင်ဖြစ်စေကာမူ လူတိုင်းတွင် အသုံးဝင်သော ကောင်းကွက်များရှိပါသည်။

(၃၁၈) သာသနာပြုဆရာတစ်ဦးသည် ထာဝရကာလနှင့်ဆိုင်သော ဘဝခရီးလမ်းကို လျှောက်လှမ်းရာ၌ ခရစ်တော်မပါသော ခြေလှမ်းများအား အသံထွက်သည့်တိုင် ဆောင့်နင်းလိမ့်မည်မဟုတ်။

(၃၁၉) ကမ္ဘာလောကကြီးနှင့် လောကသားများအားလုံးကို နေ့စဉ်မေတ္တာပြသရန် ကျွန်ုပ်အတွက်ပြဿနာမရှိသော်လည်း ကျွန်ုပ်၏ပြဿနာမှာ ကျွန်ုပ်၏အိမ်နီးနားချင်းပင်ဖြစ်ပါသည်။

(၃၂၀) ပျောက်ဆုံးနေသော ဝိညာဉ်များအတွက် ခရစ်တော်၏ စကားတစ်ခုမှာ " ငါ့ထံသို့လာ " ကယ်တင်ခြင်းရပြီးသော သူများအတွက် ခရစ်တော်၏ စကားတစ်ခွန်းမှာ " ငါ့အတွက်သွား " ဟူ၍ပင်ဖြစ်ပါသည်။

(၃၂၁) " ကျွန်ုပ်ရှိပါတယ် ကျွန်ုပ်ကိုစေလွှတ်တော်မူပါ " ဟူသောစကားအား ယနေ့လူငယ်များစွာက " ကျွန်ုပ်ရှိပါတယ် ကျွန်ုပ်ညီမကိုစေလွှတ်တော်မူပါ " ဟူ၍ ပြောင်းနေကြပါသည်။

(၃၂၂) တစ်ခါကဘုရားကျောင်းတစ်ကျောင်း၌ သာသနာပြုရန်အတွက် အလှူငွေကောက်ခံချိန်တွင် ကြွယ်ဝချမ်းသာသူတစ်ဦးသည် သူ့ရှေ့သို့ရောက်လာသောအလှူ

ငွေအိတ်နှင့် အလှူငွေကောက်ခံသူကိုကြည့်ပြီး ခေါင်းရမ်းခါလျှက် ပြောသည်မှာ "သာသနာအတွက်ဘယ်တော့မှ ငါအလှူငွေမထဲ့ဘူးကွ "ဟူ၍ဖြစ်သည်။ ထိုအခါ အလှူငွေကောက်ခံသူမှလေသံနှင့်ပြန်ပြောသည်မှာ "ဒါဆိုဒီအလှူငွေအိပ်ထဲကပြန်နှိုက်ယူလိုက်ပါ။ ဒီငွေတွေဟာသာသနာပ လူတွေအတွက်ဘဲ "ဟူ၍ပင်တည်း။

(၃၂၃) နိုင်ငံရပ်ခြား သာသနာပြုဆရာများ နိုင်ငံခြားတွင် တရားဟောသောအခါ ထိုဒေသရှိလူများ နားလည်ရန်အတွက် စကားပြန်ဖြင့်တရားဟောရပါသည်။ တောင်အမေရိကတိုက်တွင် အင်္ဂလိပ်သာသနာပြုဆရာ တစ်ဦးသည် ထိုဒေသရှိစကားပြန်တစ်ဦးနှင့် တရားဟောပါသည်။ ထိုစကားပြန်သည် အင်္ဂလိပ်စကားကို ကောင်းစွာနားလည်သော ဒေသခံသင်းအုပ်ဆရာ တစ်ဦးဖြစ်ပါသည်။ သို့သော်သူသည်အင်္ဂလိပ်ဝေါဟာရများ၌ ရှိသောရုပ်ပုံကားချပ်ကဲ့သို့ ရှင်းလင်းစွာသိစေသည့် စကားလုံးများကို နားမလည်ချေ။ သူတို့သည်အောက်ပါအတိုင်းပြောဆိုကြပါသည်။

တရားဟောဆရာ... "ကနေ့ဒီကိုရောက်ရှိလာတဲ့အတွက် ကျွန်တော်ဝမ်းမြောက်မိပါတယ်။ " ဤစကားကိုစကားပြန်မှ ကောင်းစွာပြန်ဆိုနိုင်ပါသည်။

တရားဟောဆရာ... အမှန်တကယ်တော့ ကျွန်တော်ဒီကိုရောက်လာရတာဟာ သေခြင်းတရားကို ဖျက်ဆီးဖို့ပါဘဲ (Tickled to death) စကားကို ပြန်ဆိုရာမှာမူ စကားပြန်အတွက်ခက်ခဲလှပါသည်။ သူပြန်ပြောလိုက်သည်မှာ လူအပေါင်းတို့ ညှော်သည်ကပြောနေတယ်သူဟာသေတဲ့အထိ သူ့ကိုယ်သူ ကုတ်နေတယ် ဟူ၍ဖြစ်ပါသတည်း (Tickle)..ယားယံခြင်း၊ မခိုင်မြဲအောင်လုပ်ခြင်း)။

(၃၂၄) အကယ်၍ဘုရားသခင်သည် သူ၏စကားကိုကျွန်ုပ်တို့အား ပြောခိုင်းသောအခါကျွန်ုပ်တို့သည် လောကီရှင်ဘုရင်များရှေ့၌ ခေါင်းငုံ့၍ခါးညွှတ်နေရန်မလိုချေ။

(၃၂၅) အချို့သောခရစ်ယာန်များတို့သည် ခရစ်တော်နှင့်ပက်သက်၍ ၅ဆင့်မြောက်ကူးထားသော မိတ္တူစက္ကူနှင့်တူပါသည်။ အမှန်တကယ်ပင်စက္ကူပေါ်၌ ရှိသော ခရစ်တော်၏ပုံရိပ်သည် အရောင်မှိန်၍မသဲကွဲတော့ချေ။

(၃၂၆) ဘဝတွင်အမှားများကြုံဘူးသော သူများထံမှသာလျှင် အကောင်းဆုံးအကြံပေးမှုများရနိုင်သည်။

(၃၂၇) အကယ်၍လူအများကသင့်အား “ခင်ဗျားသာခရစ်ယာန်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ”ဟူ၍အစချီသောစကားမျိုးသည် သင့်အတွက်မသင့်လျော်ပါ။

(၃၂၈) ဝီလျံဂလက်စတုန်းဆိုသူသည် ဗြိတိသျှနိုင်ငံရေးလောကတွင် နာမည်ကြီး ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၁၈၀၀ပြည့်နှစ်များတွင် နိုင်ငံတော်ဝန်ကြီးချုပ် ၃ကြိမ် ရွေးကောက်ခြင်းခံရသူဖြစ်သည်။ သူသည်နာမည်ကြီး ခရစ်ယာန်တစ်ဦးလည်းဖြစ်၍ နေ့စဉ်ပါလီမန်အဆောက်အဦး သို့လာရောက်ရာ၌ လှေကားထစ်များတွင် သတင်းစာရောင်းသည့်ကလေးများကို ယေရှုခရစ်တော်၏ မေတ္တာကြီးမားပုံအား သက်သေခံဝေငှလေ့ရှိသည်။ တစ်ရက်သူနှင့် သူ့အတွင်းရေးမှူးတို့ လှေကားများအတိုင်းတက်လာရာ ကလေးငယ်တစ်ဦးက သူတို့နှစ်ဦးအားပြောသည်မှာ “မစ္စတာဂလက်စတုန်း ခင်ဗျားကိုနေ့စဉ်သတင်းစာရောင်းနေတဲ့ကလေးလေ မနေ့ကသူ သတင်းစာပို့ဖို့ ပြေးလွှားယင်းနဲ့ ယာဉ်တိုက်မှုဖြစ်ပြီး ဒဏ်ရာပြင်းထန်စွာရသွားတယ်။ အခုသူသေတော့မယ်ထင်တယ်။ သူကခင်ဗျားကိုသူ့ဆီလာစေချင်တယ်။ သူ့ကိုပို့ပေးဖို့ပြောနေတယ်။ သူအဲ့ဒီကိုသွားချင်တယ်လို့ပြောနေတယ် ”ဝန်ကြီးချုပ်က “ဘယ်လို... ဘယ်ကိုသွားချင်တာလဲ? ဘယ်ကိုပို့ပေးရမှာလဲ? ”ကလေးငယ်မှ “ကောင်းကင်ဘုံကိုလေ ” ဟူ၍ပြန်ဖြေပါသည်။ ဝန်ကြီးချုပ်၏အတွင်းရေးမှူး အမျိုးသမီးမှ ပြင်းထန်စွာကန့်ကွက်လာသည်မှာ “မသွားရဘူး .. မသွားရဘူး ဝန်ကြီးချုပ် ရှင်သိတယ်မဟုတ်လား? ကနေ့သိပ်အရေးကြီးတဲ့ မိန့်ခွန်းပြောဘို့ရှိတယ် ဒီစကားဟာဗြိတိသျှသမိုင်းကိုပြောင်းလဲပြစ်နိုင်တယ်။ ဒီကလေးဆီကိုသွားဘို့ ရှင့်မှာအချိန်မရှိဘူး ”ဝန်ကြီးချုပ် ဂလက်စတုန်းသည် ခေတ္တမျှစဉ်းစားလိုက်ပြီးနောက် “ပါလီမန်မှာပြောရမဲ့ငါ့ရဲ့ မိန့်ခွန်းထက် ထာဝရခရီးသွားရမဲ့ဝိညာဉ်က သာ၍တန်ဘိုးရှိတယ် ”ဟုပြောဆိုပြီး သေတော့မည့်ကလေးရှိရာ ဂိုထောင်ထဲသို့ သွားရောက်ကာ ခရစ်တော်အားလက်ခံစေခဲ့ပြီး ဆုတောင်းပေးခဲ့ပါသည်။ ထို့နောက်နှစ်နာရီခန့်မျှကြာမှ လွှတ်တော်ကိုပြန်ရောက်လာပါသည်။ သူရောက်လာသောအခါ စည်းဝေးခန်းမကြီးထဲတွင် ပြင်းထန်စွာငြင်းခုံဆွေးနွေးနေကြပါသည်။ သူမိန့်ခွန်းပြောရမည့်အချိန်အတိအကျပင် ပြန်လည်ရောက်ရှိလာခြင်းဖြစ်ပါသည်။နောက်ဆုံးတွင်ကောင်းမွန်စွာ မိန့်ခွန်းပြောဆိုပြီး သူ့ဘက်ကပင်အနိုင်ရရှိခဲ့ပါသည်။ သူ၏အတွင်းရေးမှူးက “ဆရာ .. အင်မတန်အရေးကြီးတဲ့ မိန့်ခွန်းကိုတောင် ဆုံးရှုံးလုနီးပါးပါဘဲ။ ဒီကလေးငယ်ကို ဘာလို့ဒီ

လောက်တောင် တန်ဘိုးထားနိုင်ရတာလဲ? ကျွန်မတော့နားမလည်တော့ပါဘူး ” ဟူ၍ပြောဆိုလျက် အံ့ဩနေပါတော့သည်။ ဂလက်စတုန်းက “ ဒီကနေ့မိန့်ခွန်းက သိပ်အရေးကြီးတယ်ဆိုတာမှန်ပါတယ်။ ဒါပေမဲ့ဒီကလေးကောင်းကင်ဘုံရောက်ဖို့က ပိုပြီးအရေးကြီးတယ်။ ဒီကလေးရဲ့ဝိညာဉ်က ဒီတိုင်းပြည်ထက်သာ၍ တန်ဘိုးကြီး တယ်” ဟူသတည်း။

(၃၂၉) လွန်ခဲ့သောနှစ်ပေါင်း ၆၀ခန့် ... ကျွန်ုပ်ငယ်စဉ်ကလေးဘဝမှာ ကျွန်ုပ်၏ မိခင်ဖြစ်သူမှ ကျွန်ုပ်အားဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို ပြောပြခဲ့ပါသည်။ ထို ဇာတ်လမ်းမှာ စီးပွားရေးသမားသူဌေးကြီးနှင့် တော်မီဆိုသောကလေးငယ်အား ကျွန်ုပ်၏မိခင်ကိုယ်တိုင် သိကျွမ်းခဲ့ပါသည်။ တော်မီမှာအရိုးပျော့ရောဂါကြောင့် ကိုယ်အင်္ဂါ မသန်စွမ်းသော ကလေးငယ်တစ်ဦးဖြစ်ပြီး ဖီလာဒဲဖီးယားမြို့ရှိ သုံးထပ်တိုက် အဟောင်း ကြီး၏ ပြူတင်းပေါက်အနီး ကောက်ရိုးမွေ့ယာလေးခင်းကာ အလွန်လူစည်ကားသည့် ဖီလာဒဲဖီးယားမြို့၏ လမ်းမကြီးကို အပေါ်မှနေ၍ အကူအညီကင်းမဲ့စွာ နေ့စဉ်ငေးမော ကြည့်ရှုနေရသူ တစ်ဦးဖြစ်သည်။ တစ်ရက် တော်မီသည်သူ၏သူငယ်ချင်းတစ်ဦးအား “ နေရာအနှံ့သို့သွားရောက်ပြီး လူတိုင်းကိုကူညီသည့် လူတစ်ဦး၏ အကြောင်းကို ရေးသားထားသည့် စာအုပ်ဖတ်ချင်ကြောင်း ထိုစာအုပ်ကိုသွားရောက်ဝယ်ပေးပါရန် အကူအညီတောင်းလာပါသည်။ သူ၏သူငယ်ချင်းမှ စာအုပ်ဆိုင်တစ်ဆိုင်ပြီးတစ် ဆိုင် သွားကာ ခေါင်းစဉ်မသိသည့် (နေရာတိုင်းကိုသွားကာ လူတိုင်းကိုကူညီသည့် လူတစ်ဦး အကြောင်းရေးထားသည့်) စာအုပ်ကိုလိုက်ရှာရပါတော့သည်။နေရာအနှံ့ ခြေတိုအောင်လိုက်ရှာပြီးမှ စာအုပ်ဆိုင်ရှင်တစ်ဦးထံမှ “ သမ္မာကျမ်းစာထဲက ယေရှု အကြောင်း ”ဆိုရင်တော့ ဖြစ်နိုင်တယ်ဟုဆိုပြီး ဓမ္မသစ်ကျမ်းစာအုပ်တစ်အုပ်ရောင်း ပေးလိုက်ပါသည်။ သူသည်လည်း တော်မီ၏အခန်းသို့အမြန်ပြန်သွားကာ ထိုစာအုပ် ကိုစတင်ဖတ်ရှုကြပါတော့သည်။

တော်မီသည်သူဖတ်ရှုရသော ဓမ္မသစ်ကျမ်းမှ ဘုရားသခင်၏နှုတ်ကပတ် တော်စကားများအားဖြင့် ကယ်တင်ခြင်းရသွားပြီး အသက်တာပြောင်းလဲသွားခဲ့ပါ သည်။ သူသည်လည်းနေရာအနှံ့သို့ သခင်ယေရှုကဲ့သို့သွားရောက်ကာ ကောင်းသော အမှုများကိုပြုချင်ပါသည်။ သို့သော်သူသည် မသန်မစွမ်းဖြစ်၍ စုတ်ချာမှေးမှိန်လှ သည့် အခန်းကျဉ်းလေးထဲမှ မည်သည့်နေရာသို့မသွားရောက်နိုင်ချေ။ သူ့အနေဖြင့် ဆုတောင်းရုံသာရှိသည်။ သခင်ယေရှုဘုရားသည်လည်း သူ့ကိုကူညီ၍လုပ်ငန်းတစ်

ခုကို စတင်ဆောင်ရွက်စေပါသည်။တော်မီသည်သေးငယ်သော စက္ကူရွက်ကလေး ပေါ်တွင် သမ္မာကျမ်းစာ စာအုပ်ထဲမှ ကျမ်းပိုဒ်များကို သူ၏လက်ဖြင့် စတင်ကူးရေး ပါတော့သည်။ အရိုးပျော့ရောဂါကြောင့် စာကူးရေးရခြင်းသည် မိနစ်ပေါင်းများစွာ ကြာပြီး တော်မီသည်လည်း အလွန်နာကျင်သော ဝေဒနာကိုခံစားရပါသည်။ ထို့ နောက်သူသည် ထိုစာရွက်ကလေးကို သူ၏ပြူတင်းပေါက်မှတစ်ဆင့် အောက်သို့ပစ် ချလိုက်ပါသည်။ စာရွက်ကလေးသည်လည်း လေထဲတွင်ဝဲပျံကာ အလွန်အလုပ်ရှုပ် နေသည့် လမ်းမများပေါ်သို့ကျလာပါသည်။ ဤသို့ဖြင့် တော်မီ၏ရိုးရှင်းလှသည့် သာသနာလုပ်ငန်း စတင်ခဲ့ပါသည်။ သူ၏ပြူတင်း ပေါက်မှကျလာသည့် ကျမ်း စာပိုဒ် စာရွက်ကလေးများကို ကောက်ယူဖတ်ရှုရသော လူတို့သည်အချို့စိတ်သက် သာရာ ရသွားကြသည်။ အချို့အကူအညီ ရသွားကြသည်။ အချို့ခွန်အားရသွားကြ ပြီး နောက်ဆုံးကယ်တင်ခြင်းရ၍ အသက်တာပြောင်းလဲသွားသည့် သူများပင် ရှိပါ သည်။

တစ်ရက် အင်မတန်ကြွယ်ဝချမ်းသာသော သူဌေးကြီးတစ်ဦးသည် တော်မီ ရေးထားသောကျမ်းပိုဒ်စာရွက်ကလေးကို ကောက်ယူဖတ်ရှုပြီး အံ့ဩဖွယ်ရာ အသက် တာ ပြောင်းလဲသွားခဲ့ပါသည်။ မကြာမီသူသည် စာရွက်ကောက်ရခဲ့သောနေရာသို့ ပြန်ရောက်လာခဲ့ပြီး ရပ်ကြည့်နေခိုက် စာရွက်ကလေးတစ်ရွက် အပေါ်မှကျလာသည် ကိုတွေ့ရကာ ထိုစာရွက်ကလေးကို ကောက်ယူဖတ်ရှုသော အဖွားကြီး၏မျက်နှာ ဝင်းလက်တောက်ပသွား၍ ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ဆက်လက်ထွက်ခွာသွား သည်ကို တွေ့ရပါသည်။ သူဌေးကြီးသည်လည်း စက္ကူစကလေးကျလာရခြင်း၏ အရင်းအမြစ်ကို ရှာဖွေရန်စိတ်ဆုံးဖြတ်လိုက်ပြီး ထိုနေရာမှနေ၍ အပေါ်သို့သာ ကြည့်ရှုနေပါတော့သည်။ တော်မီအတွက် ကျမ်းစာပိုဒ်ကူးရေးရခြင်းသည် မလွယ် ကူပါ။ အရိုးပျော့ရောဂါကြောင့် နာကျင်ခြင်းဝေဒနာဖြင့်ကြာမြင့်စွာ အချိန်ယူရပါ သည်။ သူဌေးကြီးမှာမူ ဖွဲ့ကောင်းစွာဖြင့် ဆက်လက်စောင့်ကြည့်နေစဉ် သုံးထပ် တိုက်၏ ပြူတင်းပေါက်တစ်ပေါက်မှ သေးကွေးကြုံလှီသော လက်ကလေးတစ် ဖက်ထွက်လာ၍ စာရွက်ကလေးတစ်ရွက်ကို လမ်းပေါ်သို့ပစ်ချလိုက်သည်ကို တွေ့ လိုက်ရပါသည်။ သူဌေးကြီးသည် ထိုပြူတင်းပေါက်၏ တည်နေရာကိုသေချာ စွာ မှတ်သားပြီး ညစ်ပတ်ပေရေနေသော လှေကားထစ်များအတိုင်း အပေါ်သို့ တက်လာပါသည်။ နောက်ဆုံးတွင် လမ်းဘေးဇဝ်ဂေလိဆရာ တော်မီ၏စုတ်ချာ ညံ့ဖျင်းလှသည့် အခန်းလေးထဲသို့ရောက်ရှိလာပါတော့သည်။

သူတို့နှစ်ဦးသည်လျှင်မြန်စွာပင် မိတ်ဆွေဖြစ်သွားခဲ့ကြပါတော့သည်။ သူဌေးကြီးသည် တော်မီလိုအပ်သောအရာများ အားလုံးကိုဖြည့်ဆည်းပေးပြီး သောက်သုံးရန်လိုအပ်သော ဆေးဝါးများကိုလည်းဝယ်ယူပေးပါသည်။ ထို့နောက် မြို့ဆင်ခြေဖုံးရှိ အင်မတန်ကြီးကျယ်လှသည့် နေချင်စဖွယ်ကောင်းသော သူ၏ အိမ်ကြီး၌ သူနှင့်အတူလိုက်နေရန် တော်မီအားဖိတ်ခေါ်ခဲ့ပါသည်။ သို့သော် တော်မီ၏ အဖြေကိုကြားသောအခါ သူအံ့အားသင့်သွားပါသည်။ တောမီက " သခင်ယေရှုကို ကျွန်တော်အရင်မေးကြည့်ရအုံးမယ် " ဟုပြန်ဖြေခဲ့ခြင်းဖြစ်သည်။ နောက်တစ်ရက်တွင် တော်မီ၏တုံ့ပြန်မှုကို သိချင်ဇောဖြင့် ပြန်ရောက်သွားသော အခါ ထူးထူးခြားခြားပင် တော်မီကထပ်မေးခဲ့သည်။ " ခင်ဗျားရဲ့အိမ်က ဘယ်မှာရှိတယ်လို့ခင်ဗျားပြောသလဲ။ ထပ်ပြောပါအုံး။ "သူဌေးကြီးက " အိုး ငါ့အိမ်က မြို့အပြင်ဘက်မှာ အင်မတန်ကြီးကျယ်လှပတဲ့အခြေအနေ၊ အဆင့်အတန်းရှိတဲ့ အိမ်ကြီးပေါ့။ မင်းအတွက်သိပ်ကောင်းသိပ်လှပြီး ဖိမ်ရှိတဲ့အိပ်ခန်းကြီးတစ်ခန်းရှိမယ်။အဲ့ဒီမှာ မင်းလိုချင်တာအားလုံးရစေရမယ်။ ငါ့ရဲ့ငါ့ဇနီးသည်ကလည်း မင်းကို ငါတို့ရဲ့သားအရင်းလိုချစ်မယ်။ "တော်မီက တွန့်ဆုတ်တွန့်ဆုတ်ဖြင့် ပြန်မေးသည်မှာ " ကျွန်တော့်ရဲ့အခန်းပြူတင်းပေါက်အောက်မှာ လူတွေဖြတ်သွားနေကြမလား။" သူဌေးကြီးအခက်တွေ့လေပြီ။ " ဘာ့ကြောင့်လဲ။ အင်း–ဟို–ဥယျာဉ်မှူးတွေ– အခါ အားလျော်စွာ သွားလာနေတဲ့အလုပ်သမားတွေ ရှိမှာပေါ့။ "

အချိန်တော်တော်ကြာကြာ တိတ်ဆိတ်သွားပြီးနောက် တော်မီသည် သူ၏မိတ်ဆွေအား ထိခိုက်နာကျင်စေမည့် စကားကိုဝမ်းနည်းစွာဖြင့် မျက်ရည်ကျလျက် ပြောခဲ့ပါသည်။ " ကျွန်တော်ဝမ်းနည်းပါတယ်–ဆရာ–ဒါပေမဲ့ကျွန်တော့် အခန်းပြူတင်းပေါက်အောက်မှာ လူတွေသွားလာမှုမရှိဘူးဆိုရင် ကျွန်တော်ဘယ်နေရာကိုမှမပြောင်းနိုင်ပါဘူး။ " ဤစကားကို သူသည်ခိုင်မာစွာ ဆုံးဖြတ်ပြီးမှ ပြောခဲ့သောကြောင့် တည်ငြိမ်လှပါသည်။

ဤဖြစ်ရပ်တွင် အကူအညီမဲ့နေသောသူ၊ လူအများနှင့်သီးခြားဖြစ်နေသောသူ တစ်ဦးအနေဖြင့် ဘယ်အရာကိုမျှမလုပ်နိုင်ဟု သင်ထင်မိပါလိမ့်မည်။ တော်မီအနေဖြင့် မည်သူ့ကိုမှအကူအညီပေးနိုင်မည်မဟုတ်။ သာသနာပြုနိုင်မည်မဟုတ်ဟု ယူဆရပါသည်။ သို့သော်–ချစ်ခြင်းမေတ္တာ၌နည်းလမ်းရှိပါသည်။ ချစ်ခြင်းမေတ္တာသည် သာသနာပြုရန်၊ သူတစ်ပါးကို ကူညီရန်နည်းလမ်းကို ရှာဖွေပါ သည်။

ဤအကြောင်းကိုကြားပြီးနောက် ကျွန်တော့်အောက်၌ သွားလာလှုပ်ရှားနေကြ

သောလူအပေါင်းတို့သည် ဘုရားသခင်၏ မေတ္တာတော်ကို ကျွန်ုပ်မှတစ်ဆင့်ခံစားနိုင်ဘို့ရန် ကျွန်ုပ်၏စိတ်နှလုံးပြူတင်းပေါက်ကို ဖွင့်ရန်လိုပါသည်။ ဘုရားသခင်က ဖွင့်ပေးမှသာလျှင် သူတစ်ပါးကို ကျွန်ုပ်သက်သေခံနိုင်ပါလိမ့်မည်။ အကယ်၍သင်နှင့်ကျွန်ုပ်ဆန္ဒရှိပါက မည်သည့်အခြေအနေ၊ မည်သည့်ကန့်သတ်မှုများရှိနေပါစေ၊ ဘုရားသခင်တတ်နိုင်ပါသည်။

(၃၃၀) လွန်ခဲ့သောနှစ်ပေါင်း နှစ်ရာကျော်က ဥရောပအရှေ့တောင်ပိုင်းတွင် ပြင်းထန်သောစစ်ပွဲကြီးပေါ်ပေါက်ခဲ့ပါသည်။ ဘာသာရေးစစ်ပွဲကြီးဟု အတိအကျပြော၍ မရသော်လည်းတစ်ဖက်မှ တူရကီလူမျိုးများသည် မူစလင်များဖြစ်ကြပြီး အခြားတစ်ဖက်မှာ ခရစ်ယာန်များဖြစ်ပါသည်။ စစ်ပွဲ၏ပထမပိုင်းတွင် မူစလင်များက အနိုင်ရနေပြီး ခရစ်ယာန်စစ်သားတစ်ယောက်ကို သုံ့ပန်းအဖြစ်ဖမ်းမိခဲ့ပြီး ထိုသုံ့ပန်းကို တူရကီအရာရှိတစ်ဦးမှ ရက်စက်ကြမ်းကြုတ်စွာ အစွမ်းကုန်နှိပ်စက်ခဲ့ပါသည်။ မကြာမီမှာပင် စစ်ပွဲ၏အခြေအနေသည် ပြောင်းလဲသွားပြီး ခရစ်ယာန်များဘက်မှ ပြန်လည်အနိုင်ရကာ ထိုတူရကီအရာရှိမှာလည်း ရန်သူများ၏ ဖမ်းဆီးခြင်း ခံခဲ့ရပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် သူ့ကိုဖမ်းဆီး၍ စစ်ဆေးမည့်သူမှာ သူညှင်းပန်းနှိပ်စက်ခဲ့သော ခရစ်ယာန်စစ်သားပင်ဖြစ်နေပါသည်။ သို့သော်ထိုစစ်သားမှာ သူ့ကိုလက်စားမချေဘဲ ခွင့်လွှတ်ကာသူနှင့် ငြိမ်းချမ်းရေးရယူခဲ့ပါသည်။ တူရကီအရာရှိမှာ လွန်စွာအံ့အားသင့်သွားပြီး နောက်ဆုံးသူပြောခဲ့သည်မှာ “ ဘာသာရေးခွဲခြားမှုတွေကျွန်တော့်မှာမရှိတော့ပါဘူး ဒါပေမဲ့မိမိကို ထိခိုက်နစ်နာစေခဲ့တဲ့ ရန်သူကိုပင်လျှင် ခွင့်လွှတ်နိုင်တဲ့ ခရစ်တော်ရဲ့မေတ္တာကြောင့် ကျွန်တော်သေရင် မူစလင်တစ်ယောက်အနေနဲ့မသေချင်ဘူး။ ခရစ်ယာန်တစ်ယောက်အနေနဲ့သေချင်တယ်။ ”

(၃၃၁) ခရစ်ယာန်ဆိုသည်မှာ ပြူတင်းပေါက်မှန်နှင့်တူပါသည်။ ညစ်ပတ်နေသောအခါမိမိကိုယ်မိမိပြန်မြင်ရပြီး သန့်ရှင်းကြည်လင်နေသောအခါ တစ်ဖက်တွင်ရှိသောသူကို(ဘုရားသခင်) ထင်ရှားစွာတွေ့မြင်ရပါသည်။

(၃၃၂) သာသနာပြုဆိုသည်မှာ ဘုရားသခင်၏ သံတမန်တစ်ဦးဖြစ်ပြီး အထူးတာဝန်ဖြင့်အထူးဒေသသို့ စေလွှတ်ခြင်းခံရသူတစ်ဦးဖြစ်သည်။

(၃၃၃) သာသနာပြုဆိုသည်မှာ ဘုရားသခင်၏ ဘုန်းတော်ဂုဏ်တော်အတွက် ဘုရားသခင် ထားသောနေရာတွင် ဘုရားသခင်၏အလုပ်အား ဘုရားသခင်၏နည်းလမ်းဖြင့် ဆောင်ရွက်ရသော ဘုရားသခင်၏လူဖြစ်သည်။

(၃၃၄) အကယ်၍သာကျွန်ုပ်သည် ဖယောင်းတိုင်လေးတစ်တိုင် ဖြစ်ခဲ့ပါက အလင်းရောင်များ တောက်ပထွန်းလင်းသောနေရာထက် အမှောင်ထုကြီးစိုးလျှက်ရှိသော နေရာတွင်သာမီးစာကုန်ခမ်းသည့်တိုင်အောင် ထွန်းလင်းလျှက်ရှိချင်ပါသည်။

(၃၃၅) “ မည်သူရဲ့တရားဟောချက်ကိုကြားလို့ ခရစ်တော်ထံရောက်ရှိခဲ့ရတာလဲ။ ” ဟုခရစ်ယာန် အမျိုးသမီးငယ်တစ်ဦးအား မေးကြည့်သောအခါ သူမမှပြန်ဖြေခဲ့သည်မှာ “ ဘယ်သူ့တရားဟောလို့မှ မဟုတ်ပါဘူး။ အန်တီမေရီရဲ့အသက်ရှင်မှုနဲ့ သူ့ရဲ့လှုပ်ရှားသွားလာဆောင်ရွက်မှုတွေကို ကြည့်ပြီး အသက်တာပြောင်းလဲလာခဲ့တာပါ ” ဟူသတည်း။